www.burmeseclassic.com

ချမ်းမြေ့သရဖီလိုင်စီစဉ်သည်

# မင်းသွေးသစ္စာ

## တာတောကြီး



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် ငွေရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# မင်းရွှေလှသစ္စာ

# တာတေကြီး

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် [ ၅၀၀၅၀၄၀၆၀၄ ]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ၅၀၀၉၆၇၀၆၀၈ ]

□

ပုံနှိပ်ခြင်း
ပထမအကြိမ် အုပ်ရေ (၅၁၀)

□

ထုတ်ဝေသည့်လ
အောက်တိုဘာလ ၂၀၀၆

□

မျက်နှာဖုံးနှင့်အတွင်းစာသား ပုံနှိပ်သူ
ဦးကျော်လှိုင် (၅၅၇၃) စေတနာအော့ဖ်ဆက်
အမှတ် (၅၉)၊ ၁၉ လမ်း၊ ရန်ကုန်။

□

ထုတ်ဝေသူ
ဒေါ်ခင်ခင်စိန် (၀၁၈၁၉) ရှုစ်မင်းလွှံစာပေ
အမှတ် (၄၃)၊ မလိခလမ်း (၇) မိုင်၊ မရမ်းကုန်း၊ ရန်ကုန်။

□

ကွန်ပျူတာ
ပန်းအိစံ

□

မျက်နှာဖုံးပန်းချီ
ကိုသိန်းဇော်

□

တန်ဖိုး
၃၁ ကျပ်

BURMESE CLASSIC .com

## စာရေးဆရာ မင်းသွေးသစ္စာ

၏

## ဆက်လက်ထွက်ရှိမည့်စာအုပ်များ

- □ ပုလဲရွာသူ မမိုးမြူ
- □ ဆယ်သန်းပဏ္ဏမြား အရှုပ်တော်ပုံ
- □ အောင်တော်မူ
- □ ကိုးနဝင်း
- □ ဓာမဂီ

www.burmeseclassic.com

နောက်လထွက်ရှိမည့်စာအုပ်

# မင်းသွေးသစ္စာ

## အယ်ဒီသိန်းပတ္တမြားအရှုပ်တော်ပုံ

"ဟောဒီမှာ ကျည်ဆံအသင့်ဖြည့်ပြီးသား သေနတ်၊ မောင်းကိုလည်း

တင်ထားတယ်၊ ကျုပ်နဖူးတည့်တည့်မှာ ပြောင်းဝကိုထားပါ...

မင်းရဲ့ လှပနုနယ်တဲ့ လက်ချောင်းကလေးကို ခလုတ်ပေါ်တင်ပြီး နည်းနည်းကလေး

ဖိနှိပ်လိုက်တာနဲ့ မင်းအမုန်းဆုံးလူတစ်ယောက်ဟာ ဒီကမ္ဘာကြီးထဲက

စက္ကန့်ပိုင်းအတွင်း ပျောက်ကွယ်သွားလိမ့်မယ်...

ကျုပ်မသေခင် တစ်ခုတော့ တောင်းဆိုချင်တယ် မြတ်ကြာသို့။

ဒီအခါက ကျုပ်ဘဝမှာ အနှစ်နှစ်အလလက သိမ်းဆည်းထားခဲ့တဲ့

မြတ်ကြာသို့ရဲ့ ဓာတ်ပုံတိုင်းဆုံး ပန်းသည်ကလေးတစ်ခုကို ကျုပ်ပေးခဲ့ပါရစေ။

မင်းလက်ခံလိမ့်မယ်လို့ ထင်ပါတယ်"

## နိဒါန်း

ထိုနေရာကလေးကို လူတစ်ဦးတစ်ယောက်သည် သာယာခြင်း အေးချမ်းဆိတ်ငြိမ်ခြင်းတို့ဖြင့် အတိပြီးအောင် ဖြူလုပ်ဖန်တီးထား၏။

ထိုနေရာတွင် ဂငယ်ပုံသဏ္ဌာန်ကွေ့ဝိုက်စီးဆင်းနေသော စမ်းချောင်းကလေးရှိ၏။ ထိုစမ်းချောင်းကလေးသည် မလှမ်းမကမ်းတွင်စီးဆင်းနေသော ချောင်းမကြီးမှ သွယ်၍ဖောက်လုပ်ထားခြင်းသာဖြစ်၏။



စမ်းချောင်းကလေး၏ အတွင်းဘက်အနားသတ်တစ်လျှောက်ကိုညီညာစွာပိုင်းဖြတ်ထားသည့် ကျောက်ဖြူတုံးများဖြင့်စီ၍ လှသွားလမ်းကလေးပြုလုပ်ထား၏။

အတွင်းဘက် ကျွန်းကလေးလို တည်ရှိနေသောကုန်းမြေမှ စမ်းချောင်းထဲသို့ ထိုး၍ထွက်နေသော ဆေးဖြူသုတ် သစ်သားတံတားကလေးလည်းရှိ၏။

တံတားဖြူကလေးသည် တစ်ဘက်ကမ်းသို့ မရောက်ပဲ တစ်ဝက်တစ်ပျက်သာရှိ၏။ တံတားဖြူထက်မှတိုင်တစ်တိုင်တွင် ကြေးဝါပြား၌

*"မရောက်နိုင်တော့တဲ့လမ်းအတွက် ဒီတံတားဖြူကလေးရဲ့ တစ်ဝက်တစ်ပျက်ပုံသဏ္ဌာန်က အဓိပ္ပါယ်ပြည့်ဝတဲ့ သင်္ကေတတစ်ခုပါပဲ"*

ဟူ၍ရေးထိုးထား၏။

ကုန်းမြေထက်တွင် အမိုးချွန် သစ်သားအိမ်ငယ်ကလေးရှိကာ၊ ပတ်လည်တွင် နှင်းဆီရိုင်းပင်များနှင့် ဖုံးလွှမ်းနေ၏။ နှင်းဆီရိုင်းတို့က ဖူးပြင်မှုကင်းမဲ့သော်လည်း အဖူး၊ အပွင့်တို့ဖြင့် သန်စွမ်းဝေဆာနေမြဲဖြစ်၏။

ထိုနေရာ၏ အရှင်သခင်ကမူ နှင်းဆီရိုင်းတို့ကို သဘာဝတရား

www.burmeseclassic.com



နှင့်အညီဖြစ်ပေါ်နေသော အရှိန်းဆန်ခြင်း၊ လှပသိမ်မွေ့မှုထဲမှ ထက်မြက်ခြင်းဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားပြန်၏။

ထိုနေရာ၏အရှင်သခင်သည် "ကျော်ခေါင်" ဟူသော လူရွယ်တစ်ယောက်သာဖြစ်၏။

ထိုနေရာသည် အနောက်ရိုးမတောင် ခြေတစ်နေရာတွင်ရှိကာ အရပ်လေးမျက်နှာတွင် ထူထပ်သိပ်သည်းစွာ ပေါက်ရောက်နေသော သစ်တောအုပ်တို့ဖြင့် ဝန်းရံထား၏။

ထိုနေရာနှင့်အနီးဆုံးဟူသော ကရင်ရွာကလေးတစ်ရွာသည်ပင် (၁၅)မိုင်မျှ ဝေးကွာ၏။

ကျော်ခေါင်ဟူသော လူရွယ်ထံသို့ ကရင်ရွာကလေးမှ မုဆိုးကြီးတစ်ယောက်သည် တစ်လလျှင်တစ်ကြိမ်မှန်မှန်လာရောက်လေ့ရှိ၏။

မုဆိုးကြီးနှင့်အတူ တစ်လစာ ရိက္ခာများလည်းပါလာလေ့ရှိ၏။ ကျော်ခေါင်က ထိုအတွက် မုဆိုးကြီးအား ထိုက်သင့်သည့်ငွေကြေးထက်ပို၍ပေးလေ၏။

ကျော်ခေါင်အတွက်လည်း အပြင်လောကနှင့်အဆက်အသွယ်ဟူ၍ မုဆိုးကြီးသာလျှင်ရှိ၏။

မုဆိုးကြီးကိုယ်တိုင်ကလည်း ကျော်ခေါင်အား တောခေါင်





ခေါင်ထဲ၌ တစ်ကိုယ်တည်းနေထိုင်သည်မှအပ ပို၍သိရှိသူမဟုတ်ချေ။

သို့သော် မုဆိုးကြီးမှာ စပ်စုတတ်သူမဟုတ်လေရာ ကျော်ခေါင်ကို ဘာမျှမေးမြန်းခြင်းမပြုဘဲ အခွင့်သင့်သလိုသာ အကဲခတ်လျက်ရှိလေ၏။

မုဆိုးကြီးသည် ကျော်ခေါင်နှင့် တောနက်တစ်နေရာ၌ မထင်မှတ်ဘဲတွေ့ဆုံခဲ့ခြင်းဖြစ်၏။ ထိုအချိန်က မုဆိုးကြီးမှာ အမဲပစ်ထွက်လာရာ ဓားတောတစ်ခုအတွင်းမှ ဖြတ်သန်းမည်ပြုစဉ် လူတစ်ယောက်က

*"ခင်ဗျားဟာ ကရင်လူမျိုး မုဆိုးကြီးတစ်ယောက်ထင်တယ်၊ ပြီးတော့ ဟောဒီလမ်းအတိုင်း ဝါးတောကို ဖြတ်သန်းသွားဦးမယ်မဟုတ်လား၊ ဖြတ်နိုင်ရင် ဒီခြားလမ်းက ရှောင်ကွင်းသွားဖို့ မေတ္တာရပ်ခံပါတယ်ဗျာ"*

ဟု ဟန့်တားသံပေါ်ထွက်လာ၏။

ထိုသူမှာ မုဆိုးကြီးပင် ရုတ်တရက်သတိမထားမိချေ။ အသံထွက်ပေါ်လာမှသာ လှမ်း၍ကြည့်ရှုမိ၏။ ထိုသူမှာ လူရွယ်တစ်ယောက်မျှသာဖြစ်၏။

လူရွယ်သည် အနားကျယ် သက္ကလတ်ဦးထုပ်ကို ဆောင်း၍ ဆံပင်ရှည်တို့က ပုခုံးပေါ်အထိ အပြိုင်းအရိုင်းရှည်လျားစွာ ရှိနေ၏။



www.burmeseclassic.com

မှတ်ဆိတ်ကျင်စွယ်များကိုလည်း မရိတ်သင်ပဲထားခဲ့သည်မှာ ကြာမြင့်ဟန်ဖြင့် ရှိရှင်းစွဲအသက်ထက် ပို၍ကြီးရင့်သည်ဟု ထင်ရ၏။

လူရွယ်၏မျက်ခုံးထူထူအောက်မှ မျက်လုံးအစုံမှာမူ နူးညံ့သိမ်မွေ့မှုတို့ကိန်းအောင်းနေသည်ဟု မုဆိုးကြီးသည် သတိပြုမိ၏။ လူရွယ်မှာ သူ့လို တောလည်ထွက်လာသူလည်း ဟုတ်ဟန်မတူချေ။

လူရွယ်၏ခါးတွင် တောလိုက်ဓားမြှောင်တစ်ချောင်းနှင့် ရေဗူးကိုသာတွေ့ရ၏။

မုဆိုးကြီးက လူရွယ်ကိုစူးစိုက်ကြည့်ပြီး

"ကောင်လေး... ငါကမုဆိုးပဲ၊ ဟောဒီက ဝါးတောကိုဖြတ်ပြီးရင် ရေကန်တစ်ကန်ကိုရောက်မယ်၊ အဲဒီရေကန်မှာ ငါ့အတွက် အမဲသားကောင်တွေ ပစ်ခတ်ဖို့ သွားပြီးချောင်းမြောင်းရဦးမယ်၊ ငါဟာ ဒီလမ်းကလွဲပြီး တခြားသွားစရာလမ်းမရှိဘူး"

ဟု ပြောလေ၏။

လူရွယ်က ထိုင်ရာမှဖြည်းညင်းစွာထ၍ မလှမ်းမကမ်းရှိ ဝါးတောမှလမ်းကလေးသို့ လက်ညှိုးညွှန်ကာ

"ဟောဒီ ဝါးတောကို အဝင်လမ်းအစမှာပဲ၊ တောကြီးပင်ကူအိမ်တစ်ခု ဖထီးတွေ့တယ်မဟုတ်လား၊



www.burmeseclassic.com



ဖထီးအတွက် အဲဒီဝါးတောကို ဖြတ်ဖို့ ပင့်ကူအိမ်ကို မလွဲမသွေဖျက်ဆီးပစ်ရတော့မှာပဲမဟုတ်လား၊ ကျုပ်က အဲဒီပင့်ကူအိမ်ကိုမဖျက်စီးစေချင်လို့ပါ"

ဟု ဆိုလေ၏။

မုဆိုးကြီးက ပါးစောင်တွင်ခဲထားသော ဝါးဆေးတံကိုဖြုတ်၍ တအံ့တဩဖြင့် လူရွယ်ကိုကြည့်ပြီး

"မင်းက အဲဒီပင့်ကူအိမ်ကို စောင့်ရှောက်ဖို့ ဒီမှာ ထိုင်နေတာလား၊ ဘာကြောင့် အဲဒီလိုလုပ်သလဲဆိုတာ ငါနားမလည်တော့ဘူး"

ဟု ပြောလေရာ လူရွယ်က

"ဖထီး စိတ်ဝင်စားမယ်ဆိုရင် အဲဒီပင့်ကူအိမ်မှာ အခုလောလောဆယ်ဖြစ်ပေါ်နေတဲ့ အခြေအနေတစ်ခုကို ကျုပ်ပြောပြချင်တယ်၊ ကျုပ်ဟာ ဓရီးသွားဟန်လွှဲ ဒီပင့်ကူအိမ်ကိုတွေ့ပြီး ကျုပ်ကြားဖူးတဲ့ အကြောင်းကလေးတစ်ခုနဲ့ တိုက်ဆိုင်နေတာတွေ့ရလို့ စောင့်ကြည့်နေတာပါ၊ အခုမြင်နေရတဲ့ ပင့်ကူကြီးဟာ လက်သီးဆုပ်လောက်ရှိတဲ့ တောကြီးပင့်ကူတစ်ကောင်ဆိုတာ ဖထီးသိမှာပါ၊ သူ့ရဲ့ပင့်ကူအိမ်မှာ အလှန်



www.burmeseclassic.com

www.burmeseclassic.com



အဆိပ်ပြင်းတဲ့ ပဒ္မတစ်ကောင်မိနေတယ်ဗျ။ ပင့်ကူက အဲဒီသူ့ရဲ့သားကောင်ကို ရုတ်တရက် အနားမကပ်သေးဘဲ စောင့်ကြည့်နေတဲ့ အခြေအနေပဲရှိသေးတယ်"

ဟု ဆိုလိုက်လေ၏။

မုဆိုးကြီးက ခေါင်းညိတ်ပြီး

"ဟုတ်ပြီလေ၊ ပင့်ကူနဲ့ ပဒ္မတောင်ရဲ့ တိုက်ပွဲကို မောင်ရင်က စောင့်ကြည့်နေတာပေါ့၊ ပင့်ကူက မကြာခင်အချိန်မှာ ပဒ္မကောင်ကို သူ့ရဲ့ပင့်ကူမျှင်တွေနဲ့ မလှုပ်သာအောင် ချုပ်နှောင်တော့မှာပေါ့၊ ပြီးရင် သတ်ဖြတ်ပြီး ပဒ္မကောင်ကို စုပ်ယူစားသောက်မယ် ဟုတ်လား ဒါလောက်ပါပဲ"

ဟု ပြောလေ၏။

လူရွယ်က ပင့်ကူအိမ်ဆီသို့ စူးစိုက်ကြည့်ပြီး ခေါင်းယမ်းကာ

"ဒီလောက်ဆိုရင်တော့ ကျုပ်ကအချိန်ကုန်ခံပြီး စောင့်မကြည့်ပါဘူး၊ ဒီထက်ကိုစိတ်ဝင်စားစရာ တွေ့နိုင်မယ် ထင်တယ်ဗျ၊ ဖထီးအနေနဲ့ ပဒ္မကောင်တွေကို အထီးအမ ခွဲခြားတတ်မယ် ထင်ပါတယ်၊ ပြီးတော့ ကိုယ်ဝန်ဆောင်ထားပြီး ဥတွေအပြည့်ပါနေတဲ့





ပဒ္မကောင်အမတွေကိုလည်း မြင်ဖူးမယ်လို့ ထင်ပါတယ်"

ဟု မေးမြန်းလိုက်လေ၏။ မုဆိုးကြီးက

"သိပ်မြင်ဖူးတာပေါ့၊ ဟောဒီက ပင့်ကူအိမ်မှာ မိနေတဲ့ ပဒ္မကောင်ဟာ ငါ့ရဲ့မျက်လုံးမှာ အမြင်မမှားဘူးဆိုရင် ဥတွေနဲ့ ကိုယ်ဝန်ဆောင်ထားတဲ့ ပဒ္မကောင် အမတစ်ကောင်ပဲ"

ဟု အဖြေပေးလေရာ လူရွယ်က နှုတ်ခမ်းကို တွန့်ကွေးယုံမျှပြုံး၍

"ဒါဆိုရင်တော့ ဖထီးအနေနဲ့ စိတ်ဝင်စားစရာတွေ မလွဲမသွေ တွေ့ရတော့မယ်"

ဟု ဆိုလိုက်၏။

မုဆိုးကြီးက မျက်မှောင်ကြုတ်၍

"မင်းကိစ္စဟာ မင်းပြောသလို စိတ်ဝင်စားစရာ ဖြစ်လာရင်တောင် ငါ့အတွက် ဝမ်းရေးကရှိသေးတယ်၊ အချိန်မပေးနိုင်ဘူး၊ ဒီလမ်းကဖြတ်ပြီး ရေကန်ဆီ အရောက်သွားမှ အမဲသားကောင်တွေရမှာ မဟုတ်လား၊ ဒါကြောင့် ပင့်ကူအိမ်ကို မလွှဲမရှောင်သာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖျက်ဆီးသွားရတော့မယ်"

ဟုပြောလေရာ လူရွယ်သည် လှုပ်လှုပ်ရှားရှားဖြစ်သွား၏။ ထို့နောက် လူရွယ်က

"ဟော… တောကြီးပင့်ကူက ပဒ္မကောင်ရဲ့ အနားကိုချဉ်းကပ်ပြီး အမိဖမ်းဖို့ကြိုးစားနေပြီဗျ၊ ဖထီးကို ကျုပ်တစ်ခုတောင်းဆိုချင်ပါတယ်၊ ဖထီးအတွက် ဒီတစ်ခေါက် တောလည်ထွက်လို့ရမဲ့ အကျိုးအမြတ်ကို ကျုပ်ကပေးပါ့မယ်၊ ဖထီးက ကျုပ်နဲ့အတူ ဒီနေရာမှာ တစ်ညလောက်စောင့်ပြီး စိတ်ဝင်စားစရာကိစ္စကို ကြည့်ရှုပေးဖို့ အဖော်လုပ်ပေးရမယ်၊ အဲဒါက ကျုပ်တို့နှစ်ယောက်စလုံးအတွက် တရားမျှတတဲ့ အပေးအယူဖြစ်မှာပါ"

ဟုဆိုလိုက်၏။

မုဆိုးကြီးသည် စိတ်တွင်းမှ လူရွယ်အား စိတ်မှန့်ပါလေစဟု တွေးမိ၏။

လူရွယ်ကလည်း မုဆိုးကြီး၏အတွေးကို သိရှိနေသည့် အလား ဆက်၍

"လူတိုင်းမှာ သူတို့စိတ်ဝင်စားတတ်တဲ့ အကြောင်းတွေရှိမှာပါ၊ စိတ်ဝင်စားစရာအကြောင်းတွေကလည်း တစ်ယောက်နဲ့တစ်ယောက် တူညီကြမှာမဟုတ်ပါဘူး၊ ကျုပ်ပြောတဲ့ အပေးအယူကိစ္စကို မုဆိုးကြီး သဘောကျတယ် မဟုတ်လား"





ဟုမေးမြန်းလေ၏။

မုဆိုးကြီးက လူရွယ်၏ စိတ်အားထက်သန်မှုကို မဖျက်ဆီးလိုသောကြောင့် ခေါင်းညိတ်ကာ

"ကောင်းပြီလေ၊ ငါ့အတွက် မပင်မပန်းဘဲ အခငြေမယ်ဆိုတော့ လက်ခံနိုင်ပါတယ်၊ မင်းကို အဖော်လုပ်ပေးပါ့မယ်"

ဟုပြောလေတော့၏။

သူတို့နှစ်ဦး သဘောတူညီမှုရပြီး မကြာမီတွင် တောကြီးပင့်ကူနှင့်ပဒ္မကောင်တို့၏တိုက်ပွဲ စတင်တော့၏။ တောကြီးပင့်ကူသည် ပဒ္မ ကောင်အနီးတွင် လှည့်ပတ်သွားလာရင်း သူ၏ဝမ်းဗိုက်မှ စေးကပ်သော အမျှင်များကို ထုတ်၍ ရစ်ပတ်လေ၏။

ပဒ္မကောင်မှာ ပင့်ကူအိမ်တွင် မလှုပ်သာအောင်ရှိနေသော်လည်း သူ၏စွမ်းအားကို အစွမ်းကုန်ထုတ်၍သုံးကာ ရုန်းကန်လှုပ်ရှားလျက်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



မုဆိုးကြီးသည်ပင် ထိုကဲ့သို့ တိုက်ပွဲကို တစ်ခါမျှ စိတ်ပါလက်ပါ ကြည့်ရှုခဲ့ဖူးခြင်းမရှိချေ။ ကြည့်ရင်းပင် သူလည်း စိတ်ဝင်စားလာကာ နှုတ်ဖျားမှ

"ပဒ္မကောင်ကို တောကြီးပင့်ကူက အမိဖမ်းပြီး ကိုက်ခဲဖို့ ကြိုးစားနေပြီ"

ဟုအော်ဟစ်လေ၏။ ထိုအခါ လူရွယ်က

"ပဒ္မကောင်က တောကြီးပင့်ကူရဲ့ကျောပေါ်ကို ကုတ်ကပ်ပြီး ရောက်အောင်တက်နေပြီဗျ"

ဟုပြောလေ၏။

မုဆိုးကြီးကလည်း ထိုနေရာကို မျက်တောင် မခတ်တမ်း ကြည့်ရှုကာ

"တောကြီးပင့်ကူတော့ ပဒ္မကောင်ရဲ့ဖင်က အဆိပ်အပ်နဲ့ထိုးတာ ခံရတော့မယ်၊ ဟော... တောကြီးပင့်ကူရဲ့လှုပ်ရှားမှုတွေ တဖြည်းဖြည်း နှေးကွေးသွားပြီကွ"

ဟုဆိုလိုက်ရာ လူရွယ်က ခေါင်းညိတ်ပြီး

"တောကြီးပင့်ကူဟာ ပဒ္မကောင်ရဲ့အဆိပ်မိသွားတာ ကျိန်းသေတယ်၊ သူ့အတွက် မကြာခင်မှာ မူးမေ့

သရဖီလိုင်ဘရေ



သွားတော့မယ်"

ဟုပြောပြန်၏။

သူတို့နှစ်ဦး ပြောဆိုနေသည့်အတိုင်းပင် တောကြီးပင့်ကူသည် ပဒ္မကောင်၏လက်ချက်မိသွားကာ သူ၏ပင့်ကူအိမ်တွင်ပင် ငြိတွယ်၍ မလှုပ်မယှက်ရှိနေလေ၏။

အချိန်အတန်ကြာလျှင် ပဒ္မကောင်သည် တောကြီးပင့်ကူ၏ ဝမ်းဗိုက်အောက်သို့ ပြန်လည်ရောက်ရှိကာ ငြိမ်သက်နေလေတော့၏။ လူရွယ်က ခေါင်းတဆတ်ဆတ်ညိတ်ကာ

"ပဒ္မကောင်လည်း တောကြီးပင့်ကူရဲ့ လက်ချက်ကို မိသွားပုံရတယ်ဗျ"

ဟုပြောလေ၏။ မုဆိုးကြီးက

"ဒါဆိုရင် နှစ်ကောင်စလုံး အနိုင်မရှိဘဲ တိုက်ပွဲကျပြီး သရေဖြစ်သွားပြီပေါ့၊ သူတို့ရဲ့တိုက်ပွဲပြီးသွားပြီပဲ၊ မင်းပြောတဲ့ စိတ်ဝင်စားစရာကိစ္စလည်း ပြီးသွားပြီ မဟုတ်လား"

ဟုဆိုလေ၏။ လူရွယ်က ခေါင်းယမ်းပြီး ဟက်ခနဲရယ်ကာ

"စိတ်ဝင်စားစရာက အခုမှစမှာဗျ၊ ကဲ... ကျုပ်တို့ ဒီနားမှာတင် စခန်းချကြမယ်၊ ဒီတောက

သရဖီလိုင်ဘရေ

www.burmeseclassic.com

www.burmeseclassic.com



အောက်ခြေရှင်းတော့ နေလို့ထိုင်လို့ ကောင်းပါတယ်”

ဟုပြောလိုက်၏။

မုဆိုးကြီးသည် လူရွယ်၏စကားကြောင့် အူကြောင်ကြောင် ဖြစ်သွားသော်လည်း ဘာမျှမပြောတော့ဘဲ စခန်းချရန်သာ ပြင်ဆင်လေတော့၏။

ပင့်ကူအိမ်တွင် တောကြီးပင့်ကူနှင့်ပဒူကောင်တို့မှာ ထိုအတိုင်းသာ မလှုပ်မယှက်ရှိနေလေတော့၏။

ညသို့ရောက်လျှင် သူတို့နှစ်ဦးသည် ညောင်မုတ်ဆိတ်ပင်ကြီးခြေရင်းတွင်ပင် မီးပုံတစ်ခုဖို၍ အိပ်စက်ကြ၏။

မုဆိုးကြီးသည် ရက်ရှည်တောလည်ထွက်လာခြင်းဖြစ်သောကြောင့် ရိက္ခာအပြည့်အစုံပါလာ၏။

ထိုအခါမှပင် မုဆိုးကြီးသည် စကားစပ်မိရင်း လူရွယ်၏ အမည်သည် ကျော်ခေါင်ဟူ၍ သိရ၏။ ထို့အပြင် ကျော်ခေါင်သည် ထိုနေရာမှ အရှေ့မြောက်စူးစူးရှိ တောတွင်းတစ်နေရာတွင် တစ်ကိုယ်တည်းနေထိုင်သည်ဟု သိရ၏။

ထို့ကြောင့် မုဆိုးကြီးက

“ကျုပ် မင်းကို တွေ့စကတည်းက နည်းနည်းထူးခြားတယ်လို့ ထင်ခဲ့မိတယ်၊ ဘာအကြောင်းနဲ့များ





လူသူမနီးတဲ့တောကြီးမျက်မည်းထဲမှာ တစ်ကိုယ်တည်း နေထိုင်ရသလဲဆိုတာ မမေးတော့ပါဘူး”

ဟုပြောလေရာ ကျော်ခေါင်က

“ဖတီးက ကျုပ်ကို ဒီလိုနေထိုင်တာဟာ ရာဇဝတ်ဘေးဒဏ်က ရှောင်တိမ်းပြီး တောထဲမှာ ပုန်းခိုနေထိုင်တယ်လို့ ထင်နေပုံရတယ်၊ ကျုပ်ဟာ လူကောင်းတစ်ယောက်ပါ၊ အကြောင်းတစ်ခုနဲ့ ကျုပ်ရဲ့ စိတ်ကူးယဉ်အိပ်မက်ကို နောက်ဆုံးအနေနဲ့ အကောင်အထည်ဖော်ဖို့ ရောက်လာတာပါဗျာ၊ ကျုပ်ဟာ လူဆိုးသူခိုးတစ်ယောက်မဟုတ်ဘူးဆိုတာ ဟောဒီစာရွက်ကို ဖတ်ပြီးရင် သဘောပေါက်မှာပါ”

ဟု ဆို၍ အိတ်တွင်းမှ စာရွက်ခေါက်တစ်ခုကို ထုတ်၍ပေးလေ၏။

မုဆိုးကြီးက စာရွက်ကို ဖတ်ရှုပြီး မျက်မှောင်ကြုတ်ကာ

“ဒါဟာ သစ်တောမင်းကြီးကိုယ်တိုင်က မောင်ရင့်ကို ဒီ သစ်တောကြိုးဝိုင်းအတွင်းမှာ ကြိုက်နှစ်သက်သလို လွတ်လပ်စွာနေထိုင်နိုင်တယ်လို့ လက်မှတ်ထိုးပြီး အခွင့်ပေးထားတဲ့စာပဲ”



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။ ကျော်ခေါင်က

"ဟုတ်တယ်၊ ကျုပ်ဟာ ဒီတောထဲမှာ စိတ်ကြိုက် နေရာကလေးတစ်နေရာ ရွေးချယ်ပြီး ကျုပ်ရဲ့အိမ်မက်ကို အကောင်အထည်ဖော်ဖို့ ရောက်ခဲ့တာ (၆)လ တိတိရှိပါပြီ၊ အခုဆိုရင် ကျုပ်ဖြစ်စေချင်တဲ့ နေရာဒေသ တစ်ခုရဲ့ ပုံစံတူနေရာကလေးတစ်ခုကို ကျုပ်ရဲ့လုပ်အားနဲ့ တည်ဆောက်ပြီးပါပြီ၊ အဲဒီမှာ စမ်းချောင်းကလေးရှိတယ်၊ နှင်းဆီရိုင်းပင်တွေရှိတယ်၊ အမိုးချွန် အိမ်ကလေးတစ်လုံးရှိတယ်ဗျ"

ဟုပြောဆိုလေတော့၏။

ဤသို့ဖြင့် နောက်တစ်နေ့သို့ရောက်လျှင် ကျော်ခေါင်သည် ပင့်ကူအိမ်ကိုသွားရောက်ကြည့်ရှုကာ မုဆိုးကြီးကို

"ဖထီး ဒီမှာကြည့်စမ်းပါဦး၊ ပဒ္မကောင်ကတော့ သေသွားပြီဗျ၊ ပင့်ကူကြီးကတော့ မသေဘူး၊ ဒါပေမဲ့ ဒီပင့်ကူကြီးဟာ နောက်ထပ်သုံးလေးရက်ကြာရင် မချသေရတော့မှာပဲ"

ဟုပြောလေ၏။ ထိုအခါ မုဆိုးကြီးက

"ဘာကြောင့် အဲဒီလိုတပ်အပ်ပြောနိုင်တာလဲ"





ဟုမေးမြန်းလေရာ ကျော်ခေါင်က ပင့်ကူကြီး၏ ဝမ်းဗိုက်ကို လက်ညှိုးညွှန်ပြကာ

"ကျုပ်ပြောတဲ့ စိတ်ဝင်စားစရာကိစ္စဆိုတာ ဒါပဲဗျ၊ ဟောဒီ တောကြီးပင့်ကူရဲ့ဝမ်းဗိုက်မှာ ပဒ္မကောင်က သူ့ရဲ့ဥတွေကို ဥသွားတာ တွေ့တယ် မဟုတ်လား"

ဟုဆိုလိုက်၏။

မုဆိုးကြီးသည် ထိုအခါမှပင် ပဒ္မဥများကို မြင်တွေ့၍ မျက်လုံးပြူးကျယ်ကာ

"ဟုတ်တယ်ဟေ့"

ဟုထောက်ခံလေ၏။

ကျော်ခေါင်က

"ကျုပ် တစ်ခါက စာအုပ်တစ်အုပ်ထဲမှာ ဒီအကြောင်းကို ဖတ်ခဲ့ရဖူးတယ်ဗျ၊ ဒါကြောင့် လက်တွေ့ကြုံတာနဲ့ စောင့်ကြည့်ခဲ့တာပဲ၊ တောကြီး ပင့်ကူရဲ့ ဝမ်းဗိုက်က ပဒ္မဥတွေဟာ နှစ်ရက်ကြာရင် အကောင်ကလေးတွေ ပေါက်လာလိမ့်မယ်၊ အဲဒါကို ပင့်ကူက ရိပ်မိမှာမဟုတ်ဘူး၊ အဲဒီပဒ္မကောင်ကလေး



www.burmeseclassic.com

www.burmeseclassic.com



*တွေက သူ့ကိုတွယ်ကပ်ပြီး ပထမဆုံး ပင့်ကူဆီက အရည်တွေ စုပ်ယူလိမ့်မယ်ဗျ၊ တဖြည်းဖြည်း သွေးကိုပါဖောက်ပြီး စုပ်ယူတော့ ပင့်ကူလည်း သေတော့တာပေါ့၊ ဒါဟာ သတ္တဝါတွေ ရှင်သန်ခြင်းရဲ့ သံသရာလည်ပတ်ပုံလို့လည်း ခေါ်လို့ရတာပေါ့ဗျာ၊ ပဒုကောင်လေးတွေဟာ အဲဒီက ရှင်သန်ပြီး အရွယ်ရောက်တာနဲ့ ပင့်ကူကြီးရဲ့ကိုယ်ကခွာပြီး ထွက်ခွာသွားကြတော့တာပဲ"*

ဟုပြောလေ၏။

မုဆိုးကြီးသည် တစ်သက်တွင် တစ်ခါမျှ မကြုံတွေ့ခဲ့ဘူးသည့် ကိစ္စကို မျက်မြင်တွေ့ရလေရာ ပါးစပ်အဟောင်းသားဖြင့် ရှိလေ၏။

ထိုအချိန်မှအစပြု၍ ကျော်ခေါင်နှင့်မုဆိုးကြီးတို့ ဆုံတွေ့ခဲ့ကြ၏။

မုဆိုးကြီးသည် ရိုးသားအေးဆေးသူဖြစ်လေရာ ကျော်ခေါင်နှင့်မိတ်ဆွေရင်းခြာပမာ ရင်းနှီးသွားတော့၏။

ထိုအခါ ကျော်ခေါင်က မုဆိုးကြီးကို တစ်လလျှင်တစ်ကြိမ်ကျ သူ့အတွက် ရိက္ခာများ ဝယ်ယူပေးရန် အကူအညီတောင်းခဲ့လေ၏။





မုဆိုးကြီးသည် ကျော်ခေါင်ထံရောက်လျှင် ထိုသူ၏ ဘဝဇာတ်ကြောင်းကို သိချင်စိတ်ဖြင့် မအောင့်နိုင်ဘဲ မကြာခဏမေးမြန်းမိလေ၏။

ထိုအခါ ကျော်ခေါင်က

*"ဖထီးအတွက် အချိန်တန်ရင် သိရမှာပါ၊ အဲဒီအချိန်ဟာလည်း သိပ်မလိုတော့ပါဘူးဗျာ"*

ဟုပြောတတ်လေ၏။

ယခုလည်း မုဆိုးကြီးသည် ကျော်ခေါင်ထံသို့ ရိက္ခာပို့ရောက်ခဲ့ပြန်ပြီဖြစ်၏။

ထိုအခါ မုဆိုးကြီးက အခြားအချိန်များနှင့်မတူဘဲ ကျော်ခေါင်မှာ ပို၍ ရွှင်မြူးသွက်လက်နေဟန်ရှိသည်ကို သတိပြုမိ၏။

၎င်းမကြာခဏ မေးမြန်းခဲ့ဖူးသော ကျော်ခေါင်၏အကြောင်းကိုမူ ယခုတွင် မမေးမြန်းရပါဘဲ

*"ဖထီး၊ ကျုပ်အကြောင်းသိချင်တယ်လို့ မေးမြန်းခဲ့တယ်မဟုတ်လား၊ ကျုပ်အခု ဖထီးကို အားလုံးပြောပြဖို့ ရည်ရွယ်ထားပါတယ်၊ ဘာကြောင့်လဲဆိုတော့ ကျုပ်နဲ့ဖထီးဟာ နောက်တစ်လမှာ နောက်တစ်ကြိမ်ထပ်ပြီးတွေ့ဆုံနိုင်တော့မှာမဟုတ်ဘူး"*



www.burmeseclassic.com

www.burmeseclassic.com



ဟု ကျော်ခေါင်က ပြောလေ၏။ မုဆိုးကြီးက

"မင်း ဒီကထွက်ခွာသွားတော့မှာပေါ့"

ဟုမေးမြန်းလေရာ ကျော်ခေါင်က မည်သည့်အဓိပ္ပါယ်မှန်း မသိဘဲ မျက်လုံးအစုံ ရီဝေကာ

"ဟုတ်တယ် ဒီနေရာကတင်မဟုတ်ဘူး၊ ကမ္ဘာလောကကြီးထဲကပါ ထွက်ခွာသွားတော့မှာပါ၊ ကျုပ်အတွက် အသက်ဆက်ရှင်သန်ဖို့ အချိန်နည်းနည်းပဲ ကျန်တော့တယ်"

ဟု အဖြေပေးလိုက်၏။

မုဆိုးကြီးက မျက်လုံးပြူးကျယ်ပြီး

"မင်းက မကြာခင် သေဆုံးတော့မယ်ပေါ့၊ ဒါပေမဲ့ မင်းရဲ့ပုံစံက ပျော်ရွှင်နေပုံပဲ၊ မင်းဟာ ငါ့အတွက် ဘယ်လိုမှနားမလည်နိုင်ဆုံး လူတစ်ယောက်ပဲ"

ဟုရေရွတ်လိုက်လေ၏။

ထိုအခါ ကျော်ခေါင်က စိတ်ကျေနပ်နှစ်သက်နေဟန်ဖြင့် နှစ်နှစ်ခြိုက်ခြိုက် ပြုံးပြီး

"ကျုပ်ရဲ့စကားတွေ နားထောင်ပြီးရင် ဖထီး





သဘောပေါက်သွားမှာပါ၊ အဲဒါဟာ ရှုပ်ထွေးဆန်းကြယ်လှတဲ့ လူ့ဘဝကြီးထဲက 'တာတေကြီး' ဆိုတဲ့ လူတစ်ယောက်ရဲ့အကြောင်းဆိုရင်လည်း မမှားပါဘူးဗျာ"

ဟု စကားစလေတော့၏။

သရဖီလှိုင်စာပေ
အမှတ် (၇)၊ အသောကလမ်း၊ ကျောက်မြောင်း။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း... မင်းပုံရိပ်က ဘဝနဲ့မလိုက်အောင်
ရင့်ကျက်ခဲ့ပုံပဲ၊ မင်းမှာ မတရားမှုတွေ ခံစားခဲ့ရတာပေါ့၊ မိဘက
ဘဝမှာ မွေးဖွားပြီး၊ ဘဝနှင့်ကာလတစ်ခုထိ ရောက်အောင် သည်းခံပြီး
စောင့်ရှောက်ပေးလိုက်တယ်၊ မိန်းမကလေး...
ရေဟာ ဘဝနဲ့ ပျော့ပျောင်းနေသည့်သလို၊
ကျောက်ဆောင်ကြီးတွေကို တစ်စစီ တိုက်စားသွားနိုင်လောက်အောင်လည်း
ပြင်းထန်တဲ့ ဘဝအားသတ္တိရှိတယ်ဆိုတာ မမေ့မလျော့ပါစေနဲ့..."



## ပထမပိုင်း

တစ်နေ့သ၌ ရှမ်းကုန်းမြေမြင့်ရှိ တောင်ပေါ်မြို့ကလေးတစ်မြို့၏ ငါးရက်တစ်ဈေးသို့ ဦးတည်ပြီး လူနှစ်ယောက်သည် တောင်တက်လမ်းအတိုင်း ခရီးနှင်လာကြ၏။

သူတို့သည် နံနက်စောစောတွင် ချမ်းအေးလှသည့်ရာသီကို သားမွေးခေါင်းစွပ်များ၊ သားမွေးအင်္ကျီရှည်ကြီးများ ဝတ်ဆင်၍ ဖဲ တုကာ ထင်းရှူးသေတ္တာကြီးတစ်လုံးကို အလယ်မှကြိုးဖြင့်ချိုင်းပြီး

www.burmeseclassic.com

www.burmeseclassic.com



ဝါးလုံးဖြင့်လျှိုကာ ရှေ့တစ်ယောက် နောက်တစ်ယောက် ထမ်းပိုးလာကြခြင်းဖြစ်၏။

ထိုနေ့သည် တောင်ပေါ်မြို့ကလေး၏ ငါးရက်တစ်ဈေးနေ့ဖြစ်၏။

အနီးအပါးရွာများမှ တိုင်းရင်းသားများသည်လည်း အထုပ်အပိုးကိုယ်စီဖြင့် နှင်းမှုန်မှုန်ကြားတွင် သွားလာလျက်ရှိကြ၏။

ထင်းရှူးသေတ္တာကြီးကို ထမ်းပိုးလာသူနှစ်ယောက်မှာမူ တောင်တက်လမ်းကလေးရှိ နတ်ကွန်းပျက်ကြီးရှေ့သို့ရောက်ရှိလာကြ၏။

ထိုအခါ ရှေ့မှ ထမ်းပိုးလာသူက

"ကျုပ်တော့ ဒီမှာ ခဏနားချင်ပြီ၊ ငါးရက်တစ်ဈေးမှာ ချိန်းထားတဲ့ သူနဲ့ တွေ့ဖို့ကလည်း အချိန်နည်းနည်းလိုသေးတယ် မဟုတ်လား"

ဟုပြောလေရာနောက်မှလူက

"ကျုပ်ကတော့ မနားချင်ဘူး၊ ဒီထင်းရှူးသေတ္တာကြီးကို တစ်ဖက်လူလက်ထဲလွှဲပေးပြီးမှ စိတ်အေးနိုင်မှာ၊ ဒါပေမဲ့ ခင်ဗျား နားမယ်ဆိုရင်လည်း နားကြတာပေါ့"



ဟုဆိုလိုက်၏။

ထင်းရှူးသေတ္တာကို နတ်ကွန်းရှေ့သို့ချ၍ တစ်ယောက်က မြေပြင်တွင် ခြေပစ်လက်ပစ်ထိုင်ကာ ဆေးပြင်းလိပ်ကို မီးညှိဖွာရှိုက်ပြီး

"သေတ္တာကိုဖွင့်ပြီး စစ်ဆေးကြည့်ရင် ကောင်းမယ်ထင်တယ်၊ အထဲက ကောင်မလေး အသက်ရှူတွေဘာတွေကျပ်ပြီး တစ်ခုခုဖြစ်နေရင် အားလုံး ခုက္ခကုန်လိမ့်မယ်"

ဟုပြောပြန်၏။

ကျန်တစ်ယောက် ခေါင်းယမ်းပြီး

"မဖြစ်ဘူး၊ ဒီသေတ္တာကို ကျုပ်တို့နှစ်ယောက် ဘယ်လိုမှ ဖွင့်ခွင့်မရှိဘူးလေ၊ အထဲက ကောင်မလေးလည်း ဘာမှမဖြစ်နိုင်ပါဘူး၊ သူတို့တိုက်ထားတဲ့ အိပ်ဆေးအရှိန်နဲ့ ကောင်းကောင်းအိပ်ပျော်နေမှာပါ"

ဟုဆိုလေ၏။

ထိုသူနှစ်ယောက်သည် နတ်ကွန်းရှေ့တွင် ခေတ္တမျှ အမောအပန်းဖြေ၍ ဆက်လက်ထွက်ခွာသွားကြ၏။

ထိုအခါ နတ်ကွန်း၏နောက်ဘက်မှ အိပ်မှုန်စုန်မွှားဟန်ဖြင့်ရှိ

www.burmeseclassic.com

www.burmeseclassic.com



နေသော အသက် (၁၂)နှစ်ခန့် ယောကျ်ားလေးတစ်ယောက်က မျက်လုံးကို လက်ဖြင့်ပွတ်သပ်ပြီး

"ဟိုလူကြီးတွေတော့ ထွက်သွားကြပြီ၊ သူတို့ရဲ့ ထင်းရှူးသေတ္တာကြီးထဲမှာလည်း မိန်းကလေး တစ်ယောက်ကိုထည့်ထားတယ် ဆိုပါလား၊ ဒီကောင်မလေးကို သူတို့ဘာလုပ်မလို့ပါလိမ့်၊ ဒီလူတွေက ငါးရက်တစ်ဈေးကိုသွားပြီး အဲဒီထင်းရှူးသေတ္တာကြီး ထဲက မိန်းကလေးကို တခြားသူတစ်ယောက်ယောက် လက်ထဲကို လွှဲပေးရမယ်တဲ့၊ ဒါဆိုရင် သူတို့ဟာ မိန်းကလေးကို မတရားဖမ်းဆီးလာတာပဲ ဖြစ်ရမယ်"

ဟုတွေးတောမိ၏။

ထိုကောင်လေးသည် အနီးရှိ မှန်ညွှင်းရွက်များအပြည့်အသိပ်ထည့်ထားသော ဝါးခြင်းကြီးနှစ်လုံးကို အကြည့်ရောက်ကာ

"ဟုတ်ပြီ၊ ငါ့ရဲ့မှန်ညွှင်းတွေကို ဖောက်သည်ဆိုင် ပို့ပြီးရင် သူတို့ကိုလိုက်ချောင်းပြီး အခြေအနေကြည့်လို့ရတာပဲ"

ဟုရေရွတ်လေ၏။

၎င်းသည် မှန်ညွှင်းတောင်းကြီးနှစ်လုံးကို အလယ်မှ ထမ်းပိုး





ဖြင့်လျှိုု၍ ထမ်းကာ တောင်တက်လမ်းအတိုင်း ခရီးဆက်လာပြီးနောက် တစ်စုံတစ်ရာကို တွေးမိဟန်ဖြင့်

"ဟားဟား… ငါ့ကို ဦးအုန်းသီးဆိုတဲ့လူကြီးက ငါးရက်တစ်ဈေးကို ဟင်းသီးဟင်းရွက်တွေပို့ရင် ဘယ်တော့မှ နတ်ကွန်းမှာဝင်ပြီး မအိပ်ပါနဲ့လို့ အမြဲတမ်းမှာလိုက်တယ်၊ ငါကလည်း ချမ်းချမ်း အေးအေးကလေးနဲ့ နတ်ကွန်းနောက်မှာ တစ်မှေး လောက်မှေးပြီး မကွေးရရင်မနေနိုင်ဘူး၊ ပြီးတော့ ဦးအုန်းသီးက ငါ့ကို ဟိုနေရာစပ်စပ် ဒီနေရာစပ်စပ်နဲ့ စပ်စပ်စုစု မလုပ်ပါနဲ့တဲ့၊ ဟဲဟဲ… ငါကတော့ သူမှာလိုက်သမျှ စည်းကမ်းချက်တွေကို အကုန်လုံး ဖောက်ဖျက်မိနေတော့တာပဲ၊ ဒီလို ဖောက်ဖျက်တာကို သာ ဦးအုန်းသီးသိသွားရင် ထုံးစံအတိုင်း ကျော်ခေါင်းတို့တော့ ကျောကော့အောင် ခံရဦးမယ်၊ ဦးအုန်းသီးရဲ့ ဝါးစိမ်းတုတ်ရိုက်ချက်ကလည်း တစ်နေ့ထက် တစ်နေ့ ပိုပြီး ပြင်းလာသလိုပဲ၊ တွေးရင်းနဲ့ ငါ့ကျောတွေတောင် ယား ကျိကျိဖြစ်လာပြီ"

ဟုရေရွတ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ငါးရက်တစ်ဈေးမှာ ရောင်းဝယ်သူများနှင့် စည်ကားနေချေပြီ။ ဈေးနှင့်မျက်စောင်းထိုးတွင် တရုတ်ကုန်စုံဆိုင် ကြီးတစ်ဆိုင်ရှိလေ၏။

ကျော်ခေါင်ဟူသော ကောင်လေးသည် သူ၏ မုန့်ညှင်းရွက်များကို ဖောက်သည်ဆိုင်တွင်အပ်နှံကာ ထင်းရှူးသေတ္တာကြီးနှင့် လူနှစ်ယောက်ကို အလျှင်အမြန် ရှာဖွေလေ၏။

၎င်းသည် ဈေးအနှံ့ရှာဖွေသော်လည်း ထိုသူများကို မတွေ့ရှိသောကြောင့် ခေါင်းကုတ်ပြီး

*"ဟိုလူနှစ်ယောက် သေတ္တာထဲက မိန်းကလေးကို တခြားလူ့လက်ထဲ လက်ပြောင်းလက်လွှဲ လုပ်ပြီးသွားပြီ ထင်တယ်၊ အင်း... မိန်းကလေးတော့ ဘာတွေ ဆက်ဖြစ်မလဲမသိဘူး၊ ဒီကိစ္စကို ငါသေသေချာချာ မသိလိုက်ရတာ နာတာပဲ"*

ဟု ညည်းညူမိလေ၏။

ထိုအခိုက် တရုတ်ကုန်စုံဆိုင်မှ ထွက်လာသော လူနှစ်ယောက်ကို မြင်တွေ့ကာ ကျော်ခေါင်၏မျက်နှာမှာ ရွှင်ပြသွားပြီး

*"ဟိုလူနှစ်ယောက် သေတ္တာကြီးကို အဲဒီ ကုန်စုံဆိုင်ထဲမှာ ထားခဲ့တာဖြစ်ရမယ်"*

ဟုတွေးမိလေ၏။





ထို့နောက်ကျော်ခေါင်သည် အခြားဈေးဝယ်သူများနှင့် ရှုပ်ရှက်ခတ်နေသော ကုန်စုံဆိုင်တွင်းသို့ မယောင်မလည်နှင့်ရောက်ရှိလာ၏။

သူသည် ကုန်စုံဆိုင်တွင်း၌ လှည့်လည်ရှာဖွေကြည့်သော်လည်း ထင်းရှူးသေတ္တာကြီးကို မတွေ့ရချေ။

ကုန်စုံဆိုင်နဘေးတွင် ကုန်ပစ္စည်းများ ထားသိုရာကိုဒေါင်ကြီး တစ်လုံးရှိနေသည်ကို သိရှိသောကြောင့် ကျော်ခေါင်သည် ထိုနေရာသို့ လှစ်ခနဲ ရောက်လာလေ၏။

ထိုအခိုက် ကုန်စုံဆိုင်ပိုင်ရှင်ပေါက်ဖော်ကြီးနှင့်လူတစ်ယောက်သည် စကားတပြောပြောနှင့် ဂိုဒေါင်အတွင်းမှ ထွက်လာကြ၏။

ကျော်ခေါင်သည် ထိုသူများ မမြင်တွေ့စေရန် ကြက်သွန်အိတ်ကြီးများနောက်ကွယ်သို့ ဒိုင်ဗင်ထိုး၍ ဝင်ရောက်လိုက်ရ၏။

၎င်းတို့သည် ကျော်ခေါင်၏အနီးမှ ဖြတ်သန်းသွားရင်း ပေါက်ဖော်ကြီးက

*"ဒီသေတ္တာကို ခင်ဗျား လိုချင်တဲ့လိပ်စာအတိုင်း ရောက်ဖို့ တာဝန်ယူပါတယ်၊ ဒီကနေ အဝေးပြေးလမ်းမအရောက် လားနဲ့တင်ပြီးသွားရင် နှစ်နာရီကြာမယ်၊ ပြီးရင် ကားကဲလည်း အသင့်ပဲဆိုတော့ အားလုံးပေါင်း အချိန်နှေဝက်လောက်ကြာရင် လိပ်စာ*



www.burmeseclassic.com

www.burmeseclassic.com



ရှိရာကို ချောချောမောမောရောက်သွားမှာပါ''

ဟုပြောလေ၏။ ကျွန်လူက ခေါင်းညိတ်ပြီး လေးသံအေးစက်စက်ဖြင့်

''ဟုတ်ပြီလေ၊ မိန်းကလေးရဲ့အိပ်ဆေးရှိန်ကလည်း မပြေနိုင်သေးလောက်ပါဘူး၊ ဒီကိစ္စကို ပိပိရိရိနဲ့ သေသေသပ်သပ်ကလေးလုပ်ပါ၊ ထောင်ကဲ လိုချင်တဲ့ ငွေကြေးကိုပေးပြီးပြီပဲ၊ ကျုပ်ဘက်က တာဝန်ကျေပါတယ်နော်၊ ထောင်ကဲဘက်က တာဝန်မကျေရင်သာ ကျုပ်တို့ မျက်နှာပျက်စရာတွေ ဖြစ်ကုန်လိမ့်မယ်''

ဟု ခြိမ်းခြောက်သလို ပြောလေ၏။

တရုတ်ကြီးကလည်း ထိုကိစ္စအတွက် စိတ်ချစေရန် အထပ်ထပ်ကတိပေးလေတော့၏။

ထို့နောက် တရုတ်ကြီးသည် တာဝန်ကို ကျေပွန်စွာထမ်းဆောင်ရန်အတွက် သူ၏လားထိန်းတရုတ်တစ်ယောက်ကို ခေါ်ကာ သေတ္တာကြီးအား ကားလမ်းမအရောက် အလျှင်အမြန်ပို့ဆောင်ရန်နိုင်းစေလေ၏။

ထိုအချိန်တွင် ကျော်ခေါင်ဟူသော လွှန်စွာစပ်စုလှသည့် လူငယ်ကလေးသည် ကုန်စုံဆိုင်၏အပြင်သို့ပြန်လည်ရောက်ရှိနေပြီဖြစ်၏။

၎င်းသည် ရှမ်းခေါက်ဆွဲဆိုင်တွင် ဝင်၍ဝမ်းမိုက်ကိုဖြည့်တင်းရင်း မကျေမနပ်ဖြင့်

''ဟင်း... ဟိုကောင်မလေးတော့ ဘာမှန်းမသိ ညာမှန်းမသိနဲ့ ကားပေါ်မှာ သေတ္တာကြီးထဲအိပ်ပျော်ပြီးပါသွားဦးမယ်၊ ငါ ဘယ်လိုလုပ်ရပါ့မလဲ၊ ဒီလူတွေ မဟုတ်တာလုပ်နေတာကို ငါကသိရက်နဲ့ ဒီအတိုင်းထိုင်ကြည့်နေရမှာလား၊ ဒါပေမဲ့ ငါကလည်း ဒီကောင်မလေးကို ဘယ်လိုလုပ်အကူအညီပေးနိုင်မှာလဲ၊ ငါ့ကိုဦးအုန်းသီးကတော့ ဉာဏ်နီဉာဏ်နက်များတဲ့ကောင်လို့ မကြာခဏပြောခဲ့ဖူးတယ်၊ ဒီတစ်ခါတော့ ကောင်မလေးကို ကူညီဖို့ ငါ့ရဲ့ဉာဏ်တွေ မထွက်တော့ပါလား''

ဟု ညည်းညူနေလေ၏။

ထိုအခိုက်တွင် ထင်းရှူးသေတ္တာကြီးကို သယ်ဆောင်လာသည့်လားကိုဆွဲ၍ လားထိန်းတရုတ်သည် ကျော်ခေါင်ရှိရာ ရှမ်းခေါက်ဆွဲဆိုင်ရှေ့မှဖြတ်၍ မလှမ်းမကမ်းရှိ အရက်ပုန်းဆိုင်တွင် ရပ်တန့်သွားသည်ကို တွေ့လိုက်ရ၏။







www.burmeseclassic.com

www.burmeseclassic.com



ကျော်ခေါင်သည် ထိုမြင်ကွင်းကို မြင်တွေ့လိုက်ရလျှင် သူ၏ခေါင်းထဲသို့ အကြံဉာဏ်များ လျှပ်တစ်ပြက် ဝင်ရောက်လာ၏။

ထို့ကြောင့် ကျော်ခေါင်သည် စားလက်စ ရှမ်းခေါက်ဆွဲကိုပင် လက်စမသတ်တော့ဘဲ ကျသင့်ငွေကိုရှင်းကာ မျက်နှာပြုံးရွှင်စွာဖြင့် စလိုက်တော့၏။

မကြာမီ ကျော်ခေါင်မှာ အရက်ပုန်းဆိုင်ရှေ့သို့ရောက်ရှိလာ၏။

သူသည် အခြေအနေကို အကဲခတ်လိုက်ပြီးနောက်

*"အင်း... လားထိန်းတရုတ်တော့ စောစောစီးစီး ခရီးသွားဖို့အတွက် ဆိုင်ထဲဝင်ပြီး တစ်ခွက်တစ်ဖလား မော့နေပြီ၊ လားကို ဆိုင်ပြင်မှာ ဒီအတိုင်းချည်ထားခဲ့တယ်၊ ဒါဟာ ငါ့အတွက် အခွင့်ကောင်းပဲ"*

ဟု တစ်ကိုယ်တည်းပြောဆိုလိုက်၏။

ကျော်ခေါင်သည် သူ၏အလုပ်ကို မည်သူမျှ မရိပ်မိစေရန် လျှင်မြန်ဖျတ်လတ်စွာ ပြုလုပ်ပြီးနောက် ထိုနေရာမှ လေကလေး တချွန်ချွန်ဖြင့် ထွက်လာလေတော့၏။

ထိုအခါမှပင် လားထိန်းတရုတ်သည် ဆိုင်တွင်းမှထွက်ကာ လားပေါ်တွင် တင်ဆောင်လာသော ထင်းရှူးသေတ္တာကို ခြေရာလက်





ရာပျက်မပျက် အကဲခတ်ပြီးနောက် ကျေနပ်သွားဟန်ဖြင့် ခရီးဆက်လေ၏။

ပန်းအိစံ ကွန်ပျူတာ
အမှတ်(၇) မျက်နှာစာတန်း ကျိုက္ကဆံလမ်း ကျောက်မြောင်းရပ် တာမွေ



www.burmeseclassic.com

www.burmeseclassic.com



—

လားသည် တရွေ့ရွေ့သွားလာရင်း တောင်ဆင်းလမ်းတစ်နေရာသို့ အရောက်တွင် ရှေ့ခြေတစ်ချောင်းသည် မည်သည့် အကြောင်းအရာမှန်းမသိဘဲ ဆာတာတာနှင့်ထော့နဲ့ထော့နဲ့ ဖြစ်လာလေရာ လားထိန်းတရုတ်က မျက်မှောင်ကြုတ်ပြီး

*"ဘယ်လိုဖြစ်တာလဲ၊ ဒီလားက ခရီးစမယ်မကြံသေးဘူး၊ ဗွေဖောက်လာပြီ"*

ဟု ရေရွတ်ကာ လားကို နှင်တံဖြင့် ခပ်ဆတ်ဆတ်ရိုက်နှက်ကာ မောင်းနှင်လေ၏။





သို့သော် လားသည် ခြေလှမ်းအနည်းငယ်မျှ လှမ်းမိလျှင်ပင် ဆက်လက်၍ မလှမ်းလိုတော့ဟန်ဖြင့် နောက်ခြေတစ်ချောင်းကွေးညွတ်ကာ လဲပြိုမည့်ဟန်ဖြစ်သွား၏။

လားထိန်းတရုတ်က အလျှင်အမြန်ပင် ထိန်းသိမ်းလိုက်ပြီး ဒေါသတကြီးဖြင့်

*"ဟာ… ဒုက္ခပါပဲ၊ ဒီကောင်ဘာဖြစ်နေတာလဲ မသိဘူး၊ ခွာနာ ဖြစ်နေသလား"*

ဟုရေရွတ်ကာ လား၏ခြေထောက်ကို စစ်ဆေးလေ၏။

ထို အခါ လားထိန်းသည် လား၏ခြေထောက်တွင် စူးဝင်နေသော သံမှိုတစ်ချောင်းကို မြင်တွေ့ပြီး အခြေအနေကို သဘောပေါက်သွားတော့၏။

ဤအတိုင်းဆိုလျှင် ထိုလားနှင့် ခရီးဆက်ရန် မဖြစ်နိုင်တော့ပေ။ လားမှာ ခရီးသွားလာရင်း မတော်တဆ သံမှိုစူးဝင်နေလေပြီ။

လားထိန်းသည် နောက်ထပ်လားတစ်ယောက် အစားထိုး၍ ခရီး ဆက်ရမည်ဖြစ်သောကြောင့် သူသည် ပတ်ဝန်းကျင်ကို လှည့်လည်အကဲခတ်ပြီးနောက် လားပေါ်မှ ထင်းရှူးသေတ္တာကြီးကို ချလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ထင်းရှူးသေတ္တာကြီးကို တောင်ဆင်းလမ်းကွေ့ရှိ ကျောက်တုံးကြီးများနှင့် ချုံပုတ်များနောက်ကွယ်သို့မ၍ လုံခြုံစွာ ဝှက်ကာ လားကိုဆွဲပြီး လာရာလမ်းအတိုင်း သုတ်ခြေတင်ကာ ပြန်သွားတော့၏။

ထိုသူထွက်ခွာသွားလျှင်ပင် ထင်းရှူးသေတ္တာကြီးအားဝှက်ထားသောနေရာသို့ လူရိပ်တစ်ရပ်က လျှင်မြန်စွာတိုးကပ်လာ၏။

ထိုလူရိပ်သည် ကျော်ခေါင်ဖြစ်၏။ ကျော်ခေါင်က လေတစ်ချက်ကို ရှူမဲ့ချွန်ကာ

*"ဟဲဟဲ… ဒီလိုဆိုတော့လဲ လားရဲ့ခြေထောက်မှာ ငါစိုက်ပေးလိုက်တဲ့ သံမှိုကလေးက တော်တော်အစွမ်းထက်တာပါပဲလား"*

ဟု ရေရွတ်လိုက်တော့၏။





ကျော်ခေါင်သည် လားထိန်းတရုတ် ဝှက်ထားသည့် ထင်းရှူးသေတ္တာကြီးအနီးသို့ လျှင်မြန်စွာ တိုးကပ်လာခဲ့၏။

ထင်းရှူးသေတ္တာကြီးတွင် သော့ဟူ၍ တပ်ဆင်မထားဘဲ သွပ်နန်းကြိုးတစ်စဖြင့်သာ ချည်နှောင်ထား၏။ ထို့ကြောင့် ကျော်ခေါင်သည် သေတ္တာကိုဖွင့်၍ အတွင်းသို့ကြည့်ကာ

*"မျက်နှာက ဖြူဖတ်ဖြူရော်နဲ့ ငါနဲ့ရွယ်တူလောက်ပဲရှိမဲ့ မိန်းကလေးပါလား၊ တော်သေးတာပေါ့၊ ဒီလောက်ချမ်းအေးတဲ့ရာသီမှာ သူ့ကို သတ္တုလတ်*



www.burmeseclassic.com

www.burmeseclassic.com



*စောင်ကြီးနဲ့ထုပ်ပြီး သေတ္တာမှာလည်း လေပေါက်တွေ ဖောက်ထားပေလို့ပဲ"*

ဟု ရေရွတ်လိုက်၏။

ကျော်ခေါင်သည် မိန်းကလေးကို သေတ္တာအတွင်းမှ ထုတ်၍ သူ၏အပေါ်အင်္ကျီနှင့် လွှမ်းခြုံပေးလိုက်၏။

သက္ကလတ်စောင်ကြီးကိုမူ မိန်းကလေးနှင့် အလေးချိန်တူညီမည့် ကျောက်တုံးတစ်တုံးနှင့်ထုပ်ပိုးကာ သေတ္တာတွင်းသို့ ထည့်သွင်းပြီး ခြေရာလက်ရာမပျက် ပြန်၍ ပိတ်လိုက်၏။

ထို့နောက် ကျော်ခေါင်သည် အိပ်မောကျနေသည့် မိန်းကလေး၏ သေးသွယ်သော ကိုယ်ခန္ဓာကို မချီပြီး တောင်ဆင်းလမ်းတစ်ဘက်မှ ကမ်းပါးယံအတိုင်း သယ်ဆောင်ကာ ကျောက်စွယ်ကြီးလို ဖြစ်နေသည့်နေရာသို့ ရွှေ့ပြောင်းလိုက်၏။

ထိုနေရာသည် အတော်အတန်လုံခြုံမှုရှိနိုင်၏။ ကျော်ခေါင်သည် ပုန်းကွယ်ရင်း လားထိန်းတရုတ်ကို စောင့်ကြည့်ကာ

*"ဟင်း.. ဒီကောင်မလေးကိစ္စကို ငါ ဘယ်လို ဆက်ပြီး ရှင်းရမလဲမသိဘူး၊ လောလောဆယ်တော့ သူအိပ်ပျော်ရာက နိုးလာအောင် စောင့်ရတော့မှာပဲ"*

ဟုတွေးမိ၏။





မကြာမီ လားထိန်းတရုတ်သည် အခြားလားတစ်ကောင်နှင့်အတူ ပြန်လည်ရောက်ရှိလာ၏။

လားထိန်းတရုတ်က ထင်းရှူးသေတ္တာကြီးကို လုံခြုံရာတွင်ရှိနေသောကြောင့် စိတ်ချဟန်နှင့် သေချာစွာပင် မစစ်ဆေးတော့ဘဲ လား၏ကျောပေါ်သို့ တင်လေ၏။

သူ့အတွက် ခရီးထွက်ရန် အချိန်အနည်းငယ်နှောင့်နှေးသွား၏။ ထို့ကြောင့် လားထိန်းတရုတ်မှာ လားကို ခပ်သွက်သွက်နှင်၍ ထိုနေရာမှ ထွက်ခွာသွားတော့၏။

ထိုအချိန်မှာပင် ချောင်းမြောင်းကြည့်ရှုနေသော ကျော်ခေါင်သည် ရင်ထဲမှ အလုံးကြီးကျသွား၏။

ကျော်ခေါင်သည် သူ့အတွက် ငါးရက်တစ်ဈေးသို့လာရင်းကိစ္စကိုလည်းကောင်း၊ အိမ်သို့ အချိန်မီပြန်မရောက်လျှင် ကောင်းကောင်းကြီး အပြစ်ဒဏ်ပေးတော့မည့် ဦးအုန်းသီးဟူသည့် လူကြီး၏မျက်နှာကိုလည်းကောင်း. သတိပြုကာ မြင်ယောင်မိ၏။

မိန်းကလေးမှာမူ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျလျက်သာရှိ၏။ ထိုအခါမှပင် ကျော်ခေါင်သည် မိန်းကလေးကို သေချာစွာ ကြည့်ရှုမိ၏။

သူမ၏ရုပ်သွင်ကိုမြင်ရုံနှင့်ပင် မိမိလို ဆင်းရဲချို့တဲ့သူမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်မှန်းသိလိုက်၏။

စာစာက ဖြူဖတ်ဖြူရော်ဖြစ်နေသော မိန်းကလေး၏ မျက်နှာသည် သွေးရောင်လွှမ်းလာ၏။

ကျော်ခေါင်က မိန်းကလေး၏မျက်နှာကို ကြည့်ရှုရင်း စိတ်ကူးထဲပေါ်လာသည့်အတိုင်း

*"အင်း… နင်ကတော့ အခုထိ ဘာအပူအပင်မှ မရှိဘဲ အိပ်ပျော်နေတယ်၊ နင်ဟာ ချမ်းသာတဲ့မိသားစု က ပေါက်ဖွားလာတဲ့သူဆိုတာ ငါသိပါတယ်၊ ငါတို့လို ငမွဲတွေသာ ဒုက္ခဆင်းရဲနဲ့တွေ့တတ်တယ်လို့ ငါ့စိတ်ထဲ ထင်နေတာကို ပြောင်းရတော့မလိုဖြစ်နေပြီ၊ နင်တို့လို လူတွေလည်း ဒုက္ခဆင်းရဲနဲ့တွေ့တတ်ပါလား၊ ငါ ကတော့ နင့်ကို လွတ်မြောက်အောင် ကူညီမိပြီ၊ အဲဒီအတွက် အိမ်ကိုပြန်ရောက်ရင် ဦးအုန်းသီးရဲ့ ရိုက်နှက်တာကို ခံရတော့မယ်၊ ဒါတွေကို ငါမမှု ပါဘူး၊ ဒုက္ခရောက်နေတဲ့သူကို ကူညီလိုက်ရတဲ့အတွက် ငါ ဝမ်းသာပါတယ်"*

ဟု တစ်ကိုယ်တည်း ပြောဆိုနေလေ၏။

ဤသို့ဖြင့် အချိန်က တရွေ့ရွေ့ကုန်ဆုံးလာခဲ့၏။ မိန်းကလေး





သည် သေတ္တာကြီးအတွင်းမှ အပြင်သို့ ရောက်ရှိပြီး သုံးနာရီခန့်အကြာ တွင် အိပ်ဆေးပျယ်၍ နိုးလာ၏။

သူမက မျက်လုံးကိုအားယူဖွင့်၍ လေသံကလေးနှင့် ပြောဆို လေ၏။ ကျော်ခေါင်က စူးစိုက်နားထောင်ပြီးနောက် မိန်းကလေးသည် ရေသောက်ချင်နေသည်ဟု သဘောပေါက်ကာ ရေဘူးထဲမှရေကို တိုက်ရ၏။

မကြာမီ မိန်းကလေးသည် အနည်းငယ် လန်းဆန်းလာ၏။ ထိုအခါ ကျော်ခေါင်က အဖြစ်အပျက်ကို သေချာစွာ ရှင်းလင်းပြ လိုက်လေ၏။

မိန်းကလေးသည် ကျော်ခေါင်၏စကားဆုံးလျှင် နှုတ်ခမ်း ကလေးကိုကိုက်၍ အံကြိတ်ကာ

*" ဒါဆိုရင် နင်က ငါ့ကို ကယ်တင်လိုက်တာ ပေါ့၊ ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ငါ လွတ်မြောက် သွားမှန်း သူတို့ အနေနဲ့အမြန် ရိပ်မိသွားမှာပဲ၊ ဒါဆိုရင် ငါ့ကို တောနင်းပြီး မတွေ့တွေ့အောင် ရှာဖွေကြတော့ မယ်၊ ငါ့ကိုပြန်ပြီး ဖမ်းမိသွားလည်း ကိစ္စမရှိပါဘူး၊ နင့်ကိုတွေ့သွားရင်သာ အန္တရာယ်ပေးကြလိမ့်မယ်၊ ဒီတော့ နင် ငါ့ကိုထားပြီး ဒီကထွက်သွားပါတော့"*



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ ကျော်ခေါင်က လှုပ်လှုပ်ရှားရှားဖြစ်ကာ ခေါင်းယမ်းပြီး

"ဟာ… ဘယ်ဖြစ်မလဲ၊ နင်က အား ကောင်း ကောင်းရှိသေးတာမှ မဟုတ်တာ၊ နင် လမ်းတော့ လျှောက်လို့ရတယ် မဟုတ်လား၊ ငါ နင့်ကို လုံခြုံ စိတ်ချရတဲ့နေရာကိုခေါ်ထားပြီး ဘယ်သူမှမမြင် အောင် ဝှက်ထားနိုင်ပါတယ်"

ဟု ဆိုလိုက်၏။ ထိုအခါ မိန်းကလေးက ကျော်ခေါင်ကိုကြည့် ၍

"လုံခြုံစိတ်ချရတဲ့နေရာဆိုတာ ဘယ်နေရာလဲ"

ဟု မေးမြန်းလေ၏။

ကျော်ခေါင်က အားတက်သရောနှင့်

"ဒီမှာ ငါပြောမယ်၊ အဲဒီနေရာဟာ ပြိုပျက်နေတဲ့ အုတ်တိုက်ကြီးတစ်ခုပဲ၊ အဲဒီအုတ်တိုက်ကြီးဟာ ငါ နေတဲ့အိမ်ကြီးရဲ့ နောက်က လျှိုထဲမှာရှိတယ်၊ ငါနေတဲ့အိမ်က ဒီကနေ တောင်နှစ်လုံးကိုကျော်ပြီးရင် ရောက်တဲ့ ရှမ်းရွာကလေးရဲ့ရွာစွန်က တောင်ကုန်းမြင့် ပေါ်မှာရှိတယ်"





ဟု အဖြေပေးလေ၏။ မိန်းကလေးက နှုတ်ခမ်းကလေးစေ့ ကာ စဉ်းစားနေဟန်ဖြင့်

"နင့်အဖေ အမေတွေက ငါ့ကိုခေါ်လာမှန်းသိရင် နင့်ကို ဆူကြမှာပေါ့"

ဟု ဆိုလေရာ ကျော်ခေါင်က ဟက်ခနဲရယ်၍

"ငါ့မှာ အဖေလည်းမရှိတော့ဘူး၊ အမေလည်း မရှိတော့ဘူး၊ လွန်ခဲ့တဲ့နှစ်နှစ်ကျော်လောက်ကပဲ ငါ့မိဘတွေ ခရီးသွားရင်း ကားမှောက်ပြီး ချောက် ထဲကိုကျလို့ သေသွားကြပြီ၊ အခု ငါ့ကို မထင်ရင် မထင်သလို နှိပ်စက်တတ်တဲ့ ဦးအုန်းသီးဆိုတဲ့လူကြီးနဲ့ နေရတယ်၊ သူဟာ ငါနဲ့ ဘာမှသွေးသားမတော်စပ် ဘူး"

ဟု ပြောလေ၏။

မိန်းကလေးက ပါးစပ်အဟောင်းသားဖြင့်

"ဒါဆိုရင် ငါ့ကိုခေါ်လာတာ အဲဒီလူကြီးသိရင် တော့ နင် မလွယ်ဘူး"

ဟု ဆိုလေရာ ကျော်ခေါင်က လက်ကာပြ၍

"ကိစ္စမရှိပါဘူး၊ အဲဒီအုတ်တိုက်ပျက်ကြီးကို



www.burmeseclassic.com

www.burmeseclassic.com



သူက ယောင်လို့တောင် ခြေဦးလှည့်တာမဟုတ်ဘူး၊ ကဲပါ… တို့နှစ်ယောက် ခရီးဆက်ကြရအောင်၊ နင်ဟိုရောက်ရင် ဘယ်လောက်လုံခြုံတယ်ဆိုတာ သိမှာပါ”

ဟု ပြောလိုက်၏။

မိန်းကလေးက ခေါင်းညိတ်၍

“ငါ နင်နဲ့လိုက်ပါ့မယ်၊ နင့်နာမည်က ဘယ်လိုခေါ်သလဲ”

ဟု မေးမြန်းလေ၏။ ကျော်ခေါင်က

“ငါ့နာမည် ကျော်ခေါင်”

ဟု အဖြေပေးလေရာ မိန်းကလေးကလည်း

“ငါ့နာမည် မြကြာညိုပါ၊ ငါလည်း နင်နဲ့ ဘဝတူတွေပါ၊ ဘာဖြစ်လို့လဲဆိုတော့ ငါ့မှာ အဖေ၊ အမေတွေ မရှိတော့ပါဘူး၊ ငါ့ရဲ့ အဘိုးနဲ့ အတူနေတာပါ၊ အဘိုးကတော့ နင့်တို့အိမ်က ဦးအုန်းသီးဆိုတဲ့ လူကြီးလိုတော့ မဟုတ်ဘူး၊ ငါ့ကို အရမ်းအလိုလိုက်တယ်၊ ကြင်နာတယ်၊ ဂရုစိုက်တယ်၊ အခုအရွယ်ထိ ရိုက်နှက်ဖို့ဝေးပြီး လက်ဖျားနဲ့တောင် မရွယ်ခဲ့ဘူး”





ဟု ပြောလေ၏။

ထို့နောက် သူတို့နှစ်ဦးသည် ခရီးဆက်ခဲ့ကြ၏။

မြကြာညို သည် ကျော်ခေါင်ထင်မှတ်ထားသလိုမဟုတ်ဘဲ ခရီးကြမ်းကို မညည်းမညူ သွားလာလေ၏။

သူတို့သည် သွားလာရင်း အခြားခရီးသွားများ၏ အရိပ်အယောင်မြင်လျှင် ပုန်းကွယ်နေကြ၏။

မွန်းလွဲပိုင်းမှပင် ကျော်ခေါင် က မြကြာညိုအား တစ်နေရာသို့ လက်ညှိုးညွှန်ပြကာ

“ဟောဟိုက တောင်စောင်းအတိုင်းမြင်နေရတဲ့ ရွာကလေးက ငါတို့နေတဲ့ ရှမ်းရွာကလေးပဲ၊ အိမ်ခြေက ဆယ့်လေးငါးအိမ်လောက်ပဲရှိတယ်၊ ဒီတောင်ကြော တစ်ကျော့ဆိုရင် တောင်ကုန်းမြင့်ပေါ်က ငါတို့အိမ်ကြီးကို လှမ်းမြင်ရပြီ”

ဟု ပြောလေ၏။

မကြာမီ ကျော်ခေါင်၏စကားအတိုင်း အိမ်ကြီးကို လှမ်း၍ မြင်တွေ့လိုက်သော မြကြာညိုက

“နင်တို့အိမ်ကြီးက တောင်ကုန်းပေါ်မှာ ထင်းနေတာပဲ၊ ဒီလို အိမ်ကြီးမျိုးနဲ့နေတယ်ဆိုတော့ နင်တို့က



www.burmeseclassic.com

www.burmeseclassic.com



သူ့ဌေးတွေပေါ့"

ဟု ဆိုလေရာ ကျော်ခေါင်က ရယ်စရာပျက်လုံးတစ်ခုကို ကြားလိုက်ရသလို

"ဟား ဟား ဟား... ရွှေကျောင်းပြောင်ပြောင် ဝမ်းခေါင်ခေါင်ဆိုတဲ့ စကားကို နင်ကြားဖူးတယ် မဟုတ်လား၊ ဒီအိမ်ကြီးကို အနီးကပ် သေသေချာချာ ကြည့်ပြီးရင် နင် ဒီလိုပြောတော့မှာမဟုတ်ဘူး၊ အိမ်က ဟောင်းနွမ်းပြီးပျက်စီးနေပြီ၊ အိမ်အမိုး၊ အုပ်ကြွပ်ပြား တွေဆို တစ်ခုမှအကောင်းမရှိတော့သလို နံရံတွေ ကလည်း လက်နဲ့ထိလိုက်တာနဲ့ ပြုတ်ကျတော့မဲ့ အတိုင်းပဲ၊ ဒီအိမ်ကြီးကို ငါ့ရဲ့ အဖိုးအဖွားတွေ ဆောက်ခဲ့တယ်လို့ သိရတယ်၊ ငါ့ရဲ့အဖိုးအဖွားတွေက တော့ သူ့ဌေးတွေဖြစ်မှာပေါ့၊ ဒါပေမဲ့ ငါ့မိဘတွေ လက်ထက်မှာ စီးပွားတွေပျက်ပြီး အိမ်ကြီးကို မပြုပြင်နိုင်တော့ဘူး၊ ဦးအုန်းသီးဆိုတဲ့လူကြီးဟာ အရင်က ငါတို့အိမ်မှာ အလုပ်လုပ်တဲ့ အလုပ်သမား တစ်ယောက်ပဲ၊ ငါ့မိဘတွေ ရုတ်တရက်သေဆုံးသွား တော့ သူကပဲ ငါ့ကိုဆက်ပြီး စောင့်ရှောက်ခဲ့တာပါ"





ဟု ပြောလိုက်၏။

မြကြာညိုက ခေါင်းညိတ်ပြီး

"နင့်ဘဝကလည်း ငါ့ထက်တောင်ဆိုးလိမ့်မယ် ထင်တယ်၊ ဒါပေမဲ့ နင်က စိတ်ကောင်းရှိတာပဲ၊ အဲဒီအကျိုးကို ပြန်ပြီးခံစားရမှာပါ"

ဟု ကျော်ခေါင်အား နှစ်သိမ့်လေတော့၏။

သရဖီလှိုင်စာပေ
အမှတ် (၇)၊ အသောကလမ်း၊ ကျောက်မြောင်း။



www.burmeseclassic.com

www.burmeseclassic.com



ဦးအုန်းသီးသည် ကျော်ခေါင်အားမြင်တွေ့လျှင် ကုလားထိုင်မှ ဝုန်းခနဲ ခုန်ထလိုက်၏။

သူ၏လက်ကလည်း အလိုအလျောက်ပင် ဝါးစိမ်းတုတ်ဆီသို့ ရောက်ရှိသွား၏။

ထို့နောက် ဦးအုန်းသီးက ခေါင်းငိုက်စိုက်နှင့်ရှိနေသည့် ကျော်ခေါင်ကို ကျားဟိန်းသံကဲ့သို့ အသံကြီးနှင့်

"ဟေ့ကောင်၊ မင်းခေါင်းပေါ်ကနေလုံးကို မော့ကြည့်စမ်း၊ ဘယ်အချိန်ရှိနေပြီလဲ၊ ဒီလိုအချိန်မှ





ပြန်လာရအောင် ဘယ်ကို အလေလိုက်နေတာလဲကွ၊ ငါ သေသေချာချာမှာလိုက်ရဲ့နဲ့၊ ဒီလိုအချိုးချိုးတယ် ဆိုတော့ ငါ့ကို ပမာမခန့်လုပ်တာပဲ"

ဟု ဟိန်းဟောက်လေ၏။

ကျော်ခေါင်သည် မည်သည့်စကားမျှမဆိုဘဲ အပြစ်ဒဏ်ကို ခံယူရန် အသင့်ရှိနေ၏။ ထိုအခါ ဦးအုန်းသီး၏ ဝါးစိမ်းတုတ်ချက်များကလည်း ကျော်ခေါင်၏ကျောပေါ်သို့ အဆက်မပြတ် ကျရောက်လာတော့၏။

ဦးအုန်းသီးက အားရအောင်ရိုက်နှက်ပြီးနောက်

"မင်း ဒီညစာကိုစားရဖို့ မမျှော်လင့်နဲ့တော့၊ ငါ ဒီည အိုက်ပန်တို့ရွာမှာ အိပ်မယ်၊ အိမ်မှာ ကောင်းကောင်းနေပါ"

ဟု ပြောကာ ကျော်ခေါင်ထံမှ ငါးရက်တစ်ဈေးတွင် မုန့်ညှင်းများ ရောင်းချ၍ရလာသည့်ငွေကိုယူကာ ထွက်ခွာသွားတော့၏။

ကျော်ခေါင်သည် တစ်ကိုယ်လုံး နာကျင်ပြီး မသက်မသာ ခံစားနေရသည့်ကြားမှ ကျိတ်၍ ဝမ်းသာသွားလေ၏။

ဦးအုန်းသီးသည် တစ်ပတ်လျှင် သုံးလေးရက်မျှ အိမ်မှထွက်ခွာသွားတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့သွားလာသည်မှာလည်း အနီးပတ်ဝန်းကျင်ရွာများမှ လောင်းကစားဝိုင်းများသို့ ရောက်ရှိနေခြင်းသာဖြစ်၏။

တစ်ဖက်ရွာမှ အိုက်ပန်ဆိုသည့်လူမှာ လောင်းကစားဝိုင်းထောင်ထားသူဖြစ်၏။

ဤသို့ဆိုလျှင် ဦးအုန်းသီးသည် တစ်ရက် နှစ်ရက်မျှတော့ အိမ်ပြန်ကပ်လိမ့်မည်မဟုတ်တော့။

၎င်းသည် လောင်းကစားဝိုင်းတွင်နိုင်လာလျှင် အိမ်အတွက် ရိက္ခာအချို့ ဝယ်ယူလာတတ်၏။ ထိုရိက္ခာများတွင် အရက်က ပိုမိုများပြား၏။

၎င်းက မူးယစ်လာလျှင် ကျော်ခေါင်အပေါ် ပို၍နှိပ်စက်တတ်၏။ လောင်းကစားဝိုင်းတွင် ရှုံးနိမ့်လာသည်ဆိုလျှင်တော့ ပြောစရာလိုမည်မထင်ချေ။

ကျော်ခေါင်သည် လွတ်ရာကျွတ်ရာတွင် ရှောင်တိမ်းနေရလေတော့၏။

ဦးအုန်းသီးထွက်ခွာသွားလျှင် ကျော်ခေါင်မှာ မီးဖိုဆောင်သို့ ရောက်ရှိလာ၏။

ဦးအုန်းသီးက ကျော်ခေါင်ကို ညစာမစားရန် အမိန့်ထုတ်ခဲ့၏။ အမိန့်မထုတ်လျှင်လည်း မီးဖိုဆောင်တွင် မည်သည့်စားသောက်ဖွယ်ရာ





၅၂ မရှိချေ။

ကျော်ခေါင်က ဝမ်းဗိုက်ကို ပွတ်သပ်ပြီး

"အင်း... ငါက ပြဿနာမရှိဘူး၊ မြကြာညို အတွက် စားစရာတစ်ခုခုရဖို့ အရေးကြီးတယ်၊ ထုံးစံအတိုင်း ရိက္ခာရဖို့ နေမဝင်ခင် စမ်းချောင်းကို အရောက်ပြေးရဦးမယ်"

ဟု ရေရွတ်ကာ အိမ်နှင့်မလှမ်းမကမ်းတွင် စီးဆင်းနေသော စမ်းချောင်းသို့ ရောက်ရှိလာ၏။

စမ်းချောင်းတွင် ရေက ကြည်လင်နေ၏။ ကျော်ခေါင်သည် ကမ်းစပ်အတိုင်းသွားလာကာ ချုံပုတ်များထူထပ်လှသောတစ်နေရာသို့ ရောက်လျှင် ချောင်းထဲသို့ ဆင်းသက်လေ၏။

ထို့နောက် ရေထဲသို့ လက်ဖြင့် စမ်းသပ်ရှာဖွေပြီးနောက် တစ်စုံတစ်ရာကို ဆုပ်ကိုင်ပြီး မျက်နှာရွှင်ပြသွားကာ

"ကော်တာပဲ၊ ငါ့ရဲ့မြှုံးထဲမှာ ငါးကြီးကြီးမိနေပြီ ထင်တယ်"

ဟု အော်ဟစ်လိုက်၏။

ရေထဲတွင် ဝါးဖြင့်ယက်လုပ်ထားသော ငါးထောင်သည့်မြှုံးတစ်လုံးရှိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျော်ခေါင်က မြူးကို ဆုပ်ကိုင်၍ လက်ဖြင့်မကာ အလေးချိန် စီးနေသောကြောင့် ငါးမိနေပြီဟု အတတ်သိလိုက်၏။

သူတွေးထင်ထားသည့်အတိုင်း မြူးကို ဆွဲ၍ဖော်လေရာ ရွှေရောင် ငါးကြင်းကြီးတစ်ကောင်သည် မြူးထဲတွင် တဖျတ်ဖျတ် လူးလွန့်နေသည်ကို တွေ့လိုက်ရတော့၏။

ထိုမြူးကလေးက ဦးအုန်းသီး၏ အစာရေစာဖြတ်တောက်၍ အပြစ်ဒဏ်ပေးခြင်းခံရတိုင်း ကျော်ခေါင်အတွက် လွန်စွာ အသုံးဝင်လှ၏။

ယခုတော့ မြကြာညိုအတွက် ညစာအဆင်ပြေလေပြီ။ မကြာမီ ကျော်ခေါင်သည် အိမ်အနောက်ဘက်လျှိုထဲရှိ အုတ်တိုက်ပျက်ကြီးသို့ ရောက်ရှိလာ၏။

ထိုအချိန်တွင် အမှောင်ထုက ကြီးစိုးနေပြီဖြစ်သောကြောင့် လပြည့်ည၏ ထိန်ထိန်သာနေသော လရောင်ကြောင့် အလင်းရောင် ကောင်းစွာရလေ၏။

ကျော်ခေါင်သည် မြကြာညိုအတွက် ချည်ကြမ်းစောင်ကြီး တစ်ထည်နှင့် လက်ဆွဲမီးအိမ်တစ်လုံးကိုလည်း ယူဆောင်လာခဲ့၏။ ထိုအခါ မြကြာညိုက

*"ကျော်ခေါင်... နင့်အတွက် ငါစိတ်ပူနေတာ၊*





*နင့်ကို ဟိုလူကြီး အပြစ်ဒဏ်ပေးလိုက်တယ် မဟုတ်လား"*

ဟု မေးမြန်းလေရာ ကျော်ခေါင်က ရယ်မောပြီး ငါးကြင်းကို ကိုင်မြှောက်ပြကာ

*"ဒီလူကြီးက ငါ့ကို အမြဲနှိပ်စက်နေကျပဲ၊ ကိစ္စမရှိပါဘူး၊ နင့်အတွက် ညစာကို ငါးကင်နဲ့စားရမယ်၊ ဒီမှာပဲ မီးဖိုတစ်ခုဖိုပြီး ငါးကင်ရမယ်၊ ဟိုလူကြီးတော့ တစ်ဖက်ရွာမှာ လောင်းကစားလုပ်ဖို့ ထွက်သွားပြီဆိုတော့ ငါ့အတွက် နင့်ကို ဒီည ကောင်းကောင်းစောင့်ရှောက်နိုင်တာပေါ့"*

ဟု ပြောလိုက်၏။

မြကြာညိုက ကျော်ခေါင်ကိုကြည့်ပြီး

*"ဦးအုန်းသီးက နင့်ကို ရိုက်နှက်မှာပေါ့၊ ငါ့ကြောင့် ဒီလိုဖြစ်ရတာ စိတ်မကောင်းပါဘူး၊ တကယ်ဆိုရင် ငါ့ကို အဲဒီလူတွေက ဘာကြောင့်ဖမ်းဆီးလာသလဲဆိုတာ ငါမသိဘူး၊ ငါနဲ့အဘိုးဟာ အောင်ပန်းနဲ့ ကလောကြားက ရွာလေးတစ်ရွာမှာနေတာပါ၊ အဘိုးမှာ လီမွှော်ခြံတွေရှိတယ်၊ အောင်ပန်းမှာလည်း*



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့လူယုံတွေနဲ့လွှဲထားတဲ့ လက်ဖက်ခြောက်ပွဲရုံ ရှိတယ်၊ အဘိုးဟာ ငါ့ကို ငယ်စဉ်ကတည်းက ထိန်းလာတဲ့ ဒေါ်စာဥနဲ့ အိမ်မှာထားခဲ့ပြီး မကြာခဏ လီမွှော်ခြံတွေဆီကို သွားလာနေတတ်တယ်၊ လွန်ခဲ့တဲ့ သုံးရက်က အဘိုးမရှိတုန်း အိမ်ကို လူနှစ်ယောက် ရောက်လာပြီး ဒေါ်စာဥနဲ့ ခြံစောင့်ကို ရိုက်နှက်ကြတယ်၊ ငါ့ကိုလည်း သူတို့နဲ့အတူ ဖမ်းဆီးခေါ်ခဲ့တာပဲ၊ အဲဒီနောက်မှာ ငါ့ကို အိပ်ဆေးတွေ အတင်းတိုက်လို့ သောက်ခဲ့ပြီးတဲ့နောက်ပိုင်း ကိုတော့ ဘာမှမသိတော့ဘူး၊ ငါ အိပ်ရာကနိုးလာတော့ နင်နဲ့တွေ့တာပါပဲ”

ဟု ရှင်းပြလေ၏။

ထိုအခါ ကျော်ခေါင်က မျက်မှောင်ကြုတ်၍

“ဒီလူတွေ နင့်ကို အကြောင်းမဲ့တော့ ဖမ်းဆီးမလာနိုင်ဘူး၊ နင့်ရဲ့အဘိုးက သူဌေးကြီးတစ်ယောက်ဆိုတော့ ငါကြားဖူးတဲ့ ပြန်ပေးဆွဲပြီး ငွေတောင်းဖို့ ကြံစည်တာဖြစ်နိုင်တယ်၊ ဒါမှမဟုတ် တခြား အကြောင်းလည်းရှိနိုင်တာပဲ၊ ဘာပဲဖြစ်ဖြစ် နောက် တစ်နေ့မှာ နင့်ကို အိမ်အရောက် ငါ လိုက်ပို့မယ်လို့





ဆုံးဖြတ်ပြီးပြီ၊ ငါက ခရီးမသွားဘူးပေမဲ့ ဒီလိုပဲ မေးမြန်းစုံစမ်းပြီးသွားလို့ရပါတယ်”

ဟု ဆိုလေရာ မြကြာညိုက အားတက်သွားဟန်ဖြင့်

“ငါ့မှာ လက်ဝတ်လက်စား ရွှေထည်ကလေးတွေ ပါလာတာပဲ၊ အဲဒါတွေကို ရောင်းချပြီး လမ်းစရိတ်လုပ်ရမယ်”

ဟု ပြောလေ၏။

ထိုအခိုက် ကျော်ခေါင်သည် စကားပြောရင်းနှင့် မီးမွှေးကာ ငါးကင်၍ပြီးသောကြောင့် မြကြာညိုအား စားသောက်စေ၏။

မြကြာညိုက ငါးကင်ကို တစ်ပိုင်းပိုင်း၍ ကျော်ခေါင်ကိုပေးကာ

“နင်လည်းစားပါ၊ နင့်မျက်နှာကိုကြည့်ရုံနဲ့ ဆာလောင်နေတယ်ဆိုတာ သိပါတယ်၊ ပြီးတော့ နင့်ကို ငါ အမှတ်တရ ပစ္စည်းတစ်ခုပေးချင်တယ်”

ဟု ပြောလိုက်၏။

ကျော်ခေါင်က ခေါင်းယမ်းပြီး

“ဘာမှမလိုချင်ဘူး၊ နင့်အိမ်ကို ချောချောမောမော ပြန်ရောက်ရင် ငါ ကျေနပ်ပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆို၍ အုတ်တိုက်၏နံရံတွင် မှီရန်ပြင်လိုက်၏။ ထိုအခါ ကျော်ခေါင်သည် ကျောမှဒဏ်ရာကြောင့် ရုတ်တရက် မျက်နှာ ရှုံ့မဲ့သွားလေရာ မြကြာညိုက

"နင့်ကျောမှာ ဒဏ်ရာရလာပုံရတယ်၊ ပြစမ်း...ငါကြည့်ရအောင်"

ဟု ပြောဆိုပြီး ကျော်ခေါင်၏အင်္ကျီကိုလှန်၍ ကျောကို ကြည့်လေ၏။

မြင်မကောင်းအောင်ရှိနေသည့် အညိုအမည်း အစင်းကြောင်းကြီးများက ကျော်ခေါင်၏ကျောထက်တွင် အထင်းသားရှိနေ၏။ အချို့အစင်းကြောင်းများက သွေးခြေဉက ယောင်ရမ်းနေ၏။

မြကြာညိုက နှုတ်ဖျားမှ တကျွတ်ကျွတ်နှင့်စုပ်သပ်ပြီး

"ဟိုလူကြီး နင့်ကို တော်တော်ရိုက်နှက်ထားတာပဲ"

ဟု စိတ်မကောင်းဟန်ဖြင့် ရေရွတ်လေ၏။ ကျော်ခေါင်က အမှုမထားဟန်ဖြင့် အင်္ကျီကိုဆွဲချပြီး

"ဒီလို ကိုယ်ခန္ဓာရဲ့အပြင်မှာရတဲ့ဒဏ်ရာတွေက မပြောပလောက်ပါဘူး၊ ငါ့ရင်ထဲမှာ သူ့ကြောင့်ရနေတဲ့ဒဏ်ရာတွေကတော့ တစ်နေ့ထက်တစ်နေ့ ပိုများလာ





တယ်၊ အဲဒီ ဦးအုန်းသီးဆိုတဲ့လူကြီးရဲ့ မျက်လုံးနီနီတွေကိုလည်း ငါသိပ်မုန်းတယ်၊ အသားမည်းမည်း၊ ပိန်ပိန်ရှည်ရှည်နဲ့ ငါးကျည်းခြောက်လိုဖြစ်နေတဲ့ သူ့ပုံစံက ငါ့အတွက် မကောင်းဆိုးဝါးတစ်ကောင်လို အိပ်မက်ထဲအထိလိုက်ပြီး ခြောက်လှန့်နေတတ်တယ်၊ သူဟာ ငါ့မိဘရဲ့အရိပ်မှာခိုပြီး ငါ့ကို ဘာကြောင့်နှိပ်စက်နေရသလဲဆိုတာ ငါအရွယ်ရောက်လာရင် သူ့ကိုမေးရမယ်၊ ပြီးရင် ငါ့မိဘတွေပိုင်ဆိုင်တဲ့အိမ်ကြီးက အဲဒီလူကြီးကို နှင်ထုတ်မယ်"

ဟု ပြောလိုက်၏။

မြကြာညိုက ခေါင်းညိတ်၍

"ဟုတ်တယ်၊ တစ်ချိန်ကျရင် နင် သူ့ကို ရင်ဆိုင်ဖို့ ကြိုးစားပါ"

ဟု အားပေးလေ၏။

ထို့နောက် မြကြာညိုက ကျော်ခေါင်၏လက်တွင်းသို့ တစ်စုံတစ်ရာကိုထည့်ကာ

"ဟောဒီက ငါပေးတဲ့ပစ္စည်းလေးကို မငြင်းပါနဲ့၊ ပစ္စည်းကလေးဟာ ဘာမှအဖိုးမတန်ပါဘူး၊ နင့်



www.burmeseclassic.com

www.burmeseclassic.com



အတွက် အမှတ်တရလက်ဆောင် သက်သက်ပါပဲ"

ဟု ပြောလေ၏။

ကျော်ခေါင်သည် သူ၏လက်တွင်းမှ အရာ ကလေးကို ကြည့်ရှုပြီး

"ပစ်တိုင်းထောင်ရုပ်ကလေးပါလား"

ဟု ရေရွတ်လိုက်၏။

မြကြာညိုက ခေါင်းညိတ်ပြီး

"ဘယ်လို အခြေအနေကို ပဲရောက်ရောက် အမြဲတမ်း ထောင်မတ်နေအောင် ကြိုးစားတဲ့ ပစ်တိုင်းထောင်ရုပ်ကလေးပေါ့၊ ဒီလို အဓိပ္ပါယ်ရှိတဲ့အရုပ်ကလေးဟာ နင့်လိုလူမျိုးအတွက် စိတ်အားတက်ကြွဖို့ အမြဲသတိပေးနေမှာပါ၊ ဒီအရုပ်က ပစ်တိုင်းထောင်အဖိုရုပ်ပေါ့၊ ငါ့မှာ အမရုပ်ကလေးရှိတယ်၊ အဲဒီအဖိုအမ နှစ်ရုပ်ကို ငါ့အဖိုးက လက်ဆောင်ပေးခဲ့တာပါ၊ ငါကလည်း အဲဒီအရုပ်ကလေးတွေကို အကျီအိတ်ထဲ ထည့်ပြီး ဆောင်ထားမိလို့ ဒီအထိပါလာတာပဲ"

ဟု ပြောလေတော့၏။

ကျော်ခေါင်သည် မြကြာညို၏ လက်ဆောင်ကို ကျေကျေ





နပ်နပ်ပင် လက်ခံကာ

"ကောင်းတယ်၊ ပစ်လိုက်တိုင်းထောင်နေတဲ့ ပစ်တိုင်းထောင်လို ဘဝမျိုးဖြစ်အောင် ကြိုးစားရမယ်"

ဟု ဆိုလိုက်လေတော့၏။

❀ ❀ ❀

ပန်းအိစ် ကွန်ပျူတာ

အမှတ်(၇) မျက်နှာစာတော်။ ကျိုက္ကဆံလမ်း။ တော်ကြောက်မြို့နယ်။ တာမွေ။



www.burmeseclassic.com

www.burmeseclassic.com



မြကြာညိုသည် မီးပုံနံဘေးတွင် မြက်ခြောက်အခင်းပေါ်တွင် စောင်ကိုခြုံကာ အိပ်စက်နေပြီဖြစ်၏။ ကျော်ခေါင်မှာမူ မြကြာညိုကို စောင့်ရှောက်ရမည့်တာဝန်ရှိသည်ဟု ခံယူထားသောကြောင့် မီးပုံတစ်ဖက်၌ ငုတ်တုတ်ပင်ရှိလေ၏။

ခုနစ်စဉ်ကြယ်ပြောင် အမြီးထောင်၍ သန်းကောင်ယံအချိန်သို့ ရောက်ရှိလာပေပြီ။ ထိုအချိန်ထိ ကျော်ခေါင်မှာ အိပ်စက်ခြင်းမရှိသေးဘဲ သူ၏ဘဝအကြောင်းများကို ခေါင်းထဲတွင် ရှုပ်ထွေးစွာ အတွေးနယ်ချဲ့နေမိ၏။





သူတို့နေထိုင်ရာ ရှမ်းရွာကလေးတွင် ဘုန်းကြီးလူထွက် တောင်ယာသမားကြီး ဦးပေါ်ထွန်းဟူသော လူကြီးတစ်ယောက်ရှိ၏။

ဦးပေါ်ထွန်းသည် လွန်ခဲ့သည့်နှစ်များစွာက ရှမ်းရွာကလေးမှ အပျိုချောတစ်ယောက်နှင့် ဖူးစာဆုံ၍ ရွာတွင်ပင် အခြေချနေထိုင်ခဲ့၏။

ကျော်ခေါင်၏မိဘများရှိစဉ်ကတည်းက ကျော်ခေါင်ကို လောကုတ္တရာစာပေကိုသာမက လောကီစာပေကိုပါ နှံ့စပ်သော ဦးပေါ်ထွန်းထံတွင်အပ်နှံ၍ စာပေသင်ကြားစေခဲ့၏။

သားသမီးမထွန်းကားသော ဦးပေါ်ထွန်းတို့လင်မယားနှစ်ယောက်စလုံးက ကျော်ခေါင်အား သားအရင်းလို သံယောဇဉ်ရှိလေ၏။

လွန်ခဲ့သည့်ရက်အနည်းငယ်ကပင် ဦးပေါ်ထွန်းက

"ကျော်ခေါင်... မင်းဟာ ကလေးအရွယ်ကို လွန်မြောက်လာပြီ၊ ဘာဖြစ်ဖြစ် မင်းအတွက် စဉ်းစားချင့်ချိန်နိုင်တဲ့အရွယ်ပဲ၊ အန်းသီးဟာ တစ်ချိန်က မင်းဖခင်ရဲ့လက်ရင်းတပည့်တစ်ယောက်ပဲ၊ မင်းရဲ့မိဘတွေ ရုတ်တရက်သေဆုံးသွားတဲ့အတွက် သူတို့ဟာ မင်းအတွက် ဘာမှစီစဉ်မပေးနိုင်ခဲ့ဘူး၊ အဲဒီလို မစီစဉ်ပေးခဲ့လို့လည်း မင်းအတွက် စိတ်ဓာတ်ကျစရာ



www.burmeseclassic.com

www.burmeseclassic.com



မလိုပါဘူး၊ ယောက်ျားပဲကွ၊ လောကဓံ တရားဆိုတာ ဘယ်လိုလူမျိုးကိုမှ ရှောင်လွှဲမသွားဘူးကွ၊ ထိပ်ဆုံးကို ရောက်အောင် ကြိုးစားခဲ့တဲ့သူတိုင်းဟာ လောကဓံ တရားကို အခြားသူတွေထက်တောင် ပိုပြီးရင်ဆိုင်ခဲ့ရ တယ်၊ အဲဒါဟာ သူ့ရဲ့အောင်မြင်မှုအတွက် မှတ်ကျောက်တင်ပေးလိုက်တာပါပဲ၊ မင်းဟာ အုန်းသီး ဆိုတဲ့ စိတ်ဓာတ်ယုတ်မာပြီး ကျေးဇူးမသိတတ်တဲ့ လူ့အန္တရဲ့လောင်းရိပ်အောက်က ရုန်းထွက်နိုင်အောင် ကြိုးစားရမယ်ဆိုတာ အချိန်တိုင်း သတိရနေပါကွာ''

ဟု ပြောခဲ့ဖူးလေ၏။

ကျော်ခေါင်သည် ဦးပေါ်ထွန်း၏ သွန်သင်ညွှန်ပြမှုများကြောင့် စိတ်ထားက နူးညံ့သိမ်မွေ့နေသော်လည်း ဦးအုန်းသီးနှင့် နေထိုင်ရခြင်း ကြောင့် ကြမ်းတမ်းခက်ထန်မှုများနှင့်လည်း အသားကျနေချေပြီ။

သူ့အတွက် အန္တရာယ်တစ်စုံတစ်ရာကြုံတွေ့လျှင် မည်ကဲ့သို့ လွတ်မြောက်အောင်ပြုလုပ်မည်။ သို့မဟုတ် ပြန်လည်၍ ထိုးနက် တိုက်ခိုက်ရမည်တို့ကို အကင်းပါးစွာ တွက်ချက်တတ်နေပြီဖြစ်၏။

ထိုအချိန် ကျော်ခေါင်သည် မိမိ၏အိမ်ကြီးဆီမှ ကျွဲချိုမှုတ်သံ စူးစူးရှရှ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။ ကျွဲချိုမှုတ်သံသည်





သူ့ကို ဦးအုန်းသီး ရှာမတွေ့လျှင် အချက်ပေးခေါ်ယူသည့် သင်္ကေတ ဖြစ်၏။

ထို့ကြောင့် ကျော်ခေါင်သည် ထိတ်လန့်တကြားဖြင့် လှုပ်လှုပ် ရှားရှားဖြစ်ကာ နှုတ်မှ

''ဟိုက်... ဟိုလူကြီး အိမ်ပြန်ရောက်ပြီထင်တယ်၊ သန်းခေါင်ကျော်လို့ အရက်ပဲတက်တော့မယ်၊ ဒီအချိန် ကြီးမှ ဦးအုန်းသီး အိမ်ကို ဘာကြောင့်ပြန်လာရသလဲ မသိဘူး၊ အကြောင်းထူးတော့ ရှိလိမ့်မယ်၊ အိမ်ကို အမြန်ပြန်ရမယ်''

ဟု ရေရွတ်မိ၏။

မြကြာညိုသည် ထိုအဖြစ်ကို ဘာမှမသိရှိဟန်ဖြင့် အိပ်မောကျ နေ၏။ ကျော်ခေါင်က သူမကို ထားရစ်ကာ ထိုနေရာမှ အပြေးအလွှား ထွက်ခဲ့တော့၏။

သူသည် အိမ်ရှေ့သို့ရောက်လျှင် "လရောင်အောက်၌ လက်ပိုက် ၍ မားမားကြီးရပ်နေသော ဦးအုန်းသီးကို တွေ့လိုက်ရ၏။

ဦးအုန်းသီး၏မျက်လုံးမှာ အခါတိုင်းထက်ပို၍ ရေချိန်ကိုက်နေ ဟန်ဖြင့် နီရဲကာ မျက်နှာကလည်း ပို၍တင်းမာခက်ထန်နေ၏။ ပြီးနောက် ဦးအုန်းသီး၏နှုတ်များမှလည်း တိုတိုပြတ်ပြတ် အမိန့်ပေးသံ



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပေါ်လာ၏။

"ကျော်ခေါင်... အိမ်ထဲကိုဝင်စမ်း"

ကျော်ခေါင်သည် အမိန့်အတိုင်း အိမ်တွင်းသို့ဝင်လိုက်၏။ ထိုအခါ လူတစ်စုက သူ့ကို အသင့်စောင့်ကြိုနေသည်ကို တွေ့လိုက်ရပြန်၏။

ကျော်ခေါင်သည် ထိုသူများကိုကြည့်၍ မျက်လုံးပြူးကျယ်ကာ ရှုတ်ချည်းပင် မြကြာညိုအတွက် စိုးရိမ်စိတ်ဝင်သွား၏။ အခန်းထောင့်တစ်နေရာတွင် ငါးရက်တစ်ချေးမြို့ကလေးမှ ကုန်စုံဆိုင်ပိုင်ရှင်တရုတ်ကြီးကို မြင်ရ၏။

၄င်း၏အနီး၌ မြကြာညိုအား ထင်းရှူးသေတ္တာကြီးနှင့် တရုတ်ကြီးထံအရောက်ခေါ်ဆောင်လာသော သားမွေးအကျီရှည်ကြီးနှင့် လူနှစ်ယောက်ရှိနေ၏။

မလှမ်းမကမ်းတွင် ထိုသူများလက်မှ မြကြာညိုကို လက်လွှဲယူကာ တရုတ်ကြီးက စိတ်ချလက်ချ အပ်နှံခဲ့သော အေးစက်စက်နှင့်လူကို တွေ့ရပြန်၏။

လားထိန်းတရုတ်မှာမူ မျက်နှာငယ်ကလေးနှင့် ချောင်တစ်ချောင်တွင် ကုတ်နေ၏။ ထိုအခိုက် ဦးအုန်းသီးက ကျော်ခေါင်၏နောက်ကျောမှဝင်လာပြီး





"ကျော်ခေါင်၊ ဒီကလူကြီးတွေကိုမြင်တာနဲ့ မင်းသဘောပေါက်မှာပါ၊ သူတို့ဆီကအရေးကြီးတဲ့ မိန်းကလေးကို မင်း ဘယ်မှာဝှက်ထားသလဲဆိုတာ ပြောစမ်း"

ဟု မေးမြန်းလေ၏။

ကျော်ခေါင်သည် မိမိ လျှို့ဝှက်ပြုလုပ်ခဲ့သည့်ကိစ္စကို ထိုသူများ ဘာကြောင့် အလျှင်အမြန်သိရှိသွားသည်ကို အတွေးရကျပ်နေ၏။

မည်သို့ပင်ဖြစ်စေ သူ့အတွက် မြကြာညို ကာကွယ်ရပေတော့မည်။ ထို့ကြောင့် ကျော်ခေါင်သည် နှုတ်ခမ်းကို တင်းတင်းစေ့ကာ မလှုပ်မယှက်ရှိနေ၏။

ထိုအခိုက် ကုန်စုံဆိုင်ပိုင်ရှင်တရုတ်ကြီးက ကျော်ခေါင်ကို

"ဟောကောင်လေး၊ ဒီနယ်တစ်ဝိုက်မှာ ဘာပဲလုပ်လုပ် အနေးနဲ့အမြန် ငါသိတာပဲကွ၊ မင်းနဲ့ကောင်မလေးကို တောလမ်းတစ်နေရာမှာ တွေ့ခဲ့တယ်လို့ ဖျားဖွတ်နေတဲ့ ငါ့လူတစ်ယောက်က သတင်းပေးပြီးပြီ၊ လားသမားသယ်သွားတဲ့ ထင်းရှူးသေတ္တာကို ကားလမ်းမအရောက်မှာ တစ်ဖက်လူက စစ်ဆေးတော့ သက္ကလတ်စောင်နဲ့ထုပ်ထားတဲ့ ကျောက်တုံးကိုပဲ တွေ့ရတော့တယ်၊ ဒါတွေဟာ မင်းလက်ချက်ပဲမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



*လား၊ မနက်စောစောကလည်း ငါ့ဆိုင်ထဲမှာ မင်း ဈေးမဝယ်ဘဲ မယောင်မလည်လုပ်နေတာ အလုပ် သမားတွေက သတင်းပေးတယ်၊ ဒါကြောင့် အချိန်မီ လူစုပြီး မင်းနောက်ကိုလိုက်လာတာပဲ၊ အဆင် သင့်ချင်တော့ လမ်းက အိုက်ယန်တို့ရွာမှာ ကိုအုန်းသီးနဲ့ တွေ့လို့ တစ်ပါတည်းခေါ်လာခဲ့တယ်"*

ဟု ပြောလေ၏။

ကျော်ခေါင်သည်ယခုမှ ဓာတ်ရည်လည်သွား၏။ သို့သော် မြကြာညိုအား ဖွက်ထားသည့်နေရာကို ဖွင့်၍ပြောမည်မဟုတ်ချေ။ ကျော်ခေါင်၏အမူအရာကို ကြည့်ပြီး ဦးအုန်းသီးက စိတ်မရှည်ဟန်ဖြင့်

*"ဟေ့ကောင် ပြောလိုက်လေ၊ ကောင်မလေးကို မင်း ဘာကြောင့် အဲဒီလိုကယ်တင်သွားတာလဲ၊ မင်းသာ ကောင်မလေးကို ထုတ်ပေးမယ်ဆိုရင် ငါတို့ငွေတွေအများကြီးရလိမ့်မယ်"*

ဟု ပြောလိုက်၏။

တရုတ်ကြီးတို့လူစုက ဦးအုန်းသီးကို ငှင်းမက်မောသည့် ငွေကြေးဖြင့် သိမ်းသွင်းထားဟန်ရှိ၏။ ကျော်ခေါင်မှာမူ တေမိဓာတ် ကိုသာ ကနေ၏။





ထိုအခါ အေးစက်စက်ရှိနေသည့်လူက ကျော်ခေါင်ထံလှမ်း လာပြီး လက်တွင်းမှ မောင်းချများကို ဖျောက်ခနဲဖွင့်လေ၏။ လက်ဆွဲ မီးအိမ်အလင်းရောင်ဖြင့် ဓားသွားကလက်ခနဲဖြစ်သွား၏။

မဆိုင်းမတွပင် ဓားသွားက ကျော်ခေါင်၏လည်တိုင်တွင် ထောက်လာကာ သွေးပင်စို့လာ၏။ ကျော်ခေါင်သည် အံကြိတ်၍ခံ လိုက်၏။

ဓားသမားက ဓားကိုခပ်တင်းတင်း အားစိုက်ဖိကာ သွားကြား မှ ထွက်လာသည့်လေသံနှင့်

*"ပြောစမ်းကွာ အချိန်တွေကြာတယ် မင်းကို ရှည်ရှည်ဝေးဝေး မမေးတော့ဘူး၊ မပြောရင် တစ်ခါ တည်း ဟောဒီဓားနဲ့ လည်တိုင်ကို ဖောက်လိုက်မယ်"*

ဟု ခြိမ်းခြောက်၏။

ကျော်ခေါင်က တုန့်လှုပ်ဟန်မရှိဘဲ ထိုသူကိုသာ စူးစိုက်ကြည့် ရှုလိုက်၏။ ထိုသူ၏အသွင်အပြင်မှာ ရက်စက်လိုခြင်းတို့ ဖုံးလွှမ်းထား သော်လည်း စိတ်လျှော့လိုက်ဟန်ဖြင့်

*"မင်းအတွက် အဲဒီကောင်မလေးကို ကယ်တင် ထားလည်း အန္တရာယ်တွေ့ဖို့ အကြောင်းကလွဲပြီး ဘာအကျိုးမှမရှိဘူး"*



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။

ဦးအုန်းသီးသည် ဒေါသတရှူးရှူးထွက်၍ ဝါးစိမ်းတုတ်ဆီသို့ လက်လှမ်းကာ ကျော်ခေါင်အနီးသို့ လွှားခနဲရောက်ရှိလာ၏။

*"ကဲကွာ… တော်တော်ခေါင်းမာတဲ့ကောင်၊ တွေ့ကြသေးတာပေါ့"*

ကျော်ခေါင်သည် ဦးအုန်းသီး၏ တုတ်ချက်များနှင့် ကောင်းစွာ ယဉ်ပါးနေခဲ့ပြီဖြစ်၏။

သို့သော် ယခုတစ်ချိန်တွင်တော့ အညှာအတာ အကင်းမဲ့ဆုံးနှင့် အရက်စက်ဆုံးသာဖြစ်လိမ့်မည်။ ကျော်ခေါင်သည် စိတ်က မည်မျှပင် တင်းထားပါစေ၊ ကိုယ်ခန္ဓာကမူ တောင့်မခံနိုင်တော့ဘဲ၊ ခွေခနဲလဲကျသွား၏။

သူ၏ဦးခေါင်းထက်မှ သွေးတို့က ယိုစိမ့်၍ မျက်နှာသို့တိုင် စီးကျနေ၏။

ဦးအုန်းသီးသည် ကျော်ခေါင်ထံမှ အဖြေစကားထွက် မလာမချင်း ဆက်လက်ရိုက်နှက်လိုဟန်ရှိ၏။

ကျော်ခေါင်သည် သတိကင်းလွတ်နေပြီဖြစ်၏။ ဦးအုန်းသီး၏ ဝါးစိမ်းတုတ်ကလည်း ကျော်ခေါင်၏ ကိုယ်ခန္ဓာပေါ်သို့ ကျရောက်တော့မည်အနိုက်တွင်





*"ရပ်လိုက်ကြပါ၊ ကျော်ခေါင်ကို ထပ်ပြီး မနှိပ်စက်ကြပါနဲ့တော့"*

ဟူသောအသံသည် အိမ်ပေါက်ဝမှ ပေါ်ထွက်လာ၏။

အသံမှာ လွန်စွာတိုးညှင်းသော်လည်း လူအားလုံးသည် တောင်းစွာကြား၍ အသံလာရာဆီသို့ အကြည့်ရောက်သွားကြ၏။

တစ်ပြိုင်နက်ပင် အားလုံးသည် လှုပ်လှုပ်ရှားရှားဖြစ်ကာ တရုတ်ကြီးက ဝမ်းသာအားရဖြင့်

*"ကောင်မလေးရောက်လာပြီ"*

ဟု အော်ဟစ်လေ၏။

မြကြာညိုက တည်ငြိမ်စွာနှင့် အိမ်တွင်း သို့ လှမ်းဝင်ကာ ထိုလူစုအား တစ်ယောက်ချင်း စူးစိုက်ကြည့်၍ ကျော်ခေါင်၏အနီးတွင် ဒူးထောက်ပြီး

*"ကျော်ခေါင်ရယ်.. နောက်ဆုံးအချိန်ထိ ကာကွယ်ပေးခဲ့တာ ငါ့တစ်သက် ဘယ်တော့မှ မေ့ပျောက်မှာမဟုတ်ပါဘူး၊ ကျွဲချိုသံကြားပြီး နင် ပြေးထွက်သွားကတည်းက ငါ နောက်ကလိုက်လာခဲ့တာပါ"*

ဟု ပြောဆိုလေ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ပြိုင်နက်ပင် မြကြာညို၏ပါးပြင်ထက်မှ မျက်ရည်တစ်ပေါက်ကလည်း သတိကင်းလွတ်နေသော ကျော်ခေါင်၏ကိုယ်ပေါ်သို့ ကျရောက်သွားတော့၏။

ပန်းအိစံ ကွန်ပျူတာ
အမှတ်(၇) မျက်နှာစာတန်း ကျိုက္ကဆံလမ်း ကျောက်မြောင်းဈေး တာမွေ

သရဖီလှိုင်စာပေ



ကျော်ခေါင်သည် သတိပြန်လည်ကာ အသိအာရုံတို့ကောင်းစွာ စုစည်းမိချိန်တွင် ဦးစွာ ဦးပေါ်ထွန်း၏ အသံသြသြကြီးကို ကြားလိုက်ရ၏။

ဦးပေါ်ထွန်းက လေသံတင်းမာစွာဖြင့်

"ဒီမှာ အန်းသီး၊ ဒီတစ်ခါတော့ မင်းရဲ့လုပ်ရပ်က တော်တော် လွန်ကျူးလာပြီ၊ ဘာအကြောင်းနဲ့ဖြစ်ဖြစ် ကျော်ခေါင်ကို ဒီလောက်ရိုက်နှက်ဖို့မသင့်ဘူး"

ဟု ပြောလေ၏။

သရဖီလှိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဦးအုန်းသီးထံမှ ပုလင်းသံ၊ ဖန်ခွက်သံတို့ ထွက်ပေါ်ကာ တစ်ဆက်တည်းပင်

"ဒါက ကျုပ်ကိစ္စပါ၊ ခင်ဗျားကြီးနဲ့ ဘာမှ မဆိုင်ဘူး၊ ဒီကောင်လေးရဲ့မိဘတွေ ရုတ်တရက် သေဆုံးသွားကတည်းက ဒီကောင်လေးကိုလည်း အလိုလို ကျုပ်က အုပ်ထိန်းဖို့ဖြစ်လာတာပဲ၊ ကျုပ်က သူ့ရဲ့အုပ်ထိန်းသူဗျ၊ ကျုပ် လုပ်ချင်ရာလုပ်ခွင့်ရှိတယ်"

ဟု ပြန်၍ပြောလေ၏။ ဦးပေါ်ထွန်းက တောက်တစ်ချက် ပြင်းပြင်းခေါက်၍

"မင်းလို ရက်စက်ယုတ်မာတဲ့လူဟာ ကျော်ခေါင်ရဲ့ အုပ်ထိန်းသူနေရာနဲ့ မထိုက်တန်ဘူး၊ ငါတို့က မတတ်သာလို့ကြည့်နေရပေမဲ့ ဒီတစ်ခါတော့ မင်း လုပ်ချင်ရာလုပ်နေတာကို ခွင့်မပြုတော့ဘူး၊ ရွာက လူတွေအားလုံးလည်း မင်းအပေါ် ဒေါသထွက်နေကြပြီ၊ တကယ်တော့ မင်းဟာ ကျော်ခေါင်ရဲ့အိမ်ရိပ်မှာ မှီခိုနေတဲ့သူဆိုတာ သတိထားစမ်း"

ဟု ဆိုလေရာ ဦးအုန်းသီးက သူ၏ပိန်ရှည်ရှည် ခန္ဓာကိုယ်ကြီး ယိမ်းထိုးသွားအောင် ဟက်ဟက်ပက်ပက် ရယ်မောပြီး



"ဟား ဟား ဟား… ခင်ဗျားတို့ရွာသားတွေကို ကျုပ်က ဂရုစိုက်ရမှာလား၊ အုန်းသီးအကြောင်း သိချင်ရင် စမ်းကြည့်လိုက်ကြပါ၊ ကဲ… ခင်ဗျား ဒီကောင်လေးကို ဆေးကုဖို့ခေါ်သွားချင်တယ်ဆိုရင် ခေါ်သွားပေတော့၊ မတော်လို့သေသွားရင် ကျုပ်က မနေနိုင်မထိုင်နိုင် အလုပ်ရှုပ်နေဦးမယ်၊ ဟဲ ဟဲ… ကျုပ်ကတော့ တရုတ်ကြီးတို့လူစုပေး သွားတဲ့ ငွေတွေနဲ့ ဇိမ်ယူလိုက်ဦးမယ်"

ဟု ပမာမခန့်ပြောလေ၏။

ဦးပေါ်ထွန်းသည် အံကိုကြိတ်၍ ဘာမျှမပြောတော့ဘဲ ကျော်ခေါင်အနီးသို့ ရောက်ရှိလာ၏။ ကျော်ခေါင်သည် နာကျင်မှုဝေဒနာကို ကျိတ်ကာခံပြီး ကြိုးစား၍ထရန်ပြင်၏။

ဦးပေါ်ထွန်းက အလျှင်အမြန်ပင် ကျော်ခေါင်ကို ဖေးမကူလိုက်၏။ ထိုအခါ ကျော်ခေါင်က အရက်ခွက်ကို မြှားငတ်ရေကျမော့နေသည့် ဦးအုန်းသီးကို စူးစိုက်ကြည့်ပြီး

"ဦးအုန်းသီး၊ ခင်ဗျားကို ကျုပ် တစ်သက် မကျေဘူး၊ ကျုပ်အပေါ် နှိပ်စက်ညှဉ်းပန်းခဲ့တာတွေ အတွက် တစ်နေ့မှာ ခင်ဗျား နောင်တကောင်းကောင်း





www.burmeseclassic.com

www.burmeseclassic.com



ရစေရမယ်''

ဟု ပြောလိုက်၏။ ဦးအုန်းသီးမှာ ကျော်ခေါင်၏စကားကြောင့် မျက်နှာကြီးနီရဲပြီးမှ ပာက်ခနဲရယ်ကာ

''ကဲပါကွာ၊ ဒီအချိန်မှာ ငါစိတ်ကောင်းလေးဝင်နေလို့ မင်း ထပ်ပြီးမနှာတာပဲ၊ သွားပေတော့၊ ဟောဒီက ဦးပေါ်ထွန်းနဲ့လိုက်ပြီး အားမွေးလိုက်ဦး၊ အားရှိတော့မှ ငါ့ကိုလာပြီး ရင်ဆိုင်၊ ဟုတ်ပြီလား၊ ဟား… ဟား… ခွေးလေးခုန်လို့ ဖုန်မထပါဘူးကွာ''

ဟု လှောင်ပြောင်လေ၏။ ကျော်ခေါင်က အကြည့်ကိုမလွှဲဖယ်ဘဲ

''ဟုတ်ပြီလေ၊ ဒါပေမဲ့ ကျုပ်က ခွေးလေး မဟုတ်ဘူး၊ ဖုန်ထရုံလောက်လည်းမလုပ်ဘူး၊ ခင်ဗျား တစ်ဘဝလုံးကို မြေနှောက်တိုက်ဝတ်ပစ်မဲ့ လေမုန်တိုင်း လိုပဲ တစ်နေ့မှာ ခင်ဗျား လက်ခံလာရလိမ့်မယ်''

ဟု ပြော၍ ခြေလှမ်းကိုပြင်လိုက်၏။

ဦးပေါ်ထွန်းက ကျော်ခေါင်အားတွဲ၍ ထွက်ခွာ၏။ သူတို့၏ နောက်ကျောမှ ဦးအုန်းသီး၏ ငှက်ဆိုးထိုးသံကဲ့သို့ ရယ်မောလှောင် ပြောင်သံကြီးက အဆက်မပြတ် ထွက်ဆဲသာရှိ၏။





ဦးပေါ်ထွန်းက အိမ်သို့ရောက်လျှင် ရောက်ခြင်းပင် ကျော်ခေါင်၏ ဒဏ်ရာဒဏ်ချက်များအား သန့်စင်ကာ တိုင်းရင်း ဆေးဝါးများနှင့် ဆေးကုသပေးလေ၏။

ဦးပေါ်ထွန်း၏မိန်းမ ဒေါ်နန်းမြိုင်သည်လည်း ကျော်ခေါင်၏ အဖြစ်ကိုကြည့်ကာ

''အုန်းသီးဆိုတဲ့ လူပေလူတေကြီး၊ သူ့ အကုသိုလ်နဲ့သူ ပြန်ပြီး ခံရပါစေတော်''

ဟု မေတ္တာပို့လေ၏။

ကျော်ခေါင်သည် အိပ်ရာထက်တွင် လဲလျောင်းနေရင်း အင်္ကျီ အိတ်တွင်းမှ အရာတစ်ခုကို စမ်းသပ်မိ၏။ သူသည် ထိုအရာကလေး ကို ဂရုတစိုက်ထုတ်ကြည့်ပြီး

''ပစ်တိုင်းထောင်ရုပ်ကလေးရေ၊ မင်းရဲ့ မူလ သခင်မလေးကတော့ ဘယ်လိုအဖြစ်ဆိုးမျိုးတွေ ကြုံတွေ့နေရပြီလဲ မသိဘူး၊ ငါဟာ တာဝန်ယူထားတဲ့ ကိစ္စတစ်ခုကို အောင်မြင်အောင်မလုပ်နိုင်တဲ့ လူ တစ်ယောက်ပါကွာ''

ဟု ရေရွတ်မိ၏။

သူ၏အမြင်အာရုံထဲတွင် မြကြာညို၏ပုံရိပ်ကိုသာ မြင်ယောင်



www.burmeseclassic.com

www.burmeseclassic.com



နေမိ၏။

ထို့ကြောင့်ပင် သူသည် တစ်ကိုယ်တည်းပင်

"မြကြာညို၊ ငါ့ကိုခွင့်လွှတ်ပါ"

ဟု အထပ်ထပ်ပြောဆိုနေလေတော့၏။

ကျော်ခေါင်၏ဒဏ်ရာဒဏ်ချက်တို့မှာ ဦးပေါ်ထွန်းတို့လင်မယားက ကောင်းစွာဂရုစိုက်၍ပြုစုကုသပေးသောကြောင့် ဆယ်ရက်ခန့်ကြာလျှင် သက်သာပျောက်ကင်းခဲ့၏။

ထိုရက်များအတွင်း ကျော်ခေါင်သည် အိမ်သို့ ခြေဦးမလှည့်ခဲ့ချေ။ ဦးပေါ်ထွန်းက

"ကျော်ခေါင်၊ မင်းမရှိတဲ့ရက်တွေမှာ အုန်းသီးကတော့ အိမ်ကြီးမှာ လောင်းကစားဝိုင်းတွေလုပ်ပြီး သောင်းကျန်းချင်တိုင်း သောင်းကျန်းနေပြီ"

ဟု သတင်းပေးလေ၏။

ကျော်ခေါင်၏မိဘနှစ်ပါးနှင့် ပတ်သက်၍လည်း ဦးပေါ်ထွန်းက

"မင်းအဖေနဲ့အမေဟာလည်း မိဘဘိုးဘွားတွေထားရစ်ခဲ့တဲ့ပစ္စည်းတွေကို ကောင်းရောင်းကောင်းဝယ်မလုပ်ဘဲ လောင်းကစားပြီး ဖြုန်းတီးပစ်ခဲ့ကြတာပဲ၊



ဒါကြောင့် သူတို့နဲ့အသွင့်တူတဲ့ အုန်းသီးနဲ့ အမြီးစားဖက်၊ ခေါင်းစားဖက် ပေါင်းသင်းနေနိုင်တာပေါ့၊ အုန်းသီးဟာ မင်းမိဘတွေမရှိတော့ပေမဲ့ ဘာကြောင့် ဒီအိမ်ကြီးကို စွန့်ခွာမသွားသလဲဆိုတာ စဉ်းစားစရာပဲကွ၊ မင်းစိတ်ဝင်စားမယ်ဆိုရင် မင်းရဲ့ ဘိုးဘွားလက်ထက်ကတည်းက တည်ဆောက်ခဲ့တဲ့ အဲဒီအိမ်ကြီးအကြောင်းကို ငါပြောပြမယ်၊ အုန်းသီးဟာ ဒီအိမ်ကြီးမှာ ခိုကပ်နေတာ အဲဒီအကြောင်းနဲ့ တစ်နည်းမဟုတ် တစ်နည်း သက်ဆိုင်နေလိမ့်မယ်လို့ ငါတော့ ထင်တာပဲ"

ဟု ဆိုလေ၏။ ထိုအခါ ကျော်ခေါင်က

"ကျုပ်သိရသလောက်တော့ ကျုပ်ရဲ့မိဘနှစ်ပါးဟာ အလုပ်ကို လက်ကြောတင်းအောင်မလုပ်ဘဲ ဘော်ကြော့နေခဲ့ပေမဲ့ ကျုပ်ရဲ့အဘိုးအဘွားတွေကတော့ ဒီနယ်မှာ ဟိုးဘုရင်တွေခေတ်ကတည်းက ထင်ရှားတဲ့သူတွေဖြစ်ခဲ့တယ်တဲ့၊ ဒါထက်ပိုပြီးတော့ ကျုပ်လည်း မသိဘူး"

ဟု ပြောလိုက်ရာ ဦးပေါ်ထွန်းက အိမ်ရှေ့တွင် ဆန်ဖွတ်နေ

www.burmeseclassic.com

www.burmeseclassic.com



သော ဒေါ်နန်းမြိုင်ကို

"ရှင်မရေ… ဒီကိုလာစမ်းပါကွာ၊ ဟောဒီက ကျော်ခေါင်ကို တို့နယ်မှာ ဟိုးအရင်ကတည်းက လူပြောသူပြောများနေတဲ့အကြောင်း ကလေးကို ဖောက်သည်ချလိုက်စမ်းပါ၊ အဲဒီအကြောင်းကို ရှင်မက ကိုယ်တိုင်ကြုံတွေ့ခဲ့တာ မဟုတ်လား"

ဟုဆိုကာ လှမ်း၍ခေါ်လေ၏။ ဒေါ်နန်းမြိုင်က သူတို့စကားဝိုင်းအတွင်း ဝင်ရောက်လာကာ ကျော်ခေါင်ကို

"အခေါ်က အဲဒီအချိန်က မင်းတို့အရွယ် ကလေးသာသာပဲရှိသေးတယ်၊ ဒီနယ်က စော်ဘွားကြီးတစ်ယောက် မင်းအဘိုးဆီ အလည်အပတ်လာရင်းဖြစ်ခဲ့တဲ့ကိစ္စပါပဲ၊ မင်းအဘိုးနဲ့ အဲဒီစော်ဘွားကြီးဟာ မိတ်ဆွေရင်းချာတွေဖြစ်ပြီး အလွန်ပဲရင်းနှီးကြတယ်၊ အဲဒီစော်ဘွားကြီးမှာ အရွယ်ရောက်ပြီးသား သားတစ်ယောက်ရှိတယ်၊ စော်ဘွားကြီးရဲ့သားဟာ ရဲစွမ်းသတ္တိရှိပြီး တိုက်ရည်ခိုက်ရည်ကောင်းတဲ့ ယောကျ်ားပျိုတစ်ယောက်ပဲ၊ ဒီဇာတ်လမ်းမှာ အဲဒီစော်ဘွားကြီးရဲ့သားဟာ အဓိကဇာတ်ကောင်





ပါပဲ၊ သူ့အမည်က ခွန်မှိုင်းလို့ခေါ်တယ်၊ ခွန်မှိုင်းဟာ တစ်နေ့မှာ စော်ဘွားကြီးရဲ့ တာဝန်ပေးမှုနဲ့ သူတို့နယ်ကို ကျူးကျော်လာတဲ့ အခြားလူမျိုးစုတွေရဲ့ရန်က ကာကွယ်ရအောင် နယ်ခြားကို စစ်ထွက်ခဲ့တယ်လို့ဆိုတယ်၊ အဲဒီစစ်ပွဲမှာ ခွန်မှိုင်းဟာ သူ့ရဲ့စစ်သည်တွေကို ဦးဆောင်ပြီး ရန်သူတွေကို နောက်ထပ်မဖော်ကား၊ မနှောင့်ယှက်ရဲအောင် တိုက်ခိုက်မောင်းထုတ်လိုက်နိုင်တယ်၊ ဒါကြောင့် စော်ဘွားကြီးက ခွန်မှိုင်းကို ဆုတော်လာဘ်တော်အနေနဲ့ သူ့ရဲ့ဆောင်ဓါးကို ဆုချခဲ့တယ်တဲ့၊ အဲဒီဆောင်ဓားဟာ အလွန်ပဲ အဖိုးထိုက်တန်တဲ့ ဓါးတစ်လက်ပဲ၊ စော်ဘွားကြီးကိုယ်တိုင် မြန်မာနန်းတွင်းက ပန်းပဲပညာရှင်တွေဆီမှာ အထူးအပ်နှံပြုလုပ်ခဲ့တာဖြစ်ပြီး ဓါးအိမ်တစ်ခုလုံးနဲ့ ဓါးရဲ့လက်ကိုင်တွေမှာ အဖိုးတန်ကျောက်မျက်တွေ စီချယ်ပြီး ဓါးစွမ်းကလည်း သံကိုတောင် ပြတ်သွားအောင် ခုတ်ဖြတ်နိုင်တယ်လို့ အဆိုရှိတယ်၊ ခွန်မှိုင်းဟာ အဲဒီဆောင်ဓါးကို အမြတ်တနိုးနဲ့ လက်ခံရရှိပြီး မကြာခင်မှာပဲ လူဆိုးသူခိုးတွေကို နှိမ်နင်းတိုက်ခိုက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲတစ်ခုမှာ မထင်မှတ်ဘဲ ဦးခေါင်းမှာ ပြင်းထန်တဲ့ ဒဏ်ရာတစ်ခုကို ရရှိခဲ့တယ်၊ အဲဒီဒဏ်ရာဟာ အသက်အန္တရာယ်မစိုးရိမ်ရပေမဲ့ စိတ်ဖောက်ပြန်ပြီး စိတ်ရောဂါသည်တစ်ယောက်လို ဖြစ်သွားခဲ့တယ်"

ဟု ပြောလေရာ ကျော်ခေါင်က စိတ်ဝင်တစားနားထောင်၍

"စော်ဘွားကြီးရဲ့သားတော်နဲ့ ကျုပ်ရဲ့ဘိုးဘွားတွေနဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

ဟု မေးမြန်းလေ၏။ ထိုအခါ ဒေါ်နန်းမြိုင်က ပြောင်းဖူးဖက်ဆေးလိပ်ကို မီးညှိပြီး

"ဘယ်လိုပတ်သက်သလဲဆိုတော့ အဲဒီစိတ်ဝေဒနာသည် ခွန်မိုင်းဟာ စော်ဘွားကြီးနဲ့အတူ တစ်နေ့မှာ မင်းရဲ့ဘိုးဘွားတွေရှိတဲ့ ဒီအိမ်ကြီးကို ရောက်ရှိလာကြတယ်လေ၊ ဟိုးအရင်ကတည်းက ဒီကို ခွန်မိုင်းဟာ စော်ဘွားကြီးနဲ့အတူ မကြာခဏ လာရောက်လည်ပတ်ခဲ့ဖူးပြီး မင်းရဲ့ဘိုးဘွားတွေနဲ့ ဆွေမျိုးရင်းချာလို ရင်းနှီးခင်မင်နေခဲ့တာပဲ၊ အဲဒီမှာ ခွန်မိုင်းဟာ ဒီနေရာ၊ ဒီပတ်ဝန်းကျင်ကို သဘောကျသွားဟန်နဲ့ အချိန်တန်လို့ စော်ဘွားကြီးပြန်မယ်လို့





ပြင်ဆင်ချိန်မှာတော့ ခွန်မိုင်းကို ခေါ်လို့မရတော့ဘူး၊ ခွန်မိုင်းရဲ့ဝေဒနာဟာလည်း ဒီနေရာမှာ နေထိုင်စဉ်အတွင်း နည်းနည်းသက်သာပုံရတယ်၊ ဒါကြောင့် ဘယ်လိုမှ အိမ်ပြန်ဖို့ခေါ်မရတဲ့အတွက် မင်းရဲ့ဘိုးဘွားတွေနဲ့ စော်ဘွားကြီးတို့ဟာ ခွန်မိုင်းအတွက် တစ်မျိုးတစ်ဖုံ စီစဉ်ရတော့ပြန်တယ်၊ အဲဒါကတော့ ခွန်မိုင်းကို စိတ်ချမ်းသာသလို ဒီရပ်ရွာမှာပဲ နေထိုင်စေဖို့ဖြစ်တယ်၊ သူတို့ဟာ ဒီအခြေအနေအတိုင်းဆိုရင် ခွန်မိုင်းရဲ့စိတ်ရောဂါဟာ တစ်နေ့မှာ ရှင်းရှင်းလင်းလင်း ပျောက်ကင်းနိုင်မယ်လို့တောင် ယုံကြည်နေကြတယ်၊ ခွန်မိုင်းရဲ့ရောဂါဟာ နေ့ဘက်မှာ သိပ်ပြီးမဆိုးဝါးဘဲ ပုံမှန်ဆက်ဆံနေထိုင်နိုင်ပေမဲ့ ညဘက်သန်းခေါင်ယံ အချိန်လောက်ဆိုရင် လူစိတ်ပျောက်ပြီး ကြမ်းတမ်းခက်ထန်လာတယ်၊ ဒါပေမဲ့ ဘယ်သူ့ကိုမှ အန္တရာယ်မပေးခဲ့ပါဘူး၊ ဒါကြောင့် ခွန်မိုင်းအတွက် နေ့ဘက်မှာ မင်းရဲ့ဘိုးဘွားတွေအိမ်မှာနေထိုင်စေပြီး ညဘက်ဆိုရင် သူသဘောကျတဲ့ အိမ်ကြီးရဲ့အနောက်ဘက်က လျှိုထဲမှာ ခိုင်ခန့်လုံခြုံတဲ့ အုတ်တိုက်တစ်ခုဆောက်လုပ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး နေပိုင်စေခဲ့တယ်၊ အဲဒီအုတ်တိုက်ဟာ စိတ်ဖောက် ပြန်ရင် ကြမ်းတမ်းလာတတ်တဲ့ ခွန်မှိုင်းအတွက် အထူးလုံခြုံအောင် တည်ဆောက်ထားတဲ့ အကျဉ်းခန်း လို လုံခြုံတဲ့အဆောက်အဦး တစ်ခုပါပဲ"

ဟု ပြောလိုက်ရာ ကျော်ခေါင်က မြကြာညိုအား ဝှက်၍ထား ခဲ့သည့် အုတ်တိုက်ပျက်ကြီးအား မြင်ယောင်ကာ

"ဒီအုတ်တိုက်ကြီးဟာ စိတ်ရောဂါသည် တစ်ယောက်ကိုထားဖို့ ဆောက်လုပ်ထားခဲ့တာပဲ၊ ဒါတွေကို ကျုပ်မသိခဲ့ဘူး၊ စော်ဘွားကြီးရဲ့ သား စိတ်ရောဂါသည်ဟာ အဲဒီအုတ်တိုက်မှာနေထိုင်ပြီး ဘာတွေ ဆက်ဖြစ်သေးသလဲ"

ဟု မေးမြန်းပြန်၏။ ထိုအခါ ဦးပေါ်ထွန်းကဝင်၍

"ခွန်းမှိုင်းဟာ အဲဒီမှာပဲ နောက်တစ်နှစ်လောက် အထိ နေထိုင်ပြီး သေဆုံးသွားခဲ့တယ်၊ သူသေဆုံးစဉ်က သူ့ရဲ့ကိုယ်နဲ့မကွာ အမြဲဆောင်ထားတဲ့ ဆောင်ဓါးဟာ လည်း ပျောက်ဆုံးနေခဲ့တယ်တဲ့၊ ခွန်မှိုင်းက နေ့ဘက်မှာ လွတ်လွတ်လပ်လပ်သွားလာပြီး ဆောင်ဓါးကို တစ်နေရာမှာ ဝှက်ထားခဲ့သလား၊ တစ်စုံတစ်ယောက်





က ယူဆောင်သွားခဲ့သလားဆိုတာတော့ အခုထိ ပဟေဠိတစ်ပုဒ်လိုဖြစ်နေတော့တာပေါ့ကွာ"

ဟု ဆိုလေ၏။ ကျော်ခေါင်က ခေါင်းညိတ်ပြီး

"ဦးအုန်းသီးဟာ ကျုပ်ရဲ့အိမ်ကြီးမှာ ခိုကပ်နေ တာ ဒီဆောင်ဓါးဟာ ဒီအိမ်ကြီးနဲ့ ပတ်သက်တဲ့ တစ်နေရာရာမှာရှိရမယ်လို့ ယုံကြည်ပြီး ရှာဖွေနေတာပဲ ဖြစ်ရမယ်"

ဟု မှတ်ချက်ချလိုက်တော့၏။

သရဖီလှိုင်စာပေ
အမှတ် (၇)၊ အသောကလမ်း၊ ကျောက်မြောင်း။



www.burmeseclassic.com

www.burmeseclassic.com



ကျော်ခေါင်သည် ဒဏ်ရာများ သက်သာပျောက်ကင်း၍ အိမ်သို့ ပြန်လည်ရောက်ရှိလာ၏။ ထိုအခါ မူလက သူနှင့် ဦးအုန်းသီးသာ နှစ်ယောက်တည်းနေထိုင်ကာ အစဉ်အမြဲ တိတ်ဆိတ်ခြောက်ကပ်နေသော အိမ်ကြီးတွင် လူအချို့ဝင်ထွက်သွားလာကာ လှုပ်လှုပ်ရှားရှားဖြစ်လျက်ရှိသည်ကို တွေ့လိုက်ရ၏။

ထိုသူများသည် လောင်းကစားသမားများသာလျှင်ဖြစ်ကြ၏။ ဦးအုန်းသီးသည် အခန်း၏ထောင့်တစ်နေရာတွင် ပက်လက်ကုလားထိုင်ကြီးနှင့်ထိုင်ကာ လောင်းကစားဝိုင်းမှ ရရှိသည့်ငွေစက္ကူများကို ရေတွက်နေ၏။



သူ့တွင်တရုတ်ကြီးထံမှ စို့စို့ပို့ပို့ရရှိလိုက်သည့် ငွေကြေးကို အရင်းတည်ကာ လောင်းကစားဝိုင်းကောင်ခဲ့သည့်အတွက် ယခုဆိုလျှင် အကောင်းဆုံးအရက်ကို ဇိမ်ကျကျမှီဝဲကာ အကောင်းဆုံးအစားအသောက်များကို စားသောက်နိုင်ပေပြီ။

ထိုအခိုက်တွင် ဦးအုန်းသီးက ရှေ့တွင်ရောက်ရှိလာသော လူရိပ်တစ်ခုကြောင့် မျက်လုံးကို လှန်၍ကြည့်ရှုပြီး

"ဩော်··· မင်း ပြန်ရောက်လာပြီကိုး၊ မင်းက လေကြီးလေကျယ်နဲ့ ဘယ်လောက်ပဲပြောပြော အချိန်တန်တော့ ငါ့အရိပ်ကို ပြန်ခိုရတာပဲမဟုတ်လား"

ဟုပြောလေ၏။ ကျော်ခေါင်က ဦးအုန်းသီးရှေ့တွင် ရပ်တန့်ရင်းမှ

"ဒါဟာ ကျုပ်ပိုင်ဆိုင်တဲ့အိမ်ပဲ၊ ပြန်လာရမှာပေါ့"

ဟုဆိုလိုက်ရာ ဦးအုန်းသီးက မျက်မှောင်ကြုတ်၍ ကျော်ခေါင်၏စကားကို အလေးမထားဟန်ဖြင့်

"ဘာပဲဖြစ်ဖြစ် ဒီအိမ်ကို ရောက်ပြီဆိုတော့ ဒီအိမ်ကအလုပ်တွေ မင်းလုပ်ရမယ်၊ မီးဖိုခန်းထဲကို ပြင်ဆင်ပြီး၊ ပုံမှန်အတိုင်း ငါးရက်တစ်ချေးကို

www.burmeseclassic.com

www.burmeseclassic.com



*ဟင်းသီးဟင်းရွက်တွေပို့ရမယ်၊ အိမ်က လောင်းကစားသမားတွေရဲ့ ဝေယျာဝစ္စတွေလုပ်ပေးရမယ်"*

ဟုညွှန်ကြားလေ၏။ ကျော်ခေါင်က ခေါင်းညိတ်ပြီး

*"ကျုပ်စားနေရတဲ့ ထမင်းတစ်လုတ်နဲ့တန်အောင်တော့ အလုပ်လုပ်ရမှာပေါ့"*

ဟုပြောလိုက်လေ၏။ ကျော်ခေါင်သည် ဦးပေါ်ထွန်းတို့ လင်မယားက တားမြစ်သည့်ကြားမှပင် အိမ်သို့ပြန်လာခဲ့ခြင်းဖြစ်၏။

ဦးပေါ်ထွန်းက

*"ကောင်လေး… မင်းတစ်ယောက်ကို ကျွေးမွေးစောင့်ရှောက်လို့ ငါတို့ဘာမှ ထိခိုက်မသွားဘူး၊ မင်းငါတို့နဲ့ တစ်သက်လုံးနေထိုင်လို့ရတယ်"*

ဟုပြောခဲ့သလို ဒေါ်နန်းမြိုင်ကလည်း ကျော်ခေါင်ကို

*"နင်က ဘာဖြစ်လို့များ ဟို လူ့ပေလူ့ညစ်ကြီးရဲ့ စက်ကွင်းထဲကို ပြန်ပြီးတိုးဝင်ချင်ရတာလဲ"*

ဟုဆိုလေ၏။ ထိုအခါ ကျော်ခေါင်က ဆုံးဖြတ်ချက်ခိုင်ခိုင်မာမာ ချထားဟန်ဖြင့်

*"ကျုပ် ဘယ်သူ့ကိုမှ ဒုက္ခမပေးချင်ပါဘူး၊ ဦးကြီးပေါ်ထွန်း ကျုပ်ကို မကြာခဏပြောခဲ့ဘူးတာပဲ၊*





*ဘာမှမတည်မြဲတဲ့ ဒီလောကကြီးမှာ ခံစရာရှိရင် ခံလိုက်၊ စံစရာရှိရင် စံလိုက်ဆို၊ တစ်ချိန်ချိန်မှာ ကျုပ်အလှည့်ရောက်လာမှာပါ"*

ဟုပြောခဲ့ပြီးဖြစ်၏။ ကျော်ခေါင်သည် အိမ်သို့ပြန်ရောက်လျှင် စိုက်ခင်းထဲသို့ ဆင်းမြဲဆင်း၏။

လောင်းကစားသမားများက ခိုင်းစေလျှင်လည်း မညည်းမညူ ပြုလုပ်ပေး၏။

ထိုသူများအတွက် အထူးတလည်ပြုလုပ်ပေးရခြင်းများ မရှိသော်လည်း ချမ်းအေးလှသော ရာသီဖြစ်လေရာ အိမ်ကြီး၏ မီးလင်းဖိုကြီးထဲတွင် ထင်းတုံးများကို အဆက်မပြတ်ထည့်၍ အပူရအောင် ပြုလုပ်ပေးရခြင်းသာရှိ၏။

ထို့အတွက် ကျော်ခေါင်သည် တောထဲတွင် ထင်းခြောက်များ ရှာဖွေ၍ အလုပ်ပိုလာ၏။ ထိုသို့ ပြုလုပ်နေရသော်လည်း သူ့အတွက် အချိန်ပိုများစွာ ကျန်ရှိနေသေး၏။

ညဘက်များတွင် ကျော်ခေါင်သည် ဆူညံလှသော လောင်းကစားဝိုင်းများမှ အသံများကြောင့် တိတ်ဆိတ်အေးချမ်းသော အိမ်ကြီး၏ နောက်ဘက်လျှိုထဲရှိ အုတ်တိုက်ပျက်ထဲသို့သွားကာ အိပ်စက်တတ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးအုန်းသီးသည် ကျော်ခေါင်အပေါ်တွင် အပြစ်ရှာရိုက်နှက်ခြင်းများမရှိတော့ချေ။ သို့သော် အော်ငေါက်ဆူပူမြဲသာဖြစ်၏။ တစ်နေ့တွင် ဦးအုန်းသီးက ကျော်ခေါင်ကို

"ဟေ့ကောင်၊ နောက်တစ်နေ့မှာ ကြေးကြီးလောင်းကစားမဲ့ သိန်းဝိုင်းရှိတယ်၊ လာပြီး လောင်းကစားမဲ့လူတွေကလည်း တကယ့်ကို လက်ဖျားငွေသီးနေတဲ့ လောင်းကစားသမားကြီးတွေချည်းပဲကွ၊ သူတို့ကို ကောင်းကောင်းဂရုစိုက်ပါ၊ သူတို့သဘောကျရင် မင်းအတွက် ဘောက်ဆူးကောင်းကောင်းရလိမ့်မယ်"

ဟု ပြောလေ၏။

ကျော်ခေါင်သည် တစ်ခါတစ်ရံတွင် လောင်းကစားသမားထံမှ ပေးသည့် ငွေကြေးများရရှိဖူးသော်လည်း မည်သည့်အခါမျှ လက်မခံခဲ့ချေ။

ထိုသူများကို ရွံရှာသလို ထိုသူများထံမှငွေကြေးကိုလည်း ရွံရှာနေခဲ့၏။



နောက်တစ်နေ့သို့ရောက်လျှင် ဦးအုန်းသီးပြောသည့်အတိုင်းပင် အိမ်ကြီးသို့ လောင်းကစားမည့်မျက်နှာစိမ်းလူများ၊ တစ်ယောက်ပြီး တစ်ယောက် ရောက်ရှိလာကြ၏။

ထိုအခါ ဦးအုန်းသီးက ငွေပုံကြီးကို မြင်တွေ့ရသည့်အလား၊ ထိုသူများကို ပြုံးရွှင်စွာဖြင့် ကြိုဆိုလေ၏။

ထိုအချိန်တွင် ဦးအုန်းသီးသည် လူဆိုး၊ လူမိုက်နှစ်ယောက် သုံးယောက်ကို ပေးကမ်းကျွေးမွေးပြီး တပည့်မွေးနိုင်ပြီဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



လောင်းကစားသမားများမှာ အိမ်ကြီးတွင် ရက်အတန်ကြာထိ စတည်းချ၍ လောင်းကစားကြမည်ဖြစ်၏။ ဦးအုန်းသီး၏တပည့်များ ကိုယ်တိုင် လောင်းကစားသမားများအတွက် စားရေး၊ သောက်ရေးကို ချက်ပြုတ်ပြင်ဆင်ကြ၏။

ထိုသူများ၏ နိုင်းစေမှုနှင့် ကျော်ခေါင်သည်လည်း မအားလပ်ရအောင် ရှိလေ၏။ ကျော်ခေါင်သည် ငွေကြေးကြွယ်ဝဟန်ရှိသော လောင်းကစားသမားများကိုကြည့်၍

*“အင်း… ဒီလူတွေဟာ တခြားဘာအလုပ်မှ မလုပ်ဘဲ တစ်သက်လုံး ဒီလိုပဲ လောင်းကစားနေကြတယ် ထင်တယ်၊ ငါ့ရဲ့ မိဘနှစ်ပါးလည်း ဒီလိုပဲ နယ်တကာလှည့်ပြီး လောင်းကစားခဲ့တာပဲ”*

ဟု တွေးမိ၏။ လောင်းကစားရန်ရောက်လာသူထဲမှ လူတစ်ယောက်ကိုမြင်တွေ့လျှင် ကျော်ခေါင်သည် အနည်းငယ် အံ့သြကာ

*“လောင်းကစားသမားထဲမှ ရှားရှားပါးပါး အဒေါ်ကြီး တစ်ယောက်လည်း ရောက်လာပါလား၊ ဒီအဒေါ်ကြီးရဲ့ပုံစံက တည်တည်ကြည်ကြည် ရှိပုံရတယ်၊ သူ့ရဲ့မျက်လုံးတွေကလည်း စူးရှတောက်ပြောင်နေတာပဲ၊ ဦးအုန်းသီးကိုကြည့်ရတာလည်း ဒီအဒေါ်ကြီး*





*ကို တခြားသူတွေထက်ပိုပြီး လေးလေးစားစားရှိပုံရတယ်”*

ဟု ရေရွတ်မိ၏။

ထိုအမျိုးသမီးကြီးမှာ အသက် (၄၀) ကျော်ခန့်ရှိကာ သွားလာလှုပ်ရှားမှုက ဖျတ်လတ်သွက်လက်သောကြောင့် ရှိရင်းစွဲအသက်ထက်ပို၍ ငယ်နုသလို ထင်ရ၏။

ထိုအမျိုးသမီးကြီး လာရောက်လောင်းကစားသောကြောင့် ဦးအုန်းသီးမှာ ဂုဏ်ယူနေဟန်ဖြင့် သူ၏တပည့်တစ်ယောက်ကို

*“ဒီအမျိုးသမီးကြီးအမည်က ဒေါ်နန်းမြိုင်လို့ခေါ်တယ်၊ တကယ့်ကို ဆွေကြီးမျိုးကြီး ထဲကပဲကွ၊ ဒီအိမ်ကြီးရဲ့ အရှင်သခင်ဖြစ်တဲ့ ကျော်ခေါင်ရဲ့ ဘိုးဘွားတွေနဲ့ ရင်းနှီးပြီး ဒီကို မကြာခဏ အလည်အပတ်ရောက်လာတတ်တဲ့ စော်ဘွားကြီးရဲ့တူမတော်စပ်တယ်၊ ဒေါ်နန်းမြိုင်ဟာ စော်ဘွားကြီး မရှိတဲ့နောက်ပိုင်းမှာ စော်ဘွားကြီးရဲ့အမွေတွေကို ဆက်ခံခွင့်ရခဲ့တာပေါ့၊ သူဟာ လောင်းကစားကို ငွေကြေးအရမဟုတ်ဘဲ ဝါသနာပါလို့ကို လုပ်နေတာကွ”*

ဟု ပြောလေ၏။ ကျော်ခေါင်သည် ဦးအုန်းသီး၏စကားကို



www.burmeseclassic.com

www.burmeseclassic.com



မထင်မှတ်ဘဲ ကြားကာ

"လောကကြီးမှာ ဒေါ်နန်းမြိုင်လို လောင်းကစားကို ဘိန်းစွဲသလို စွဲနေတဲ့လူမျိုးတွေလည်း ရှိသေးတာပါပဲလား"

ဟု မှတ်ချက်ချမိလေ၏။

မကြာမီ စိုက်ခင်းထဲတွင် ပေါက်ပြားတစ်လက်နှင့် အလုပ်ရှုပ်နေသော ကျော်ခေါင်ထံ ထိုအမျိုးသမီးကြီးသည် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပြီး

"သိပ်ပြီးထူးဆန်းတဲ့မြင်ကွင်းပဲ၊ ဒီအိမ်ကြီးက နောက်ဆုံးမျိုးဆက်ဖြစ်တဲ့ ကလေးတစ်ယောက်က စိုက်ခင်းထဲမှာ ပင်ပင်ပန်းပန်း အလုပ်လုပ်နေရပြီး ဒီအိမ်ကြီးရဲ့ အစေအပါးဖြစ်တဲ့လူကတော့ အရှင်သခင်နေရာမှာ ရှိနေတယ်၊ ဒါဟာ သဘာဝတရားကြီးရဲ့ ဟန်ချက်မညီမှုပဲ"

ဟု ပြောလေ၏။ ကျော်ခေါင်က ပေါက်ပြားကိုချပြီး အမျိုးသမီးကြီးကို

"အဒေါ်ပြောတဲ့ ဟန်ချက်မညီမှုဆိုတာ ဦးအုန်းသီးက ကျုပ်ကို အနိုင်အထက်လုပ်ထားတာကို ပြောတာဆိုရင် အဲဒီဟန်ချက်ညီဖို့ အဲဒီ အနိုင်အထက်





လုပ်တာကို ကျုပ်က ပြန်ပြီးတွန်းလှန်ရမှာပေါ့"

ဟု ဆိုလိုက်၏။ ဒေါ်နန်းမြိုင်ဟူသည့် အမျိုးသမီးကြီးက ကျော်ခေါင်ကို စူးစိုက်ကြည့်ပြီး ခေါင်းတဆတ်ဆတ်ညိတ်ကာ

"အင်း... မင်းပုံစံက အရွယ်နဲ့မတန်အောင် ရင့်ကျက်ခဲ့ပုံပဲ၊ မင်းမှာ မတရားမှုအတွက် ခုခံတွန်းလှန်ချင်တဲ့စိတ်က အမြစ်တွယ်နေပြီပဲ၊ အချိန်ကာလတစ်ခုအထိရောက်အောင် သည်းခံပြီး စောင့်နိုင်ဖို့ပဲ လိုတယ်၊ ဒီမှာကောင်လေး... ရေဟာ အလွန်ပဲ ပျော့ပျောင်းနူးညံ့သလို ကျောက်ဆောင်ကြီးတွေကို တစ်စစီ တိုက်စားသွားနိုင်လောက် အောင်လည်း ပြင်းထန်တဲ့အစွမ်းသတ္တိရှိတယ်ဆိုတာ မြဲမြဲမှတ်ထားစမ်း"

ဟု ပြောကာ ထိုနေရာမှ ဖြည်းညင်းစွာလှည့်၍ ထွက်သွားတော့၏။

ကျော်ခေါင်သည် ဒေါ်နန်းမြိုင်၏ကျောပြင်ကို တွေတွေကြီး စိုက်ကြည့်ရင်း ထိုအမျိုးသမီးကြီး၏ အတွေးအခေါ်တို့မှာ အခြားသူများနှင့် မတူဘဲ တစ်မူထူးခြားနေသည်ကို သတိပြုမိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျော်ခေါင်သည် သူ၏ကိုယ်လုံးထက် နှစ်ဆမျှရှိသော သစ်ခြောက်ပင်ကြီးကို အရင်းမှနေ၍ ပေါက်ဆိန်နှင့် ခုတ်ပိုင်းနေလေ၏။

ထိုအပင်ကြီးသည် လွန်ခဲ့သည့်နှစ်အတန်ကြာကပင် ရေသောက်မြစ်ပြတ်၍ တစ်ပင်လုံး ခြောက်သွေ့သွားဟန်တူ၏။

ကျော်ခေါင်သည် လောင်းကစားသမားများအတွက် ထင်းခြောက်များ ရှာဖွေရင်း ထိုအပင်ကြီးကိုတွေ့လျှင် ထင်းအဖြစ် အသုံးပြုရန် ကြံစည်မိ၏။





ထိုအပင်ကြီးမှ ထင်းခြောက်များ နှစ်ရက်သုံးရက်စာမျှ ရရှိနိုင်၏။ ကျော်ခေါင်သည် ချမ်းအေးလှသည့်ရာသီတွင်ပင် တစ်ကိုယ်လုံး ချွေးတို့ဖြင့် ရွှဲနစ်ကာ ပေါက်ဆိန်ကို အဆက်မပြတ်အားစိုက်၍ ခုတ်ပိုင်းလေရာ သစ်ခြောက်ပင်ကြီး၏ ပင်စည်တစ်ဝက်အထိ ရောက်ရှိ လာ၏။

ထိုအခါ သစ်ခြောက်ပင်ကြီးအတွင်း၌ သစ်ခေါင်းတစ်ခု ဖြစ်ပေါ်နေသည်ကို တွေ့ရ၏။ ထို့နောက် သူ၏လက်တွင်းမှ ပေါက်ဆိန်ဖြင့် တစ်ချက်နှစ်ချက်မျှ ဆက်၍ ခုတ်ပိုင်းမိလျှင် သစ်ခေါင်းတွင်းမှ ထွက်ပြူလာသော တစ်စုံတစ်ရာကြောင့် အလုပ်ကိုရပ်တန့်ပြီး

*"ဒီသစ်ခေါင်းထဲမှာ တစ်ခုခုရှိနေပုံရတယ်"*

ဟု ရေရွတ်ကာ မည်သည့်အရာမှန်းမသိဘဲ တစ်စွန်းတစ်စ ထွက်ပြူနေရာသို့ လက်ကရောက်ရှိသွား၏။

ကျော်ခေါင်သည် ထိုအရာကို သစ်ခေါင်းတွင်းမှဆွဲထုတ်၍ ပွတ်သပ်ကြည့်ရှုပြီး မျက်လုံးပြူးကျယ်ကာ

*"ဒါ... ဒါဟာ ကျောက်စီဆောင်ဓါး တစ်လက်ပဲ၊ ဒီဆောင်ဓါးအား စော်ဘွားကြီးရဲ့ သားပိုင်ဆိုင်တဲ့ ဓါးပဲ ဖြစ်ရမယ်"*



www.burmeseclassic.com

www.burmeseclassic.com



ဟု အော်ဟစ်လိုက်မိ၏။

စော်ဘွားကြီး၏သား စိတ်ရောဂါသည်မှာ ထိုဆောင်ဓါးအား အလျှဉ်းသင့်ရာ သစ်ခေါင်းတွင်း ထိုးထည့်ခဲ့ဟန်တူ၏။

ဓါးအိမ်တွင် စီချယ်ထားသော ကျောက်မျက်ရတနာတို့မှာ ပွတ်တိုက်သန့်စင်ခြင်းမရှိသော်လည်း မည်မျှအဖိုးထိုက်တန်မှန်းမသိ။ ဧ့ရောင်တွင် တဖျတ်ဖျတ်တောက်ပလျက်ရှိ၏။ ကျော်ခေါင်သည် ဆောင်ဓါးကိုကိုင်၍ မှင်တက်မိသလိုရှိရင်း လက်က အလို အလျောက် အရိုးကို ကိုင်ဆွဲမိ၏။

ဓါးသည် ဓါးအိမ်မှ ကျွတ်သွားချေပြီ။ ဓါးသွားတွင် အဆီ တစ်မျိုး သုတ်လိမ်းထားဟန်ဖြင့် နှစ်များစွာ ကြာမြင့်သော်လည်း သံချေးတက်၍ ပျက်စီးခြင်းမရှိဘဲ စိမ်းဖန့်ဖန့်အရောင်များထွက်နေ သည်ဟု ခံစားမိ၏။

ကျော်ခေါင်သည် ဓါးကို ခပ်တင်းတင်းဆုပ်ကိုင်၍ လေထဲ တွင် နှစ်ချက်သုံးချက်မျှ ဝှေ့ရမ်းလိုက်၏။ ထိုအခိုက်တွင်ပင် ကျော်ခေါင်ရှိရာ အုတ်တိုက်ကြီးအနီးရှိ လှိုဏ်ထဲသို့ လူတစ်ဦးရောက်ရှိ လာကာ

"ကျော်ခေါင်... မင်းဟာ တကယ့်ကို ကံထူးတဲ့ သူငယ်ပါပဲ၊ မင်း မထင်မှတ်ဘဲ တွေ့ရှိလိုက်တဲ့ဓါးဟာ





ဘယ်လိုဓါးမျိုးဖြစ်ပြီး ဘယ်သူပိုင်ဆိုင်ခဲ့သလဲ ဆိုတာ ကော သိရဲ့လား"

ဟု မေးမြန်းသံထွက်ပေးလာ၏။

ကျော်ခေါင်သည် နောက်ဘက်သို့ ဆတ်ခနဲ လှည့်၍ ကြည့်မိ၏။ သူ၏မြင်ကွင်းထဲတွင် ဒေါ်နန်းမြိုင်သည် လက်ပိုက်လျက် သက်သောင့် သက်သာရပ်တန့်နေ၏။

ကျော်ခေါင်ကဓါးကို ဓါးအိမ်တွင်းသို့ သေချာစွာထည့်ကာ

"ဒီဓါးဟာ စော်ဘွားကြီးရဲ့သားပိုင်ဆိုင်တဲ့ ဓါးပဲဖြစ်ရမယ်လို့ ကျုပ် တွေးမိပါတယ်"

ဟု အဖြေပေးလိုက်၏။ ဒေါ်နန်းမြိုင်က ကျော်ခေါင် ထံလှမ်းလာပြီး ခေါင်းညိတ်ကာ

"ဒီလိုနေရာမှာ အဖိုးတန်ဓါးတစ်ချောင်း ရှိနေတယ်ဆိုရင် စော်ဘွားကြီးရဲ့သား ပိုင်ဆိုင်တဲ့ ဓါးကလွဲပြီး အခြားအရာမဖြစ်နိုင်ပါဘူး၊ ဒီဓါးက အခု မင်းလက်ထဲကိုရောက်နေပြီ၊ မင်း ဘာဆက်လုပ် မှာလဲ"

ဟု မေးမြန်းပြန်၏။ ကျော်ခေါင်က စိတ်တွင်း၌ရှိသည့်အတိုင်း

ပင်



www.burmeseclassic.com

"မသိဘူး၊ ဒါပေမဲ့ ဒီလို အဖိုးထိုက်တန်တဲ့ပစ္စည်း တစ်ခု မသမာသူတွေရဲ့လက်ထဲရောက်သွားမှာတော့ စိုးရိမ်မိပါတယ်"

ဟု ဆိုလိုက်ရာ ဒေါ်နန်းမြိုင်က မျက်မှောင်ကြုတ်၍

"ဒါဆိုရင် ငါက ဒီဓါးကို မင်းလက်တွင်းက လုယူမယ်၊ ဒါမှမဟုတ် ငွေတွေတစ်ပုံကြီးပေးပြီး ဝယ်ယူမယ်ဆိုရင် ဘယ်လို ဆုံးဖြတ်မလဲ"

ဟု မေးမြန်းပြန်၏။ ကျော်ခေါင်က လက်တွင်းမှဓါးကို တစ်ချက်စူးစိုက်ကြည့်ကာ

"လုယက်ယူငင်သွားမယ်ဆိုရင်တော့ မတတ်သာလို့ အလျှော့ပေးလိုက်ရတဲ့အတွက် ဘယ်တော့မှ ကျေနပ်မှာမဟုတ်ဘူး၊ ငွေတွေ တစ်ပုံကြီးဟာ ကျုပ်လို ဆင်းရဲတဲ့သူအတွက် အရေးကြီးတယ်ဆိုပေမဲ့ ဒီဓါးကို ကျုပ် အဲဒီလို ငွေနဲ့လည်း မလဲလှယ်ချင်တာအမှန်ပဲ"

ဟု အဖြေပေးလိုက်၏။ ဒေါ်နန်းမြိုင်က ဆက်လက်၍

"ဒီဓါးရဲ့ မူလပိုင်ရှင်လက်ထဲကို ပြန်ပြီးအပ်ဖို့ စိတ်မကူးဘူးလား"

ဟု မေးမြန်းလိုက်ပြန်ရာ ကျော်ခေါင်က



"ဓါးရဲ့မူလပိုင်ရှင်တွေက လူ့လောကကြီးထဲမှာ မရှိတော့ဘူးလေ၊ ဒါပေမဲ့ ဒီလိုအဖိုးထိုက်တန်တဲ့ပစ္စည်းကို ကျုပ် ထိန်းသိမ်းထားနိုင်မှာလည်း မဟုတ်ဘူး၊ ဒီဓါးက ကျုပ်လက်ထဲ မထင်မှတ်ဘဲ ရောက်လာခဲ့တာပါ၊ ဒီအတွက် ဘာလုပ်ရမှန်းလည်း ကျုပ်မသိဘူး"

ဟု ပြောလိုက်တော့၏။ ဒေါ်နန်းမြိုင်က သက်ပြင်းချကာ

"မင်း မေ့လျော့နေပြီထင်တယ်၊ ငါဟာ စော်ဘွားကြီးရဲ့ တစ်သီးတည်းသော အမွေဆက်ခံခွင့်ရတဲ့ တူမတစ်ယောက်ပဲ"

ဟု ဆိုလေ၏။

ကျော်ခေါင်သည် ယခုမှပင် ထိုအချက်ကို သတိပြုမိတော့၏။ ဤသို့ဆိုလျှင် အဖိုးတန်ဓါးသည် ဒေါ်နန်းမြိုင်နှင့် တိုက်ရိုက်သက်ဆိုင်နေပေပြီ။

ထို့ကြောင့် ကျော်ခေါင်က ချက်ချင်းပင် ဆုံးဖြတ်ချက်ကိုချ၍ ဓါးကို ဒေါ်နန်းမြိုင်၏လက်တွင်းသို့ထည့်ကာ

"အဒေါ်လက်ထဲကို ကျုပ်အပ်ပါတယ်၊ ဒီဓါးဟာ သက်ဆိုင်တဲ့ သူတွေဆီမှာပဲရှိသင့်တယ် မဟုတ်လား"

ဟု ပြောကာ ထိုနေရာမှ လှည့်ထွက်ခဲ့တော့၏။

www.burmeseclassic.com



ကျော်ခေါင်၏စိတ်တွင်း၌ ထိုဓါးကို ဒေါ်နန်းမြိုင်၏လက်တွင်း အပ်လိုက်ရသည့်အတွက် ဝမ်းသာမှုလည်းမဖြစ်ပေါ်သလို နှမြောတသ စိတ်လည်း မဖြစ်ပေါ်ခဲ့ပေ။

ထိုဓါးသည် မူလကတည်းက သူနှင့် ဘာမျှမသက်ဆိုင်ခဲ့သလို ယခုလည်း သက်ဆိုင်ခြင်းမရှိတော့ဟု သဘောပေါက်၍ထားလိုက်၏။

ကျော်ခေါင်သည် အုတ်တိုက်ဆီသို့ရောက်ရှိလာပြီး မြက်ခြောက် အခင်းပေါ်တွင် ခြေပစ်လက်ပစ်လဲလျောင်းလိုက်မိ၏။

သူ့အတွက် ခေတ္တမျှ အမောအပန်းဖြေပြီးလျှင် သစ်ခြောက်ပင် ကြီးကို ဆက်လက်ခုတ်ပိုင်းရပေဦးမည်။ ဤသည်သာလျှင် သူ၏ဘဝ မဟုတ်ပါလား။

သို့သော် ဒေါ်နန်းမြိုင်က ကျော်ခေါင်၏နောက်သို့လိုက်ပါ လာ၏။ ဒေါ်နန်းမြိုင်၏မျက်ဝန်းတို့တွင် နူးညံ့သိမ်မွေ့ခြင်းအရိပ်အယောင် တို့ ဖုံးလွှမ်းထား၏။

ထို့နောက် သူမက ကျော်ခေါင်ကို

"ကောင်လေး၊ ဒီဓါးအပေါ်မှာထားတဲ့ မင်းရဲ့ ဆုံးဖြတ်ချက်မှာ မင်းရဲ့ဘဝတစ်ခုလုံးကို ပြောင်းလဲ သွားစေတော့မယ်၊ အခုအချိန်ကစပြီး မင်းဟာ အဒေါ်နဲ့ သက်ဆိုင်တဲ့လူတစ်ယောက်ဖြစ်သွားပါပြီ၊ ဆင်းရဲ





ချို့တဲ့မှုတွေ၊ အောက်ကျို့မျက်နှာငယ်ရမှုတွေဟာ ရုပ်တန့်သွားပြီ၊ တစ်နေ့မှာ မင်းဟာ ကိုယ့် ခြေထောက်ပေါ် ကိုယ်မားမားရပ်နိုင်ပြီး ရဲရင့်တဲ့၊ သတ္တိရှိတဲ့ သူတစ်ပါးအကျိုးအတွက် စွန့်လွှတ်အနစ်နာ ခံတတ်တဲ့ ယောကျ်ားကောင်းတစ်ယောက်ဖြစ်လာ အောင် မင်းရဲ့အရည်အသွေးကို အဒေါ် အရောင်တင် ပေးမယ်၊ မင်း သဘောတူရင် အဒေါ်နဲ့ လိုက်ခဲ့ပါ"

ဟု ခေါ်လေတော့၏။

ကျော်ခေါင်သည် ဒေါ်နန်းမြိုင်၏စကားကြောင့် မိမိကိုယ်ကို အိပ်မက်မက်နေသည်ဟုပင် ထင်မိ၏။ သူသည် အတန်ကြာမျှ ငိုင်တွေ ပြီးနောက်

"ကျုပ်က ဒီဘိုးဘွားပိုင်အိမ်ကြီးကို စွန့်ခွာသွား ရမှာလား၊ ပြီးတော့ ကျုပ်အပေါ် အမျိုးမျိုးနှိပ်စက်ခဲ့တဲ့ ဦးအုန်းသီးကို ဘာမှ မတုံ့ပြန်ရတော့ဘူးလား"

ဟု မေးမြန်းလိုက်ရာ ဒေါ်နန်းမြိုင်က ကျော်ခေါင်၏ပခုံးပေါ် လက်တင်၍

"မင်းသိထားဖို့က အားအင်ပြည့်ဝတဲ့သူအတွက် အရာအားလုံး ပြီးမြောက်အောင်ဆောင်ရွက်နိုင်ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲဝင်တော့မဲ့ စစ်သည်တော်တစ်ယောက်ဟာ ကြိုတင်ပြီး တိုက်ရည်ခိုက်ရည်ပြည့်ဝအောင် အထပ်ထပ်လေ့ကျင့်ထားရသလိုပါပဲ၊ မင်းအတွက် စိတ်အား လူအား ပြည့်ဝလာစေဖို့ ကြိုးစားလေ့ကျင့်မှ မင်းအကောင်အထည်ဖော်ချင်တဲ့ ကိစ္စမှန်သမျှကို အောင်မြင်အောင်ဆောင်ရွက်နိုင်လိမ့်မယ်"

ဟု ပြောလေ၏။ ကျော်ခေါင်က သူ၏ဘဝပြောင်းလဲမှုကို လက်ခံကာ ဒေါ်နှန်းမြိုင်အား

"ကျုပ် ဒီရပ်ရွာကိုစွန့်ခွာပြီး အဒေါ်နောက်ကို လိုက်ခဲ့ပါ့မယ်"

ဟု ဆိုလေရာ ဒေါ်နှန်းမြိုင်က ခေါင်းညိတ်ပြီး

"ဟုတ်ပြီလေ၊ မင်းကို ဒီလိုစောင့်ရှောက်ဖို့ စီစဉ်တာကို တမလွန်က စော်ဘွားကြီးနဲ့ အစ်ကိုခွန်မှိုင်းတို့ ကျေနပ်ကြမှာပါ၊ မင်းဟာ အစ်ကိုခွန်မှိုင်းရဲ့ခေါင်းကို ပြန်လည်ဖော်ထုတ်ပြီး ငါ့လက်ထဲ ထည့်ပေးခဲ့တယ်မဟုတ်လား၊ ပြီးတော့ ငါ တစ်ခုပြောစရာ ရှိသေးတယ်၊ အဲဒါက မင်းကိုမြင်စကတည်းက မင်းရဲ့ စိတ်နေစိတ်ထားရဲ့ရုပ်သွင်ဟာ အစ်ကိုခွန်မှိုင်း ငယ်စဉ်





ကအတိုင်း တစ်ထပ်တည်းပဲရှိနေတာ ထူးထူး ဆန်းဆန်း သိလိုက်ရတယ်၊ နောက်တစ်ခုက ဒီခေါင်းကို မင်းရှာဖွေတွေ့ရှိခဲ့တာ ငါ့အတွက် ထူးဆန်းတဲ့ တိုက်ဆိုင်မှုတစ်ခုကို ထပ်ပြီးကြုံတွေ့လိုက် ရတာပါပဲ၊ လူကြီးသူမတွေသာရှိသေးရင် မင်းကိုမြင်ပြီး အစ်ကို ခွန်မှိုင်း ပြန်လည်ဝင်စားတယ်လို့ ပြောကြမှာပဲ၊ ငယ်စဉ်ကတည်းက အစ်ကို ခွန်မှိုင်းဟာ ငါ့ကို နှမလေးအရင်းလိုချစ်ခင်ပြီး သံယောဇဉ်ရှိခဲ့တယ်၊ သူဟာ အမြဲပဲ ငါ့အပေါ် ကျီစယ် နောက်ပြောင်ခဲ့ပြီး ငါ့မှာ မကြာခဏ စိတ်ကောက်ငိုကြွေးခဲ့ရတယ်၊ ဒါကြောင့် အစ်ကိုခွန်မှိုင်းကို ငါက သူနဲ့လိုက်ဖက်မဲ့ နာမည်ပြောင်တစ်ခုပေးပြီး စိတ်ဆိုးစိတ်ကောက် တဲ့အချိန်မှာ ခေါ်လေ့ရှိတယ်၊ မင်းကိုတွေ့စက ငါ့ရဲ့နှုတ်ဖျားမှာ အဲဒီ အမည်ဟာ အလိုလိုရောက် လာတယ်၊ မင်းဟာ ဘဝသစ်မှာ လူသစ်၊ စိတ်သစ်နဲ့ နေထိုင်ရတော့မယ်၊ ပြီးတော့ မင်းရဲ့ကျန်ခဲ့တဲ့အတိတ်က အရာအားလုံးကို လောလောဆယ့်မေ့ထားပြီး မင်းရဲ့အမည်ကို ပြောင်းလဲပစ်ရမယ်၊ ဒီကနေ



www.burmeseclassic.com

www.burmeseclassic.com



မင်းထွက်ခွာသွားတဲ့အခါမှာ ဘယ်သူမှ မသိဘဲ ရုတ်တရက်ထွက်ခွာသွားရမယ်၊ မင်းကို မုန်းသူ၊ ချစ်သူ၊ အားလုံးနဲ့ အနှောင်အဖွဲ့က ရုတ်တရက်ပဲ ရုန်းထွက်ခဲ့ရမယ်"

ဟု ပြောလေ၏။ ထိုအခါ ကျော်ခေါင်က

"ကျုပ်ကို အဒေါ်က ခေါ်ဆောင်သွားတယ်ဆိုတာလည်း ဘယ်သူမှမသိစေရသလို ကျုပ်ကလည်း ဘယ်သူ့ကိုမှ မသိစေဘဲ ထွက်ခွာရမှာပေါ့၊ ပြီးတော့ ကျုပ်ရဲ့အမည်ကိုပါ ပြောင်းလဲရမှာပေါ့၊ ဒါဟာ စော်ဘွားကြီးရဲ့သားကို အဒေါ်က နာမည်ပြောင်းခေါ်ခဲ့တဲ့ အမည်လို့လည်းပြောတယ်၊ ဘာပဲဖြစ်ဖြစ် ကျုပ်ကိုကျုပ် အဒေါ့်လက်ထဲ အပ်ပါတယ်၊ အဒေါ် ကြိုက်သလိုစီစဉ်ပါ၊ ကျုပ် တစ်သဝေမတိမ်း လိုက်နာပါ့မယ်"

ဟု ဆိုလိုက်လေ၏။

ဒေါ်နန်းမြိုင်၏မျက်ဝန်းထဲတွင် မှိုင်းညို့ညို့ဖြစ်လာကာ နှုတ်ခမ်းမှ အပြုံးတစ်စပေါ်၍ ကျော်ခေါင်ကို

"ငါဟာ အစ်ကိုခွန်မှိုင်းကို အဲဒီအမည် ခေါ်လိုက်





တိုင်း အစ်ကိုက စိတ်မဆိုးတဲ့အပြင် ထပ်ပြီးတောင် နောက်ပြောင်တတ်သေးတယ်၊ မင်းကိုမြင်လိုက်ရတော့ အဲဒီအကြောင်းတွေဟာ ငါ့ရင်ထဲမှာ အသစ် ပြန်ပေါ်လာသလို ကြည်နူးရတယ်၊ မင်းအမည် ကျော်ခေါင်ကို မေ့ပစ်လိုက်ပါတော့ကွယ်၊ မင်းဟာ အစ်ကိုခွန်မှိုင်းကို ငါခေါ်ခဲ့သလို တာတေကြီး ဖြစ်သွားပါပြီ၊ ဘဝသစ်တစ်ခုမှာ တာတေကြီးဆိုတဲ့ လူသစ်တစ်ယောက် မွေးဖွားလာခဲ့ပါပြီ"

ဟု ပြောလေ၏။

ထိုအချိန်၌ ကျော်ခေါင် ခေါ် တာတေကြီး၏ ပခုံးကိုဆုပ်ကိုင်ထားသော ဒေါ်နန်းမြိုင်၏လက်က ပို၍ တင်းကျပ်သွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီပယင်းပုတီးကလေးဟာ သက်မဲ့ပစ္စည်းဖြစ်ပေမဲ့ ကျုပ်အတွက်တော့ အဓိပ္ပာယ်ပြည့်ဝတဲ့ စကားတွေရှိနေတယ်ဗျ။ မကြာခင်က ကျုပ်အတွက် ဆရာတော်ကြီး ခိုင်းစေထားတဲ့ကိစ္စဟာ အရေးအကြီးဆုံးပါပဲ။

ဒီပယင်းပုတီးကလေးကို တွေ့တဲ့အချိန်ကစပြီး ကျုပ်ဘဝမှာ ဒီထက်ပိုပြီး အရေးကြီးတာမရှိတော့ပါဘူး။

ကုန်ကုန်ပြောရရင် ဒီအရာကလေးဟာ ကျုပ်ရဲ့အသက်ထက်တောင် အရေးကြီးနေပါသေးတယ်"





## ဒုတိယပိုင်း

ရာသီစက်ဝန်းက တစ်ပတ်ပြီးတစ်ပတ် လည်ပတ်ခဲ့ချေပြီ။ ဦးပေါ်ထွန်းသည် လွန်ခဲ့သည့်နှစ်ကစ၍ အမျိုးသမီးရောဂါဖြင့် နာတာရှည်လူမမာအဖြစ် အိပ်ရာထဲလဲနေသော ဇနီးသည် ဒေါ်ခမ်းမြိုင်ကို အိမ်တွင် တစ်ယောက်တည်းထားခဲ့ပြီး နောက်ဆံတငင်ငင်နှင့် တောင်ယာထဲဆင်းခဲ့ရ၏။

သူတို့ဒေသတွင် သုံးနှစ်ဆက်တိုက် မိုးနှင်းများကျလေရာ တောင်ယာသီးနှံများ ပျက်စီး၍ ရွာသားများ၏ စားဝတ်နေရေး ခက်ခဲခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအထဲတွင် ဦးပေါ်ထွန်းသည်လည်း အပါအဝင်ဖြစ်၏။ ထို့ကြောင့် ၄င်းသည် တောင်ယာကို ယခုနှစ် ခုတ်ထွင်လုပ်ကိုင်နေရသော်လည်း ရာသီဥတု ဖျက်ဆီးမည့်အရေးကို တွေး၍ စိတ်မပါလက်မပါ ဖြစ်နေလေ၏။

လွန်ခဲ့သောနှစ်များစွာကဆိုလျှင် ဦးပေါ်ထွန်းသည် ရွာကလေးတွင် စားနိုင်သောက်နိုင်နှင့် စီးပွားရေး အပြေလည်ဆုံးလူတစ်ယောက်ဖြစ်ခဲ့၏။

ယခုတော့ ဖနီးသည်ကို ပြုစုစောင့်ရှောက်ရသည်နှင့် တောင်ယာအတွက်ညှိုသောကြောင့် ထမင်းနပ်မှန်အောင်ပင် အတော်ကြိုးစားနေရ၏။ ကျန်ရွာသားများအတွက်မူ ဆိုဖွယ်ရာမရှိတော့ချေ။

ရွာကလေးနှင့် တမြေတည်း ဆက်စပ်နေသော်လည်း ထိုဆင်းရဲဒုက္ခတို့ကို မခံစားရဘဲ စည်းစိမ်ယစ်မူးနေနိုင်သူတစ်ဦးသာရှိ၏။

ထိုသူမှာ တောင်ကုန်းမြင့်ပေါ်ရှိ စံအိမ်ကြီးတွင် လောင်းကစားနိုင်ဖွင့်၍ တပည့်လက်သားများစွာရှိသော ဦးအုန်းသီးဟူသောလူကြီးပင်ဖြစ်တော့၏။

ရွာသားများမှာ တဖြည်းဖြည်း ဦးအုန်းသီး၏ ငွေကြေးထောက်ပံ့မှုနှင့် ကင်းသူဟူ၍ ဦးပေါ်ထွန်းသာလျှင် ရှိတော့၏။





ဦးအုန်းသီးသည် ရွာသားများကို အတိုးကြီးကြီးနှင့် ငွေတိုးချေး၏။ အချို့ တောင်ယာကွက်များမှာ ဦးအုန်းသီး၏ သိမ်းယူခြင်းကို ခံခဲ့ရပြီဖြစ်၏။

ယခုအချိန်တွင် ဦးအုန်းသီးသည် မြင်းညိုကြီးတစ်ကောင်ကိုပင်ဝယ်ယူကာ ညနေစောင်းများတွင် ပတ်ဝန်းကျင်အနှံ့စီးရင်း မြေပိုင်ရှင် သူဌေးတစ်ယောက်လို ဟိတ်ဟန်ထုတ်နေတတ်၏။

ခေါင်းပေါင်းစတာလှူလှူနှင့် အကောင်းစားပိုးဖဲကတ္တီပါအဝတ်များကိုဝတ်ဆင်တတ်သော ဦးအုန်းသီးသည် မည်သူ့ကိုမျှ လူမထင်ဘဲ မောက်မာရိုင်းစိုင်းစွာ ထင်တိုင်းကြဲနေလေ၏။

သူ၏တပည့်များကလည်း နောက်လိုက်ခွေးများပီပီ သခင်၏အမိန့်ကို တစ်သဝေမတိမ်း လိုက်နာကြ၏။ ရွာထဲမှ ကာလသားလူငယ်အချို့မှာ ထိုသူများနှင့် မကြာခဏ ခိုက်ရန်ဖြစ်ပွားလေ့ရှိ၏။

ဦးအုန်းသီး၏ခြေလှမ်းမှာ တဖြည်းဖြည်းကြဲလာ၏။ နောက်ဆုံးတွင် အနီးပတ်ဝန်းကျင်ရွာများမှ မိန်းမပျိုကလေးများကိုပင် ငွေနှင့်ပေါက်၍ အနိုင်အထက် ယန်းကောင်းအညွန့်ချိုးကာ ဖျက်ဆီးခြင်းအမှုကို မကြာခဏ ကျူးလွန်နေတော့၏။

ဦးပေါ်ထွန်းသည် တောင်ယာထဲမှ အတိုင်းသားမြင်တွေ့နေရသော တောင်ကုန်းမြင့်ပေါ်မှ အိမ်ကြီးဆီသို့ လှမ်းမျှော်ကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



အတွေးနယ်ချဲ့နေမိ၏။

ထိုအခါ သူသည် လွန်ခဲ့သော ဆယ်နှစ်ကျော်ကာလဆီသို့ စိတ်က ရောက်ရှိသွား၏။ ထိုအိမ်ကြီး၏ နောက်ဆုံးမျိုးဆက်ဖြစ်သူ ကျော်ခေါင်ဟူသော လူငယ်ကလေး၏ပုံရိပ်ကလည်း သူ၏အာရုံထဲသို့ တစ်ဆက်တည်း တိုးဝင်လာ၏။

မျက်လုံးပြူးပြူး၊ လေးထောင့်ကျသောမျက်နှာနှင့် ကျစ်လစ်သန်မာသောကိုယ်ခန္ဓာကို ပိုင်ဆိုင်၍ အမြဲလို ညစ်ပေနေသော အဝတ်အထည်များကို ဝတ်ဆင်ကာ ဦးအုန်းသီးနှိပ်စက်ညှဉ်းပန်းသမျှကို ခါးစည်းခံခဲ့ရသောကျော်ခေါင်သည် မည်သည့်အရပ်သို့ ရောက်ရှိနေသည် မသိ။

ဦးပေါ်ထွန်းသည် ထိုလူငယ်ကလေးကို မကြာခဏ သတိရမိ၏။ ကျော်ခေါင်မှာ ဦးအုန်းသီး၏ဒဏ်ကို မခံနိုင်တော့ဘဲ လူမသိ၊ လူမသိ ထွက်ပြေးပျောက်ကွယ်သွားသည်ဟု ထင်မှတ်ထားမိ၏။

ထို့နောက် ဦးပေါ်ထွန်းသည် အသက်အရွယ်က ထောက်လာလေရာ တောင်ယာထဲတွင် အလုပ်ကြမ်းများကို ပင်ပင်ပန်းပန်း လုပ်ကိုင်ရင်း ဓနီးသည်အား စိတ်မချနိုင်၍ အိမ်သို့ပြန်လာခဲ့၏။

အိမ်တွင် သူ့အတွက် စိတ်ပူပန်ဖွယ်ရာမြင်ကွင်းတစ်ခုက ဆီးကြိုနေ၏။ ဒေါ်ခမ်းမြိုင်သည် ရောဂါဝေဒနာကို ပြင်းထန်စွာ





ခံစားနေရရှာ၏။

ထိုအခိုက် အိမ်နီးနားချင်းများပါ ရောက်ရှိလာပြီး အဒေါ်ကြီးတစ်ယောက်က

"ကိုပေါ်ထွန်း... လူမှာကို ဒီအတိုင်းထိုင်ကြည့်နေလို့ မပြီးဘူးလေ၊ ဆေးကောင်းဝါးကောင်းကလေးတွေနဲ့ကုဖို့ မြို့ကဆေးဆရာကို သွားပင့်မှ သင့်လိမ့်မယ်"

ဟု အကြံပေးလေ၏။

ဦးပေါ်ထွန်းသည် ဆေးကုသစရိတ်ကိုသာ မြင်ယောင်မိပြီး သက်ပြင်းချမိ၏။ သူ့တွင် ငွေဟူ၍ တစ်ပြားတစ်ချပ်မျှ မရှိပေ။

ထိုအဒေါ်ကြီးကပင်ဆက်၍ ဦးပေါ်ထွန်းကို ဦးအုန်းသီးထံတွင် သွားရောက်၍ ငွေချေးရန် တိုက်တွန်းပြန်၏။

ဦးပေါ်ထွန်းသည် ရှောင်လွှဲမရသောအခြေအနေကြောင့် ဦးအုန်းသီးထံတွင် ငွေကြေးအကူအညီတောင်းရန် ထွက်ခွာလာရ၏။

ဦးအုန်းသီးထံသို့ရောက်လျှင် ဦးပေါ်ထွန်းက

"အုန်းသီး၊ ငါ့မိန်းမဆေးဖိုးအတွက် ငွေအရေးတကြီးလိုနေတယ်၊ ငါ့ကို အတိုးနဲ့ ငွေနည်းနည်းလောက်ချေးပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေရာ ဦးအုန်းသီးက မျက်လုံးကိုမှေးစင်းပြီး အကောင်းစားစီးကရက်ကိုဖွာ၍

"ငွေလိုချင်ရင် ဒီအတိုင်းဘယ်ရမလဲ၊ ခင်ဗျားရဲ့ တန်ဖိုးရှိတဲ့ ပစ္စည်းတစ်ခုခု အပေါင်ထားရမှာပေါ့"

ဟု ဆိုလိုက်၏။ ဦးပေါ်ထွန်းက ခေါင်းညိတ်၍

"ဟုတ်ပြီလေ၊ ငါ့ရဲ့တောင်ယာကွက်ကို မင်းဆီမှာ အပေါင်ထားမှာပါ"

ဟု ပြောလေရာ ဦးအုန်းသီးက မျက်နှာကို ရှုံ့မဲ့ပြီး စီးကရက်ကို ထိုးချေ၍

"ဘာဗျ… ကျုပ်က ခင်ဗျားရဲ့တောင်ယာကွက် အစုတ်အပြတ်ကို ဘာလုပ်ရမှာလဲ၊ ကျုပ်ဆီမှာတောင် ဘာမှလုပ်ကိုင်စားလို့မရတဲ့ တောင်ယာကွက်တွေ ဒီအတိုင်းထားရတယ်"

ဟု ဆိုကာ ဦးပေါ်ထွန်း၏စကားကို စိတ်မဝင်စားတော့ဟန်ဖြင့် တစ်ဖက်သို့ လှည့်သွားတော့၏။

ထိုအခါ ဦးပေါ်ထွန်းက မျက်နှာကို အတတ်နိုင်ဆုံး ချိုသာကာ

"ဒီတောင်ယာကို မင်းလက်ခံချင်ရင် ဖြစ်ပါတယ်၊ ဒီနှစ် ရာသီဥတုကောင်းရင် အဆင်ပြေနိုင်ပါ





တယ်"

ဟု ဆိုလေ၏။ ဦးအုန်းသီးက ခေါင်းယမ်းပြီး

"ဟော့လူကြီး… ကျုပ် တောင်ယာကိုတော့ မလိုချင်ဘူး၊ အင်း… ခင်ဗျားမှာ ငွေလိုနေတယ်ဆိုရင် တော့ ကျုပ်အိမ်မှာ လက်တိုလက်တောင်း အလုပ်တွေ လုပ်ဖို့ သုံးလတိတိနေပေးရမယ်"

ဟု ပြောလေ၏။

ဦးပေါ်ထွန်းသည် ထောင်းခနဲ ဒေါသဖြစ်သွားသော်လည်း စိတ်ကို ထိန်းလိုက်ရ၏။

သူ့ကို ဦးအုန်းသီးက ကျော်ခေါင်းနှင့်ပတ်သက်၍ ကာကွယ်ပေး ခဲ့သောကြောင့် ယခုအထိ အငြိုးထားနေဆဲဖြစ်သည်ကို သဘော ပေါက်မိ၏။

ဦးပေါ်ထွန်းသည် ခေါင်းငိုက်စိုက်နှင့်ရှိနေပြီးမှ

"အုန်းသီး၊ ငါ့ကို ငွေပေးပေတော့၊ မင်းရဲ့ သဘောအတိုင်း ဖြစ်စေရမယ်"

ဟု ဆိုလိုက်တော့၏။ ဦးအုန်းသီးက ဦးပေါ်ထွန်း၏စကား ကြောင့် တဟားဟား အော်ဟာစ်ရယ်မောပြီး

"ဟား ဟား ဟား… ငွေက ခင်ဗျားရဲ့အစွယ်ကို



www.burmeseclassic.com

www.burmeseclassic.com



ချိုးပစ်လိုက်တာပါလား"

ဟု ပြောလေရာ ဦးပေါ်ထွန်းက အံကြိတ်ပြီး

"ဒီမှာ အုန်းသီး... ငါ့မိန်းမရဲ့ ကျန်းမာရေးကိစ္စကြောင့် မလွှဲမရှောင်သာလို့ မင်းဆီရောက်လာတယ် မှတ်ပါ၊ ငါကိုယ်တိုင်သာဆိုရင် ဘယ်တော့မှ မင်းလို လူမျိုးကို အောက်ကျို့မခံဘူးကွ၊ အသက်သာ အသေခံသွားမယ်"

ဟု ပြောလိုက်၏။ ဦးအုန်းသီးက စိတ်ဆိုးဟန်မပြဘဲ

"ဪ... ခင်ဗျားက အခုထိ လောကမလျှော့ သေးဘဲကို၊ ဒီအိမ်ကိုရောက်လာရင်တော့ လေလျှော့ သွားမှာပါ"

ဟု ပြောဆိုလေတော့၏။

ဦးပေါ်ထွန်းအတွက် ထိုငွေကိုရလျှင် အိမ်သို့ အလျှင်အမြန်ပြန်ခဲ့၏။ သူ့အတွက် နောက်ကျသွားချေပြီ။ ဒေါ်ခမ်းမြိုင်သည် လူ့လောကကြီးမှ ထွက်ခွာသွားပြီဖြစ်၏။

ဦးပေါ်ထွန်းသည် ဒေါ်ခမ်းမြိုင်ကို တွေတွေကြီးစိုက်ကြည့်ရင်း စိတ်မကောင်းခြင်းကြီးစွာဖြင့်

"မခမ်းရယ်... ဟိုလူယုတ်မာကြီးဆီက ယူလာ





တဲ့ ငွေဟာ မင်းရဲ့ဆေးဖိုးမဟုတ်ဘဲ အသုဘစရိတ် ဖြစ်သွားပါလား"

ဟု ရေရွတ်လိုက်တော့၏။

ပန်းအိစ် ကွန်ပျူတာ
အမှတ်(၇) မျက်နှာစာလမ်း ကျိုက္ကဆံကွင်း ကျောက်မြောင်းရပ် တာမွေ



www.burmeseclassic.com

www.burmeseclassic.com



ဦးပေါ်ထွန်းသည် ဦးအုန်းသီးထံတွင် အလုပ်သမားဖြစ်သွားခဲ့ချေပြီ။

ထိုအခါ လောင်းကစားသမားများ၏ မောက်မာရိုင်းစိုင်းမှုကို သည်းခံပြီး တံမျက်လှဲ၊ ကြမ်းတိုက် စသည့်အလုပ်များကို အသက်အရွယ်နှင့်မတန်ဘဲ အစေခံတစ်ယောက်လို လုပ်ကိုင်နေရလေ၏။

၎င်းသည် ထိုသို့ရှိနေရင်း ဦးအုန်းသီးသည် မိန်းမပျိုကလေးများကို အိမ်ကြီးတွင်ခေါ်၍ မကြာခဏ ဖျက်ဆီးသည်ကို ရွံရှာမှုယ်တွေ့ မြင်နေရ၏။

တစ်နေ့တွင် ဦးအုန်းသီး၏တပည့်လက်ရင်းတစ်ယောက်ဖြစ်သော ဓါးဇော်ကြီးဆိုသူသည် မိန်းမပျိုကလေးတစ်ယောက်ကို အိမ်





ကြီးသို့ ဖမ်းဆီးခေါ်ဆောင်လာကာ အခန်းတစ်ခုအတွင်း ပိတ်လှောင်သည်ကို ဦးပေါ်ထွန်းက မြင်တွေ့လိုက်၏။

ထိုမိန်းကလေးသည် မကြာမီတွင် ဦးအုန်းသီး၏ မတရားအနိုင်အထက်ပြုကျင့်ခံရတော့မည့် သားကောင်ဖြစ်ရပေတော့မည်။

ထို့ကြောင့် ဦးပေါ်ထွန်းက မိန်းကလေးထံ နေ့လယ်စာပို့ဆောင်ရင်း

*"မိန်းကလေး၊ ကျုပ်နောက်ကို လိုက်ခဲ့ပေတော့၊*

*ဒါမှမဟုတ်ရင်တော့ မင်းအနေနဲ့ ညကိုရောက်ရင် ဟို*

*လူယုတ်မာ ဦးအုန်းသီးရဲ့ယုတ်မာမှုကို ခံရလိမ့်မယ်"*

ဟု ပြောလိုက်၏။

မိန်းကလေးသည် မျက်လုံးကလေးပြူးကျယ်ကာ ကြောက်စိတ်နှင့် တဆတ်ဆတ်တုန်ရင်နေရှာ၏။

သူမသည် ရိုးသားသော တောသူမကလေးတစ်ယောက်သာဖြစ်ကာ အလုပ်ရှာဖွေရန် ငါးရက်တစ်ဈေး မြို့ကလေးသို့ ရောက်ရှိလာခြင်းဖြစ်၏။

ထိုအခိုက် ဓါးဇော်ကြီးက မိန်းကလေးကို အလုပ်ရမည်ဟု ဖျားယောင်းကာ အိမ်ကြီးသို့ ခေါ်ဆောင်လာခြင်းဖြစ်၏။ အိမ်ကြီးသို့ရောက်လျှင် မိန်းကလေးသည် လောင်းကစားဝိုင်းများကိုမြင်တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် အလုပ်မလုပ်လိုတော့ဘဲ ရှိနေ၏။

ထိုအခါ ဓါးဓော်ကြီးက မိန်းကလေးကို အစမွှဖမ်းဆီးချုပ်နှောင်လိုက်ခြင်းသာ ဖြစ်၏။

ဤသို့ဖြင့် ဦးပေါ်ထွန်းသည် မိန်းကလေးကို အခန်းတွင်းမှ ခေါ်ထုတ်လာရာ ဓါးဓော်ကြီးတို့လူစုနှင့် ပက်ပင်းတိုး၍ အကြံအစည် ပျက်လေ၏။

ထိုအဖြစ်ကိုသိလျှင် ဦးအုန်းသီးက ဒေါသတရှူးရှူးထွက်၍

"ဒီဦးပေါ်ထွန်းဆိုတဲ့ အဘိုးကြီးကို ငါကိုယ်တိုင်
မှတ်လောက်သားလောက်အောင် ဆုံးမမယ်၊ ဒီလို
ကိစ္စမျိုးကို ခွင့်မလွှတ်နိုင်ဘူး"

ဟု ကြိမ်းဝါးလေ၏။

ဓါးဓော်ကြီးတို့လူစုက ဦးပေါ်ထွန်းကို အိမ်ကြီးနံဘေးရှိ မြေကွက်လပ်သို့ ဖမ်းဆီး၍ ခေါ်ဆောင်လာကြ၏။

မိန်းကလေးမှာမူ အခန်းတွင်းသို့ ပြန်လည်ရောက်ရှိသွားပြီ ဖြစ်၏။ သူမအတွက် အားကိုးရာလည်း မဲ့သွားချေပြီ။ ဦးပေါ်ထွန်းမှာ ဦးအုန်းသီး၏ အပြစ်ပေးမှုကို စောင့်ဆိုင်းနေလေ၏။

ဦးအုန်းသီး သည် လက်တွင်းမှ ဝါးစိမ်းတုတ်ကို လက်ဖဝါးတွင် တဖျတ်ဖျတ်ရိုက်၍ ဦးပေါ်ထွန်းကို





"ဟေ့လူကြီး၊ ဒီဝါးစိမ်းတုတ်ကို မှတ်မိသေးရဲ့
လား၊ ဟဲ ဟဲ... တစ်ခါတုန်းက ကျောခေါင်ကို
ကျူပ် ဒီဝါးစိမ်းတုတ်နဲ့ ဆုံးမလိုက်လို့ ခင်ဗျား
ရောက်လာပြီး ခေါ်သွားတယ်လေ၊ အခုတော့ ခင်ဗျား
ကို ဒီဝါးစိမ်းတုတ်နဲ့ပဲ ကျူပ်ဆုံးမရတော့မယ်၊ ခင်ဗျား
အလှည့်မှာတော့ ဘယ်သူမှ လာကယ်နိုင်မှာ မဟုတ်
ဘူး"

ဟု ဆိုလေ၏။

ဦးပေါ်ထွန်းသည် သန်မာလှသော ဓါးဓော်ကြီး၏ ချုပ်ကိုင်မှုတွင် မလှုပ်သာအောင်ရှိနေ၏။ မကြာမီ သူ၏ကျောထက်သို့ တုတ်ချက်များက မညှာမတာ ကျရောက်လာပေတော့မည်။ ဦးပေါ်ထွန်းက ဦးအုန်းသီးကို ရွံ့ရှာစွာစိုက်ကြည့်ပြီး ရင်ကော့ကာ

"အုန်းသီး၊ မင်းဘာမှပြောမနေနဲ့၊ မတရားမှု
လုပ်တဲ့သူအတွက် နတ်ကောင်းနတ်မြတ်တွေက အပြစ်
ပေးလိမ့်မယ်ကွ"

ဟုအော်ဟစ်လိုက်၏။ ဦးအုန်းသီးက ရယ်ကျဲကျဲနှင့်တစ်လှမ်းခြင်း လှမ်းလာကာ

"နတ်ကောင်းနတ်မြတ်တွေက အပြစ်ပေးမှာက



www.burmeseclassic.com

www.burmeseclassic.com



*နောက်မှဗျ၊ အခု ကျုပ်က ခင်ဗျားကို အရင်ဆုံး အပြစ်ပေးတော့မယ်"*

ဟုဆိုလေ၏။

သူတို့လူစုမှာ ဦးပေါ်ထွန်းထံသို့ အာရုံစိုက်နေလေရာ တောင်ကုန်းထက်ရှိ အိမ်ကြီးနဘေးသို့ ရောက်ရှိလာသော လူရွယ်တစ်ယောက်ကို မည်သူမျှ သတိမပြုမိချေ။

ဦးအုန်းသီးက တုတ်ကို ဝှေ့ယမ်းပြီး ဦးပေါ်ထွန်းကို ရိုက်နှက်ဟန်ပြင်လိုက်စဉ် လူရွယ်က

*"တော်တော်ရှုံစရာကောင်းတဲ့လုပ်ရပ်ပဲ၊ အသက်အရွယ်ကြီးရင့်တဲ့ လူကြီးတစ်ယောက်ကို မလှုပ်သာအောင် ချုပ်နှောင်ပြီးမှ ရိုက်နှက်ဖို့ပြင်နေတယ်"*

ဟုပြောလေ၏။ ဦးအုန်းသီးက နောက်သို့ ဆတ်ခနဲလှည့်၍ လူရွယ်ကိုမြင်တွေ့လျှင် မျက်မှောင်ကြုတ်ပြီး

*"မင်းဘယ်သူလဲ၊ လောင်းကစားဖို့ ရောက်လာတာဆိုရင် အိမ်ကြီးထဲကိုသွားပါ၊ ဒါမှမဟုတ်ရင် ကိုယ်နဲ့မဆိုင်တဲ့ကိစ္စမှာ ဝင်ပြီးအာမချောင်ပါနဲ့"*

ဟုဆိုလေရာ လူရွယ်က ခေါင်းမှ သက္ကလတ်ဦးထုပ်ကို လက်ညှိုးနှင့်တွန်းတင်ပြီး





*"မတရားမှုမှန်သမျှ ကိုယ်ချင်းစာတရားရှိတဲ့ လူတိုင်းနဲ့ သက်ဆိုင်နေတယ်၊ ခင်ဗျား ချုပ်နှောင်ထားတဲ့ လူကြီးကို လွှတ်ပေးလိုက်ပါ"*

ဟုပြောလေ၏။

ဦးပေါ်ထွန်းသည် သူ့ကို ဝင်ရောက်ကယ်တင်ရန် ကြိုးစားသူလူရွယ်ကို စူးစိုက်ကြည့်မိ၏။ လူရွယ်သည် မျက်နှာစိမ်းညို့သည် တစ်ယောက်သာဖြစ်၏။

သက္ကလတ်ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းထားသည့်အောက်မှ လူရွယ်၏ မျက်လုံးအစုံမှာမူ နူးညံ့သိမ်မွေ့မှုရှိသော်လည်း လိုအပ်လျှင် မတွန့်မဆုတ်ဘဲ ရက်စက်မည့်ဟန်ရှိ၏။

လူရွယ်၏ ပခုံးပေါ်အထိ အပြိုင်းအရိုင်းဝဲကျနေသော ဆံပင်ရှည်တို့နှင့် မရိတ်သင်ဘဲ ရက်အတန်ကြာမျှ ရှိနေသည့် နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးတို့က မသေမသပ် ဖြစ်နေသော်လည်း တစ်မျိုးပင် ခန့်ထည်နေ၏။

အဖြူဆွတ်ဆွတ်ရှပ်အင်္ကျီကို ရင်ဘတ်ဖွင့်၍ ခဲသားရောင်ဘောင်းဘီနှင့် တောစီးဖိနပ်ကို ဝတ်ဆင်ထားသော လူရွယ်၏ဟန်ကလည်း လွတ်လပ်မှုကို ကြိုက်နှစ်သက်ကြောင်း ဖော်ပြနေ၏။

ထိုအခိုက် ဦးအုန်းသီးက လူရွယ်ကို အသာတကြည်ပြောဆိုရမည့်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်မှန်း သဘောပေါက်ကာ သူ့လူများကို မျက်ရိပ်ပြလိုက်တော့၏။

ဓါးဓော်ကြီးသည် မူလကပင် သွေးကြွနေလေရာ သခင်က အချက်ပြလျှင် လူရွှယ်ထံသို့ လွှားခနဲ ခုန်ဝင်သွား၏။

သူ၏လက်တွင်းမှ ခလုတ်ဓားကလည်း လက်ခနဲဖြစ်သွား၏ သို့သော် သူ၏လှုပ်ရှားမှုက တစ်ဝက်တစ်ပျက်နှင့်ရပ်တန့်သွား၏။ သူ့ထံသို့ ဝင်လာသည့် မဲမဲအရာကို ရုတ်တရက် ရှောင်တိမ်းလိုက်ရသောကြောင့်ဖြစ်၏။

လူရွှယ်သည် ဓားဓော်ကြီးထံသို့ သူ၏ခရီးဆောင်အိတ်ကို ပစ်လွှတ်လိုက်ပြီး လူကပါ ကပ်ပါလာ၏။

ဓားဓော်ကြီးသည် သူ၏ အစဉ်အသုံးပြုနေကျ တွတ်ဓားကွက်ကိုပင် ထုတ်မသုံးရဘဲ လူရွှယ်၏ လက်ပြန်ရိုက်ချက်ကြောင့် မျက်နှာတွင် ထုပ္ပကာ မျက်လုံးမှ ကြယ်မြင်လမြင်ဖြစ်သွားလေ၏။

သူသည့်.မရှုနိုင်မကယ်နိုင်ဖြစ်နေစဉ်မှာပင် သူ၏ဆူဖြိုးလှသော ဝမ်းဗိုက်သို့ လူရွှယ်၏ဒူးချက်က ရောက်ရှိလာသောကြောင့် နာကျင်စွာဖြင့် ပါးစပ်မှ အွတ်ခနဲအသံထွက်ပေါ်သွား၏။

ဦးအုန်းသီး၏တပည့်သုံးယောက်သည် လူရွှယ်ထံသို့ ပြေးဝင်လာကြပြန်၏။ သူတို့တွင် တုတ်ဓားလက်နက်များ ကိုင်ဆောင်ပြီး လူအင်အားနှင့် ပိတ်ဆို့တိုက်ခိုက်ရန် ကြံစည်ထား၏။





လူရွှယ်ကမူ အရိပ်တစ်ရိပ်လို ရွေ့လျားရင်း သူတို့၏တိုက်ခိုက်မှုကို ပွတ်ကာသီကာ ရှောင်တိမ်းလေ၏။ ထို့နောက်မှပင် လူရွှယ်က ထိုသူများကို တစ်ချက်ကောင်းတုံ့ပြန်လေ၏။

ဦးအုန်းသီးသည် တစ်ယောက်ပြီးတစ်ယောက် လွင့်စင်သွားသော သူ့လူများကိုကြည့်၍ မျက်နှာကြီးနီရဲကာ အိမ်ကြီးထဲမှပြေးထွက်လာသော ကျန်တပည့်များအား

*"ဟောကောင်တွေ မင်းတို့ပထွေးကို ကြည့်ကောင်း*

*လို့ကြည့်နေကြတာလား၊ ဝင်တိုက်စမ်း"*

ဟုအမိန့်ပေးလေ၏။

ထိုအခါမှပင် ဓားရှည်ကို ဝှေ့ယမ်းကာ လူတစ်ယောက်က တိုက်ပွဲအတွင်းသို့ ခုန်ဝင်လာ၏။ သူတို့၏ ဝရုန်းသုန်းကား တိုက်ခိုက်မှုကြောင့် အိမ်ကြီးအတွင်းရှိ သောင်းကစားဝိုင်းများလည်း ရပ်တန့်သွား၏။

သောင်းကစားသမားများသည် ထိုနေရာသို့ အလျှင်အမြန်ရောက်လာကြကာ ပွဲကြည့်ပရိသတ်အဖြစ် ရှိလေ၏။

ထိုအခိုက် လူတစ်ယောက်က နှစ်လုံးပြူးသေနတ်တစ်လက်ကို ယူဆောင်ကာ ဦးအုန်းသီး၏ လက်တွင်းသို့ထည့်လေ၏။

ထိုအချိန်တွင် ဓားရှည်သမားသည် လူရွှယ်၏လက်ချက်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



လက်နက်တခြား လူတခြားဖြစ်ကာ လဲပြိုသွား၏။ ကျန်လူများက လူရွယ်ကို ဆက်လက်တိုက်ခိုက်ဟန်ပြင်လေရာ ဦးအုန်းသီးက သေနတ်ကို မိုးပေါ်သို့ထောင်၍ ဒိန်းခနဲပစ်ကာ

"ဟောကောင်တွေ ရပ်စမ်း"

ဟုအမိန့်ပေးလိုက်လေ၏။

သေနတ်သံကြောင့် ထိုနေရာတွင် ခေတ္တမျှ ငြိမ်သက်သွား၏။ ဦးပေါ်ထွန်းသည် လူရွယ်အတွက် စိုးရိမ်စိတ်ဝင်သွားမိ၏။

ဦးအုန်းသီး၏ သေနတ်ပြောင်းဝက လူရွယ်ကို တည့်မတ်စွာ ချိန်ရွယ်ထား၏။ ဦးအုန်းသီးက အနိုင်ရရှိလိုက်ဟန်ဖြင့် အောင်မြင်ခန့်ညားသောအသံကြီးနှင့် လူရွယ်ကို

"မင်း... ငါ့အိမ်ရိပ်က ထွက်သွားစမ်း"

ဟုနှင်ထုတ်လေ၏။ လူရွယ်ကမူ မည်သည့်စကားမျှ မဆိုဘဲ ဦးအုန်းသီး၏ လက်တွင်းမှ သေနတ်ကို အမှုမထားဘဲ တစ်လှမ်းခြင်း လှမ်းလာရင်း

"လူတစ်ယောက်ကို လွယ်လွယ်နဲ့ သတ်ဖြတ်လို့ ရမယ်ထင်ရင် မှားသွားလိမ့်မယ်၊ ခင်ဗျားလက်ထဲက သေနတ်ရဲ့မောင်းခလုတ်ကိုဆွဲတာ လွယ်ကူပေမဲ့ အဲဒီလိုဆွဲယူဖို့အတွက် ခင်ဗျားရဲ့ခေါင်းထဲက ညွှန်ကြားမှုတွေ တွန့်ဆုတ်နေတယ်ဆိုတာ ချွေးစေးတွေထွက်နေတဲ့ ခင်ဗျားရဲ့ မျက်နှာနီနီကြီးက သက်သေခံနေတယ်၊ အဲဒါဘာကြောင့်လဲ ဆိုရင် ခင်ဗျားစိတ်ထဲမှာ ကျုပ်ကို ကြောက်စိတ်ဝင်နေပြီ၊ ခင်ဗျားရဲ့ အရက်နီးဝေနေတဲ့ မျက်လုံးနီနီထဲမှာလည်း အားငယ်တဲ့အရိပ်တွေ ရှိနေတယ်၊ အဲဒါပဲလည်း မောင်းခလုတ်ကို ဆွဲမဲ့ လက်ညှိုးကလေးကိုတောင် ကွေးညွှတ်ဖို့ အားအင်မဲ့နေစေတယ်"

ဟု တည်ငြိမ်စွာပြောဆိုလေ၏၊ လူရွယ်ပြောသလို ဦးအုန်းသီးသည် လက်ညှိုးကို ကွေးညွှတ်၍မရဘဲရှိနေ၏။

လူရွယ်က လှမ်းလာရင်း ဦးအုန်းသီးနှင့်မျက်လုံးချင်းဆုံ၍ စူးစိုက်ကြည့်လျက်

"ကျုပ်ကို ပစ်ခတ်ဖို့ အခွင့်အရေးပေးထားတယ်၊ ပစ်လိုက်ပါ"

ဟု အမိန့်ပေးဟန်ဖြင့်ဆိုလေ၏။ ဦးအုန်းသီးသည် လူရွယ်၏ စူးရှသော မျက်ဝန်းကို ရှောင်လွှဲပြီး

"မင်း...ရှေ့မတိုးနဲ့"

ဟုခြောက်ကပ်ကပ်အသံကြီးနှင့် ဟန့်တားလေ၏။





သရဖီလှိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လူရွယ်ကမူ ခြေလှမ်းမပျက်ဘဲ အနီးသို့တိုးကပ်လာ၏။ လူရွယ်သည် သေနတ်ပြောင်းဝနှင့် သူ၏ဝမ်းဗိုက်ထိတွေ့မှပင် ရပ်တန့်ကာ အေးစက်စက်လေသံနှင့်

"လူတစ်ယောက်ကို အလွယ်တကူ သတ်ဖြတ်လို့ မရဘူးဆိုတာ ခင်ဗျားယုံကြည်သွားပြီမဟုတ်လား"

ဟု ဦးအုန်းသီးကို ပြောလေ၏။

လူရွယ်၏လက်ကလည်း လျှပ်ပျက်သလို လှုပ်ရှားသွားကာ ဦးအုန်းသီးသည် သေနတ်ပါလက်လွှတ်လိုက်ရ၏။

လူရွယ်က သေနတ်ပြောင်းဝကို ဦးအုန်းသီး၏ နထင်ဘေးမှ ထောက်၍ မောင်းခလုတ်ကို ဆွဲလိုက်၏။ ဦးအုန်းသီးသည် ကျယ်လောင်သောပေါက်ကွဲသံကြောင့် နားများပင်အူကာ ထိတ်လန့်သွားမိ၏။

ထိုအခိုက် လောင်းကစားသမား ပရိသတ်ထဲမှ ကြိတ်၍ ရယ်မောသံများထွက်ပေါ်လာ၏။ ဦးအုန်းသီး၏ လေတလူလူလွင့်နေသော ခေါင်းပေါင်းစသည် တစ်စစီ စုတ်ပြဲနေချေပြီ။

လူရွယ်က သေနတ်ကိုချ၍ အနီးတွင်တွေ့သော ဝါးစိမ်းတုတ်ကို ယူကာ ပွတ်သပ်ပြီး

"ခင်ဗျားအတွက် ဒီဝါးစိမ်းတုတ်နဲ့ပဲ ထိုက်တန်





တယ်၊ ဒီဝါးစိမ်းတုတ်နဲ့ လူတချို့ကို နာကျင်ခံရခက်တဲ့ ဝေဒနာတွေ ခံစားရအောင် လုပ်ခဲ့တယ်မဟုတ်လား၊ အဲဒီတုတ်ချက်ဟာ မကြာခင် ခင်ဗျားဆီလှည့် လာနိုင်တယ်၊ ဒါပေမဲ့ လောလောဆယ်တော့ ခင်ဗျား သိမ်းထားပါဦး"

ဟုပြောကာ ဦးအုန်းသီး၏လက်ထဲသို့ ဝါးစိမ်းတုတ်ကိုထည့်လေ၏။ ဦးအုန်းသီးက ထိုအခါမှပင်

"မင်းဘယ်သူလဲ ဒီကိုဘာလာလုပ်တာလဲ"

ဟုမေးမြန်းလေရာ လူရွယ်က နှုတ်ခမ်းကို တွန့်ကွေးရုံမျှ ပြုံး၍

"ကျုပ်အမည်က 'တာတေကြီး' လို့ခေါ်တယ်၊ ဒီကို လောင်းကစားရအောင် ရောက်လာတာပဲ၊ ကျုပ် တခြားသူတွေနဲ့ လောင်းကစားဖို့ ရည်ရွယ်ချက်မရှိဘူး၊ ခင်ဗျားနဲ့နှစ်ယောက်တည်း လောင်းကစားဖို့ ရည်ရွယ်ထားတယ်၊ ခင်ဗျားမှာ လောင်းကစားရဲတဲ့သတ္တိတော့ ရှိဖို့လိုတယ်"

ဟုပြောလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



တာတေကြီး ခေ၊ လူရွယ်နှင့် ဦးအုန်းသီးတို့သည် စားပွဲကြီး၏ တစ်ဘက်တစ်ချက်တွင် ရှိနေ၏။ ညအချိန်ပင်ဖြစ်သော်လည်း အိမ်တွင်း၌ အောက်လင်းမီးအိမ်ကြီးကို ထွန်းညှိထားလေရာ နေ့ဘက်အလား အလင်းရောင်ကောင်းစွာ ရရှိ၏။

လူရွယ်က စားပွဲထက်သို့ ခရီးဆောင်အိတ်ကို တင်ပြီး

*"ကဲ . . . ကျုပ်တို့ရဲ့ အနိုင်အရှုံးအတွက် ကံကြမ္မာရဲ့စီရင်မှုအတိုင်း နာခံကြရအောင်"*

ဟု လောင်းကစားပွဲကို စတင်ရန် အချက်ပေးလိုက်တော့၏။





ဦးအုန်းသီးက သူ၏ဟန်ပန်အတိုင်း စီးကရက်ကိုခဲကာ

*"လောင်းကစားတယ်ဆိုတာ လေနဲ့အလျော်အစား လုပ်လို့ မရဘူးလေ"*

ဟု လူရွယ်ကို ပြောဆိုလိုက်၏။

လူရွယ်က ခေါင်းညိတ်ပြီး ခရီးဆောင်အိတ်ကို စားပွဲထက်သို့ သွန်ချလိုက်၏။ ထိုအခါ အိတ်တွင်း၌ အပြည့်ရှိနေသည့် အင်္ဂလိပ်ငွေစက္ကူများသည် အထပ်လိုက်ပင် စားပွဲပေါ်သို့ ပုံလျက်သားကျလာ၏။ လူရွယ်က

*"ဒီငွေလောက်နဲ့ဆိုရင် လောင်းကစားဖို့ အကြောင်းနိုင်လုံမှာပါ၊ ဒီထက်ပိုပြီး လောင်းကစားချင်တယ်ဆိုရင်လဲ"*

ဟုပြော၍ စကားကို ရပ်တန့်ကာ ငွေစက္ကူများကြားမှ လက်တစ်ဝါးခန့် သစ္စာဘူးပြားကလေးကိုယူ၏။

အိမ်ကြီးအတွင်းရောက်ရှိ နေသော လောင်းကစားသမားများသည် တာတေကြီးနှင့် ဦးအုန်းသီး၏ လောင်းကစားပွဲကို စိတ်ဝင်တစားဖြင့် ဝိုင်းအုံကြည့်ရှုနေကြ၏။

ထိုအခိုက် တာတေကြီးက သစ္စာဘူးပြားလေးကိုဖွင့်၍ စားပွဲထက်သို့တင်ကာ



www.burmeseclassic.com

www.burmeseclassic.com



"ဟောဒီအထဲမှာ အရည်အသွေးကောင်း ပတ္တမြားပွင့်တွေပါတယ်၊ အညံ့ဆုံးပတ္တမြားတစ်ပွင့်တောင်မှ အခုလိုအိမ်ကြီးမျိုး တစ်ဆောင်ကို ကောင်းကောင်းဆောက်လို့ရအောင် တန်ဖိုးရှိတယ်၊ ဒီက လောင်းကစားသမားထဲမှာ ကျောက်အကြောင်းနားလည်တဲ့သူရှိရင် ပတ္တမြားတစ်ပွင့်လောက် စစ်ဆေးကြည့်ပြီး ရာဖြတ်လုပ်ဖို့ ဖိတ်ခေါ်ပါတယ်"

ဟုပြောလေ၏။

ထိုအခါ လောင်းကစားသမားထဲမှ မျက်မှန်ဝိုင်းကလေးတပ်ဆင်ထားသော ပိန်လှီလှီလူတစ်ယောက် တိုးထွက်လာပြီး တာတေကြီးထံမှ ပတ္တမြားတစ်ပွင့်ကို တောင်းယူစစ်ဆေးကာ

"ဟုတ်တယ်၊ ဒါဟာ အဖိုးတန်ပတ္တမြားတွေပဲ"

ဟု ထောက်ခံပြောဆိုလေ၏။ ဦးအုန်းသီးသည် ပတ္တမြားပွင့်များနှင့် ငွေပုံကြီးကိုကြည့်၍ လောဘတက်ဟန်ဖြင့် မျက်လုံးမှ အရောင်တောက်ကာ

"ဟဲဟဲ... ဟုတ်ပြီလေ၊ ဒါဆိုရင် လောင်းကစားပွဲကို စတင်တော့မယ်"

ဟုပြောကာ လက်ကိုဝှေ့ယမ်းလိုက်၏။





ဦးအုန်းသီး၏ တပည့်တစ်ယောက်က စားပွဲထက်သို့ ချည်ကြမ်းအိတ်ကြီးအတွင်းမှ အင်္ဂလိပ်ငွေစက္ကူများကို ဖွင့်ချ၍ ပေးလေ၏။

လူတစ်ယောက်က လောင်းကစားပွဲစတင်သည်ဆိုသည်နှင့် ဖဲချပ်ကလေးများကို လောင်းကစားသမားနှစ်ယောက်၏ရှေ့သို့ တစ်လှည့်စီဝေငှပေးလေ၏။

လူရွယ်က ဖဲနှစ်ချပ်ကို ဆတ်ခနဲခွဲယူကြည့်ပြီး ငွေပုံကို တစ်ဝက်ခန့်ခွဲ၍ ရှေ့သို့တိုးလိုက်၏။

ဦးအုန်းသီးကလည်း ခေါင်းတဆတ်ဆတ်ညိတ်ကာ လောင်းကြေးထပ်၏။ ထိုပွဲတွင် ဦးအုန်းသီးသည် အနိုင်ရရှိလိုက်ရာ မျက်နှာကြီးပြုံးဖြီးဖြီးနှင့် လောင်းကြေးငွေပုံကို သူ့ဘက်သို့ ရွှေ့ယူလေ၏။ ထို့နောက် တာတေကြီးကို

"မင်းရဲ့ ပိုင်ဆိုင်သမျှ မကုန်ခင် လောင်းကစားပွဲကို ရပ်တန့်လို့ရတယ်၊ ငါက လောင်းကစားလာတာ အံတိုနေပြီ၊ မင်းလို လူမျိုးတွေကို တွေ့ဖူးပေါင်းများနေပြီကွ၊ နောက်ဆုံးတော့လည်း ရှုံးနိမ့်သွားရတာချည်းပဲ"

ဟု မခိုးမခန့်ပြောလေ၏။

တာတေကြီးက ဦးအုန်းသီး၏ စကားကို မကြားဟန်နှင့် ဖဲလေ



www.burmeseclassic.com

www.burmeseclassic.com



ကို နောက်တစ်ပွဲစတင်ရန် ပြောလိုက်၏။

ထိုပွဲအတွက် တာတေကြီးသည် ကျန်သည့်ငွေများအားလုံးကို လောင်းကြေးထပ်၏။

ဦးအုန်းသီးသည် ဖဲချက်များကိုကြည့်၍ မျက်နှာရွှင်ပြပြီး

*"ရှစ်ရှိတယ် ကိုယ့်လူ"*

ဟုအော်ဟစ်လိုက်၏။

သူ့အနေနှင့် တာတေကြီးမှာ သူ၏ဖဲပွင့်ကို အနိုင်မရနိုင်ဟု အပိုင်တွက်၍ထား၏။ ထိုအခါ တာတေကြီးက ယခုမှပင် ဖဲချပ်များကို ကိုင်၍ စားပွဲထက်သို့ လှန်ချလေ၏။

ပရိသတ်တွင်းမှ လူတစ်ယောက်က ဖဲချပ်များကိုကြည့်ပြီး

*"ကိုး...ကွ၊ တစ်ပွင့်ထဲနဲ့ ကပ်နိုင်သွားပြီ"*

ဟု အော်ဟစ်လိုက်ရာ ဦးအုန်းသီး၏မျက်နှာကြီးမှာ ရှုံ့မဲ့သွား၏။ ငွေပုံက တာတေကြီးရှေ့သို့ ပြန်ရောက်လာ၏။

သူတို့နှစ်ယောက်သည် လောင်းကစားပွဲကို တစ်ပွဲပြီးတစ်ပွဲ ဆက်တိုက်ကစားကြရာ သုံးလှည့်မျှ ကစားလျှင် နှစ်လှည့်က တာတေကြီး၏အနိုင်ပွဲဖြစ်၏။

ထို့ကြောင့်ပင် ဦးအုန်းသီး၏ငွေများအားလုံးသည် တာတေကြီး၏ရှေ့ ရောက်ရှိနေ၏။





ဦးအုန်းသီးသည် စီးကရက်ကို တစ်လိပ်ပြီးတစ်လိပ် အဆက်မပြတ် ဖွာရှိုက်ပြီး တစ်ကိုယ်လုံးလည်း ချွေးတို့ဖြင့်ရွှဲနစ်နေ၏။

သူ့အတွက် ထိုအချိန်ရောက်မှ အရှုံးနှင့် ရပ်တန့်မည်မဟုတ်ချေ။ ငွေမျောလျှင် ငွေနှင့်သာလိုက်ရမည်မဟုတ်ပါလား။ ထို့ကြောင့် ဦးအုန်းသီးက စုဆောင်းထားသည့်ရွှေတိုငွေစများအားလုံးကို ထုတ်ယူပြီး လောင်းကစားရန်ပြင်၏။

ထိုအခါ တာတေကြီးက ဦးအုန်းသီးကို

*"ခင်ဗျားနဲ့ လောင်းကစားရတာ သိပ်ပြီး စိတ်ဝင်စားမှုမရှိတော့ပါဘူးဗျာ၊ ပွဲကိုမြန်မြန်ဖြတ်ချင်ပြီ ခင်ဗျားရှေ့မှာရှိနေတဲ့ ရွှေတိုရွှေစတွေ အားလုံးကို တစ်ခါတည်းနဲ့လောင်းကြေးထပ်ပါ"*

ဟု စိန်ခေါ်လေ၏။

ဦးအုန်းသီးက သဘောတူသောကြောင့် နောက်တစ်ပွဲစတင်လေ၏။ ထိုတစ်ပွဲတွင်လည်း ဦးအုန်းသီးသည် ကုလားထိုင်မှ ပုံလျက်သား လဲကျသွားမတတ်ဖြစ်လေ၏။

သူသည် ထိုပွဲတွင်လည်း တစ်ပွင့်နှင့်ကပ်ရှုံးနိမ့်ချေပြီ။ သူနှစ်ပေါင်းများစွာစုဆောင်းထားသော ရွှေငွေများအားလုံး အချိန်အနည်းငယ်အတွင်း တာတေကြီးထံရောက်ရှိသွားပြီဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



တာတေကြီးကမူ ရွှေငွေများကို ပင်မတို့မထိဘဲ ဦးအုန်းသီး၏ မျက်နှာကို စိမ်ပြေနပြေကြည့်ရှုရင်း

"ဘယ်လိုလဲ၊ ခင်ဗျားမှာ လောင်းကြေးထပ်စရာ မရှိရင်တော့ ဒီပွဲကို ရပ်တန့်ရတော့မှာပဲ"

ဟု ပြောလိုက်လေ၏။

ဦးအုန်းသီးက လှုပ်လှုပ်ရှားရှားဖြစ်ကာ

"ရပ်လို့မရဘူး ဆက်ပြီးလောင်းကစားရမယ်၊ ဒီအိမ်ကြီးကို အပေါင်ထားမယ်၊ ငါ့မှာ သိမ်းယူထားတဲ့ တောင်ယာတွေနဲ့ အပေါင်စာချုပ်တွေလည်း လောင်းကြေးထပ်မယ်"

ဟု ဆိုလိုက်လေ၏။

ဦးအုန်းသီးအတွက် ရှုံးမဲမဲနေချေပြီ။ ၎င်းသည်စီးနေကျ မြင်းညိုကြီးပါမကျန်လောင်းကြေးထပ်၏။ လောင်းကစားပွဲစတင်လေပြီ။ လူအားလုံးသည်လည်း လောင်းကစားသမားနှစ်ဦး၏ ကံကြမ္မာအဆုံးအဖြတ်ကို စိတ်ဝင်တစား စောင့်မျှော်နေကြ၏။

တာတေကြီးက ဦးစွာပင် ဖဲချပ်များကို စားပွဲပေါ်ပစ်တင်ကာ

"ကိုးမှင့်ပဲကွ"

ဟု ပြောဆိုလိုက်လေ၏။





ဦးအုန်းသီးသည် တာတေကြီး၏ဖဲချပ်များကို ကြည့်ရှုကာ၊ ကယောင်ချောက်ချားဖြစ်သွား၏။ သူတွင်မကြည့်ရှုရသေးသော နောက်ဆုံးဖဲတစ်ချက်ကို စိတ်လှုပ်ရှားစွာဖြင့် ပွတ်သပ်ပြီးနောက် ဝမ်းသာအားရဖြင့်ထ၍

"ကိုးပွင့်ပဲကွ"

ဟု အော်ဟစ်လိုက်လေ၏။

ထိုပွဲသည် သရေပွဲဖြစ်သွား၏။

ထိုအခါ တာတေကြီးက ဦးအုန်းသီးအား

"ဒီတစ်ပွဲအတွက် လောင်းကြေးထပ်ထိုးမယ်"

ဟု ပြောလိုက်လေ၏။

ဦးအုန်းသီးက နားမလည်ဟန်ဖြင့်

"ကျုပ်ရှေ့မှာ ပိုင်ဆိုင်သမျှတွေအားလုံး လောင်းကြေးထပ်ထားတာပဲ၊ ထပ်ပြီးလောင်းကြေးတင်စရာမရှိတော့ဘူး"

ဟု ဆိုလေရာ တာတေကြီးက လေသံမှန်မှန်ဖြင့်

"အဲဒီလောင်းကြေးအပြင်ပိုပြီး စိတ်လှုပ်ရှားစရာလေးဖြစ်အောင်၊ လူကိုအရင်းတည်ပြီး လောင်းကြေးထပ်မယ်၊ အဲဒီလောင်းကြေးကတော့ ရှုံးနိမ့်သူက



www.burmeseclassic.com

www.burmeseclassic.com



ငွေကြေးတွေဆုံးရှုံးတဲ့အပြင် အနိုင်ရသူရဲ့ စိတ်ရှိ
လက်ရှိ ရိုက်နှက်ခြင်းကိုပါ ခံရမယ်"

ဟုပြောလေ၏။

တာတေကြီး၏ ထူးဆန်းသော လောင်းကြေးကြောင့် ကြည့်ရှုနေသူများသည် ပွဲကြီးပွဲကောင်းတွေ့ပြီဟု စိတ်ဝင်တစားဖြင့် သြဘာပေးကြလေ၏။

ဦးအုန်းသီးသည် ဒီဂစ်ချီတွင် မိမိအနိုင်ရရှိမည်ဟု ကျိန်းသေပေါက် တွက်ဆထား၏။ သူသည် ငွေကိုပါ အနိုင်ရမည့်အပြင် တာတေကြီးကိုပါ စိတ်ရှိလက်ရှိ ရိုက်နှက်ရပေဦးမည်ဟု တွေး၍

"အဲဒီလောင်းကြေးကို သဘောတူတယ်ဟေ့၊
မင်းရှုံးရင်သာ ငါ့ရဲ့ ဝါးစိမ်းတုတ်ကို ကောင်းကောင်း
မြည်းစမ်းကြည့်ရဦးမှာပေါ့"

ဟု ကျေကျေနပ်နပ် လက်ခံလိုက်တော့၏။

ထိုပွဲအတွက် လူအားလုံးသည် စိတ်ဝင်တစားဖြင့် တိတ်ဆိတ်ငြိမ်သက်သွားကြ၏။

တာတေကြီးက ရရှိလာသည့်ဖဲချပ်များကို မကြည့်ရှုတော့ဘဲ စားပွဲ ထက်သို့ လှန်၍ပစ်တင်လိုက်၏။ ပရိသတ်ထဲမှ တစ်ယောက်က

"သုံးပွင့်ပဲရှိတယ်"





ဟု အော်ဟစ်လေရာ ဦးအုန်းသီးသည် ကြိတ်၍ ဝမ်းသာသွား၏။

သူ့အလှည့်သာ ကျန်တော့၏။ ဦးအုန်းသီး၏လက်များက စိတ်လှုပ်ရှားမှုကြောင့် တုန်ရင်လာ၏။

ဖဲချပ်များသည် တဖြည်းဖြည်းပွတ်တိုက်ရွှေ့လျားကာ အမှတ်အသား ဂဏန်းပွင့်ကလေးများ ပေါ်လာ၏။

ဦးအုန်းသီးသည် ဖဲချပ်များကို မျက်တောင်မခတ်တမ်း စူးစိုက်ကြည့်ပြီး တစ်ကိုယ်လုံး မိုးကြိုးထိမှန်သွားသလို ဆတ်ခနဲတုန်ရင်သွား၏။

သူ၏ဖဲချပ်ကလေးများ၏အဖြေက နှစ်ပွင့်သာလျှင်ဖြစ်၏။ ဦးအုန်းသီးနောက်မှ လူဟစ်ယောက်က ဖဲချပ်များကိုကြည့်ရှုပြီး

"နှစ်ပွင့်ပဲရှိတယ်၊ ရှုံးပြီ"

ဟု အော်ဟစ်ကာ အဆုံးအဖြတ်ပေးလိုက်၏။

ဦးအုန်းသီးသည် ဒေါသတကြီးနှင့် ဖဲချပ်များကို အဝေးသို့ ပစ်လွှင့်လိုက်တော့၏။

ထိုအခိုက် တာတေကြီးက သူ့ရှေ့သို့ရောက်လာသည့် လောင်းကြေးငွေများ၊ အပေါင်စာချုပ်များကို စူးစိုက်ကြည့်၍

"ဦးအုန်းသီး၊ နောက်ထပ်လောင်းကြေးအရှုံး



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



*အတွက် ပေးဆပ်ဖို့ အသင့်ပြင်ထားပါ၊ ဒီတစ်ခါတော့ ဝါးစိမ်းတုတ်ဟာ ခင်ဗျားအတွက် ဖြစ်သွားပြီ"*

ဟု ပြောလိုက်လေတော့၏။

သရဖီလှိုင်စာပေ

**အမှတ် (၇)၊ အသောကလမ်း၊ ကျောက်မြောင်း။**





BURMESE CLASSIC .com

နစ်ပေါင်းများစွာကြာမြင့်အောင်ပင် လောင်းကစားဝိုင်းများနှင့် စည်ကားခဲ့သော တောင်ကုန်းမြင့်ထက်မှ အိမ်ကြီးတွင် ယခုတော့ လူနစ်ယောက်မှအပ တိတ်ဆိတ်ငြိမ်သက်သွားချေပြီ။

လောင်းကစားဝိုင်းပြုလုပ်ရာ စားပွဲကြီး၏တစ်ဖက်တစ်ချက်တွင် တာတေကြီးနှင့် ဦးပေါ်ထွန်းတို့သာရှိတော့၏။

စားပွဲကြီးထက်တွင်လည်း အင်္ဂလိပ်ငွေစက္ကူများ၊ အပေါင်စာချုပ်များနှင့် ရွှေထည်ပစ္စည်းများက အပုံလိုက်ရှိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးပေါ်ထွန်းသည် မယုံနိုင်စရာပြောင်းလဲသွားသော အိမ်ကြီး၏ အခြေအနေကြောင့် အံ့သြခြင်းကြီးစွာနှင့်ရှိရင်းမှ ထိုအခြေအနေကို ပြောင်းလဲလိုက်သူမှာလည်း မည်သည့်အရပ်မှ ရောက်ရှိလာမှန်းမသိရသည့် တာတေကြီးဟူသည့် လူရွယ်တစ်ယောက်ဖြစ်နေလေ၏။

"ဦးကြီးပေါ်ထွန်း၊ ဒီအိမ်ကြီးနဲ့ပတ်သက်တဲ့ မကောင်းမှု အရိပ်ဆိုးတွေအားလုံး ကင်းရှင်းသွားပါပြီ၊ ဒီအိမ်ကြီးကို ကျွုပ် မူလအတိုင်း အသစ်ပြန်ပြီး တည်ဆောက်ချင်တယ်၊ ပြီးတော့ ဇနီးသည်သေဆုံးသွားလို့ တစ်ကိုယ်ရည် တစ်ကာယဖြစ်နေတဲ့ ဦးကြီးပေါ်ထွန်းကို ဒီအိမ်ကြီးမှာ နေထိုင်စောင့်ရှောက်ဖို့ ကျွုပ် တောင်းပန်ပါတယ်"

ဟု ပြောလေ၏။ ထိုအခါမှပင် ဦးပေါ်ထွန်းက လှုပ်လှုပ်ရှားရှား ဖြစ်ကာ

"မောင်ရင်... ဒီအိမ်ကြီးအကြောင်းကို ဘယ်လောက်အထိ သိထားလို့လဲ၊ တကယ်တော့ ဒီအိမ်ကြီးရဲ့ မူလပိုင်ရှင်အစစ်အမှန်ဟာ လောင်းကစားဒိုင်ခံတဲ့ အုန်းသီးမဟုတ်ပါဘူး၊ အုန်းသီးဟာ ဒီအိမ်ကြီးရဲ့ အစိုင်းအစေတစ်ယောက်သာဖြစ်တယ်၊ ဒီအိမ်ကြီး





ကို အမွေဆက်ခံခွင့်ရခဲ့တဲ့ မိဘမဲ့ကျော်ခေါင်ဆိုတဲ့ လူငယ်လေးကို ချုပ်ကိုင်ချယ်လှယ်ပြီး သူ့ရဲ့နှိပ်စက်မှုကို မခံရပ်နိုင်လို့ အဲဒီလူငယ်လေးဟာလည်း ဒီအိမ်ကြီးကို စွန့်ခွာထွက်ပြေးပြီး ပျောက်ဆုံးနေခဲ့တယ်"

ဟု ဆိုလေ၏။

တာတေကြီးက ဖြည်းညှင်းစွာ အကျီကိုချွတ်ကာ ကျောဘက်ကို ဦးပေါ်ထွန်းဘက်သို့လှည့်ပြပြီး

"ဦးကြီးပေါ်ထွန်း ကြည့်စမ်းပါဗျာ၊ ဒီကျောပေါ်က ဒဏ်ရာအမာရွတ်အထပ်ထပ်ကို မြင်တယ်မဟုတ်လား၊ အဲဒီဟာတွေကို ဦးကြီးကိုယ်တိုင် ပြုစုကုသပေးခဲ့တာကိုတော့ မှတ်မိလိမ့်မယ်ထင်တယ်"

ဟု ပြောဆိုလေရာ ဦးပေါ်ထွန်း၏ မျက်လုံးအစုံက ပြူးကျယ်ပြီး ဝုန်းခနဲထကာ

"မင်း... မင်းက ကျော်ခေါင်ပေါ့ ဟုတ်လား"

ဟု မေးမြန်းလေ၏။

ဦးပေါ်ထွန်း၏လေသံက တုန်ရင်စွာရှိနေပြီး မျက်လုံးမှလည်း မျက်ရည်ကြည်များပင်ရစ်ဝိုင်းကာ လှိုက်လှဲဝမ်းသာဟန်ရှိလေတော့၏။

တာတေကြီးက ဦးပေါ်ထွန်း၏လက်ကိုဆုပ်ကိုင်၍ ခေါင်းညိတ်



www.burmeseclassic.com

www.burmeseclassic.com



ကာ

"ဟုတ်ပါတယ်၊ ကျုပ်က တာတေကြီး ခေါ်
ကျော်ခေါင်ပါ"

ဟု ဝန်ခံလေ၏။

ဦးပေါ်ထွန်းသည် ကျော်ခေါင်၏လက်ကို ပြန်လည်၍ တင်းတင်းကျပ်ကျပ်ဆုပ်ကိုင်ကာ

"ကောင်လေး… မင်းဟာ လုပ်ချင်တဲ့အလုပ်
တစ်ခုကို ဖြစ်မြောက် အောင်မြင်အောင်လုပ်နိုင်နေပြီပဲ၊
မင်းဟာ အရာအားလုံးပြောင်းလဲသွားပြီပဲ၊ ငါလို
ရင်းနှီးတဲ့သူမဟုတ်ဘဲ အနီးကပ်နေထိုင်ခဲ့တဲ့ အုန်းသီး
တောင် မင်းဟာ ကျော်ခေါင်ဖြစ်မှန်း မရိပ်မိခဲ့ဘူး၊
ဟိုးအရင်က မင်းရဲ့မျက်ဝန်းထဲမှ နီးကြားတက်ကြွမှုနဲ့
အတူ အားငယ်သိမ်ငယ်မှုတွေ ရောယှက်နေတယ်၊
အခုတော့ မင်းရဲ့မျက်ဝန်းက တည်ငြိမ်မှုအပြည့်နဲ့
ဘယ်လိုအရိပ်အကဲကိုမှ ဖမ်းလို့မရအောင် လျှို့ဝှက်
သိမ်မွေ့နေခဲ့ပြီ၊ မင်းဟာ တကယ်ရင့်ကျက်တဲ့
ယောကျ်ားတစ်ယောက်ဖြစ်ခဲ့ပြီ"

ဟု ရေရွတ်လေတော့၏။





တာတေကြီးသည် ဦးအုန်းသီးကို လောင်းကစားပွဲတွင် အနိုင်ရကာ အိမ်မှနှင်ထုတ်လိုက်ပြီဖြစ်၏။ ထို့အတူ သူ၏နာကြည်းချက်အတွက် တုံ့ပြန်မှုအဖြစ် ကံတရားက စီရင်ပေးသည့်အတိုင်း ဦးအုန်းသီး၏ ကျောပြင်အား ဝါးစိမ်းတုတ်ဖြင့် အားရအောင် ရိုက်နှက်ခဲ့၏။

သူသည် ထိုမှုမှက ယုတ်မာသူအား အပြစ်ပေးချင်သော်လည်း အငြိုးအတေး အာဃာတများကို ထိုမျှနှင့်သာ လက်စသတ်လိုက်တော့၏။

သူ၏လောင်းကစားပွဲတွင် အနိုင်ရလိုက်သည့် ငွေကြေးအားလုံးအား ဦးပေါ်ထွန်းအပါအဝင် ရာသီဥတုဒဏ်နှင့် အတိဒုက္ခရောက်နေသော ရွာသားများကို အချိုးကျခွဲဝေပေးရန် ကြံစည်ထား၏။

ဦးအုန်းသီး မတရားသိမ်းယူထားသော တောင်ယာအပေါင်စာချုပ်များကိုလည်း ရွာသားများရှေ့တွင်ပင် မီးရှို့ဖျက်ဆီးရပေမည်။

ထို့အပြင် ဦးအုန်းသီးဖျက်ဆီးရန် ကြံစည်ကာ ချုပ်နှောင်ထားသော မိန်းမပျိုကိုလည်း ငွေကြေးထောက်ပံ့ကာ ပြန်လွှတ်လိုက်ပြီဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ညတွင် အိမ်ကြီး၌ မကြုံစဖူး ထူးကဲစွာ ရွာသားများ အားလုံး စုရုံးရောက်ရှိ၍ မီးပုံကြီးများဖိုကာ ပျော်ပွဲကျင်းပကြ၏။ ထိုအခါ တာတေကြီးက ကြိုတင်ပြီး ဦးပေါ်ထွန်းကို

"ကျုပ်ကို တာတေကြီးလို့ပဲ လူတွေသိပါစေဗျာ၊ ဒီအိမ်ကြီးက မထွက်ခွာခင် ကျုပ်ရဲ့ကျေးဇူးရှင်ဖြစ်တဲ့ အမျိုးသမီးကြီးက ကျုပ်ကို တာတေကြီးအဖြစ် လူသစ်စိတ်သစ် မွေးဖွားပေးခဲ့တယ်၊ ကျုပ်အတွက်လည်း ကျော်ခေါင်ဟာ ပျောက်ကွယ်သွားပါပြီ"

ဟု ပြောဆိုခဲ့၏။





ထိုညအတွက် အစားအသောက်များကို အလျှံအပယ် စီစဉ်ထားလေ၏။

ရွာသားများသည် တာတေကြီးအား ကောင်းကင်မှကျလာသည့် နတ်ဒေဝါတစ်ပါးအလား ထင်မှတ်နေကြ၏။ သူတို့၏ ဆင်းရဲဒုက္ခများကို တာတေကြီးက ကူညီဖြေရှင်းပေးခဲ့သည်မဟုတ်ပါလား။

လူအားလုံး သူ့အစုနှင့်သူ ပျော်ရွှင်စွာ စားသောက်နေကြစဉ် ဦးပေါ်ထွန်းက

"ကဲ... တာတေကြီး၊ မင်းရဲ့ ဒီအိမ်ကြီးက ပျောက်ဆုံးပြီးကတည်းက အခုထိအကြောင်းတွေငါ့ကို ပြောပြဖို့အချိန်တန်ပြီ"

ဟု တောင်းဆိုလေ၏။ တာတေကြီးကလည်း

"ကျုပ်ပြောပြပါ့မယ်၊ လောလောဆယ် စာချုပ်တွေကို မီးရှို့ပြီး ရွာသားတွေအတွက် ငွေတွေ အချိုးကျ ခွဲဝေပေးဖို့ အချိန်ရောက်ပြီ"

ဟု ပြောလိုက်၏။

ထိုအခိုက်မှာပင် ရွာ၏ ကာလသားခေါင်းဆောင်ဖြစ်သူ ခိုက်ပန်သည် သူတို့ထံရောက်လာကာ

"တာတေကြီး၊ တောင်ကုန်းအတိုင်း အိမ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



*ဆီကိုဦးတည်ပြီး မီးတုတ်တွေ၊ လက်နှိပ်ဓါတ်မီးတွေနဲ့ လူတစ်စုလာနေတာကို တွေ့ရတယ်၊ အဲဒီလူတွေထဲမှာ အင်္ဂလိပ်စစ်တပ်က စစ်သားတွေလည်းပါတယ်"*

ဟု သတင်းပေးလေ၏။ ဦးပေါ်ထွန်းက မျက်မှောင်ကြုတ်ပြီး

*"အင်္ဂလိပ်စစ်သားတွေ ဒီကို အကြောင်းမဲ့ရောက် မလာနိုင်ဘူး"*

ဟု ရေရွတ်လေရာ တာတေကြီးက

*"သူတို့ရောက်လာရင် အဖြေပေါ်မှာပါ၊ သူ့တို့ကြောင့် ရွာသားတွေရဲ့ ပျော်ရွှင်မှုမပျက်ပါစေနဲ့ဗျာ၊ ပုံမှန်အတိုင်း စားသောက်နေကြဖို့ ပြောလိုက်ပါ"*

ဟု ဆိုလိုက်၏။

မကြာမီ အင်္ဂလိပ်စစ်သားငါးယောက်နှင့်အတူ အိမ်ကြီးဆီသို့ ရောက်ရှိလာ၏။

လူစုထဲမှ အချို့ကိုမြင်တွေ့လျှင် ဦးပေါ်ထွန်းက တစ်စုံတစ်ရာကို ရိပ်မိသွားသည့်အလား လှုပ်လှုပ်ရှားရှားဖြစ်၍

*"အုန်းသီးဆိုတဲ့လူယုတ်မာနဲ့ သူ့နောက်လိုက်တွေပါလား၊ သူနဲ့ အတူ ငါးရက်တစ်ဈေးမြို့ကလေးက ကုန်စုံဆိုင်ပိုင်ရှင် တရုတ်ကြီးလည်းပါတယ်၊ အုန်းသီး*





*အင်္ဂလိပ်စစ်သားတွေနဲ့ပေါင်းပြီး မင်းကို ချောက်ချဖို့ ကြံစည်နေတာတော့ ထင်ရှားတယ်"*

ဟု တာတေကြီးကို ပြောလိုက်လေ၏။

ရွာသားများမှာ အင်္ဂလိပ်စစ်သားများကို မြင်တွေ့ကတည်းက ထိတ်လန့်ကာ တစ်နေရာတွင် စုရုံးနေကြပြီဖြစ်၏။ ကာလသား အချို့ကမူ အခြေအနေမဟန်လျှင် တာတေကြီးဘက်မှကူညီရန် အသင့်ရှိနေကြ၏။

သူတို့သည်လည်း ဦးအုန်းသီးကို မြင်တွေ့ကတည်းက ပြဿနာရှာတော့မည်မှန်း ရိပ်မိနေကြ၏။

အင်္ဂလိပ်စစ်သားများသည် ဂေါ်ရခါးစစ်တပ်မှဖြစ်၍ ဆာဂျင်ကြီးတစ်ယောက်က ဦးဆောင်လာ၏။ ဦးအုန်းသီးကမူ ရင်ကိုကော့၍ ရှေ့သို့တိုးထွက်လာကာ ဆာဂျင်ကြီးအား

*"ဟောဒီမှာမြင်နေရတဲ့သူက တာတေကြီးဆိုတဲ့ သူပါပဲ"*

ဟု ညွှန်ပြလေ၏။

တစ်ပြိုင်နက်ပင် အင်္ဂလိပ်စစ်သားများ၏ သေနတ်မောင်းတိုးထိုးသံ တဖြောင်းဖြောင်းပေါ်လာကာ ပြောင်းဝများကလည်း တာတေကြီးထံသို့ လှည့်လာကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ တာတေကြီးက အင်္ဂလိပ်-မြန်မာ ကပြားဖြစ်ဟန်တူသော ဆာကျင်ကြီးကို ပီသသော အင်္ဂလိပ်စကားနှင့်

"ခင်ဗျားတို့ရဲ့ အပြုအမူကိုကြည့်ရတာ ကျုပ်ကို ပြစ်မှုတစ်စုံတစ်ရာနဲ့ ဖမ်းဆီးဖို့ရောက်လာတယ် ထင်တယ်"

ဟု မေးမြန်းလေရာ ဆာကျင်က နှုတ်ခမ်းကို တင်းတင်းစေ့ပြီး

"ဟုတ်တယ်၊ မင်းဟာ ဒီနယ်မှာ အင်္ဂလိပ်အစိုးရကို အမျိုးမျိုး နှောင့်ယှက်နေတဲ့ တော်လှန်ရေးသမားတွေအတွက် လက်နက် အကူအညီပေးရအောင် ရောက်လာတဲ့ ပြင်သစ်စပိုင်တစ်ယောက်လို့ ငါတို့ သတင်းအတိအကျရထားတယ်၊ ငါတို့က အဲဒီစပိုင်ကို တာဝန်အရ ရှာဖွေနေတဲ့သူတွေပဲ"

ဟု ခပ်မာမာပြောလေ၏။ တာတေကြီးက ဟက်ခနဲရယ်၍

"ကျုပ်သာ စပိုင်တစ်ယောက်ဆိုရင် ဒီလို လွယ်လွယ်နဲ့ ဖမ်းဆီးလို့ရမယ်လို့ ခင်ဗျားထင်နေသလား"

ဟု ဆိုလိုက်ရာ ဆာကျင်က ခြောက်လုံးပြူးနှင့် ပြူးဖြီးဖြီးကြီးရှိနေသော ဦးအုန်းသီးဘက်သို့ငေ့ယမ်းပြကာ





"ဒါတွေကို နားမလည်ဘူး၊ ဟောဒီပုဂ္ဂိုလ်က ငါတို့စခန်းချတဲ့ဆီ ရောက်လာပြီး မင်းဟာ သူ့ရဲ့အိမ်နဲ့ ရွှေငွေတွေကို မတရားသိမ်းယူခဲ့တယ်လို့ တိုင်တန်းတယ်၊ မင်းဆီမှာလည်း အဖိုးတန်ပတ္တမြားတွေနဲ့ ငွေအမြောက်အများပါလာတယ်လို့ ပြောတယ်၊ မင်းရဲ့ ရည်ရွယ်ချက်က ဒီအိမ်ကြီးကို သိမ်းယူပြီး တော်လှန်ရေးသမားတွေနဲ့ တွေ့ဆုံ အချိန်းအချက်လုပ်တဲ့ စခန်းအဖြစ်အသုံးပြုဖို့မှာ မဟုတ်လား၊ စပိုင်တွေ ဘယ်လောက်ပရိယာယ်များတယ်ဆိုတာ ငါ သဘောပေါက်တယ်၊ မင်းအသာတကြည် အဖမ်းခံပေတော့၊ ငါတို့တပ်စုရဲ့ခေါင်းဆောင် လက်ဖတင်နင်နဲ့တွေ့ရင် မင်း ဘာတစ်ခုမှ ထိန်ချန်ထားနိုင်တော့မှာမဟုတ်ဘူး"

ဟုပြောကာ လက်နက်ကိုင်အင်္ဂလိပ်စစ်သားများကို တာတေကြီးအား ဖမ်းဆီးရန် အမိန့်ပေးလိုက်တော့၏။

ရုတ်ခြည်းပင် စစ်သားများကလည်း ဖျတ်လတ်စွာနှင့် တာတေကြီးကို ဝိုင်းဝန်းချုပ်နှောင်လိုက်ကြ၏။ ထိုအခါ ဦးပေါ်ထွန်းက ဝင်၍

"သူ့ကို ဘာပြစ်မှုနဲ့ဖမ်းတာလဲ၊ သူဟာ



www.burmeseclassic.com

www.burmeseclassic.com



လူကောင်းတစ်ယောက်ပါ”

ဟုအော်ဟစ်ပြောဆိုလိုက်ရာ ဦးအုန်းသီးက

“စပိုင်ဗျ၊ ဟောဒီက တာတေကြီးဟာ အင်္ဂလိပ်အစိုးရကို ပုန်ကန်နေတဲ့ တော်လှန်ရေးသမားတွေကို ထောက်ပံ့အကူအညီပေးရအောင် ရောက်လာတဲ့ စပိုင်တစ်ယောက်ပဲ၊ အင်္ဂလိပ်စစ်တပ်က စပိုင်ကို စစ်ဆေးပြီးရင် လူမသိ သူမသိ ပစ်သတ်လိုက်တာပဲလို့ ကျုပ်တော့ ကြားဖူးတယ်”

ဟုပြောလေ၏။

ရွာခံကုလားအချို့သည် ထိုစကားကြောင့် လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

သူတို့သည် တာတေကြီးအတွက် အသက်စွန့်တိုက်ခိုက်ရန် ဝန်မလေးကြပေ။ အင်္ဂလိပ်စစ်သားများက ရွာသားများကိုလည်း အလစ်မပေးဘဲ စောင့်ကျပ်၍ တာတေကြီးကိုမူ လက်ပြန်ကြိုးတုပ်၍ ခေါ်ဆောင်ရန် ပြင်လေ၏။

တာတေကြီးကမူ ဦးပေါ်ထွန်းကို

“ကျုပ်အတွက် မစိုးရိမ်ပါနဲ့ ဦးကြီးပေါ်ထွန်း၊ ကျုပ် ဒီကို မကြာခင် ပြန်လာမှာပါ၊ ကျုပ်ရဲ့ဓာတ်ဘာက





သူများသတ်လို့သေမဲ့ဓာတ်ဘာ မဟုတ်ဘူးဗျ၊ ဒီကောင်တွေ ဒီမှာရှိတဲ့ ရွှေတွေငွေတွေအားလုံးကို သိမ်းယူကြလိမ့်ဦးမယ်၊ အသာတကြည့်ပေးလိုက်ပါဗျာ”

ဟုပြောဆိုလေ၏။

ထို့နောက် တာတေကြီးက ဒီတစ်ချီတွင်တော့ ကျိန်းသေပေါက်အနိုင်ရရှိလိုက်ပြီဟု တွက်ဆကာ ကျောမှ ဒဏ်ရာဒဏ်ချက်များကို ပင် မေ့လျော့၍ ပျော်မြူးနေသော ဦးအုန်းသီးဘက်သို့လှည့်ပြီး

“ဦးအုန်းသီး၊ ခင်ဗျားဟာ ဘယ်လိုခွင့်လွှတ်မှုမျိုးနဲ့မှ မထိုက်တန်တော့ဘူး”

ဟုပြောလိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



တာတေကြီးသည် ငါးရက်တစ်ဈေးမြို့လေးသို့ ရောက်လာခဲ့၏။ သူသည် ယခင်ကလို ဟင်းသီးဟင်းရွက်များ လာရောက်ရောင်းချသည့် ဒကောင်လေးတစ်ယောက်မဟုတ်တော့ပေ။ အခြေအနေက ပြောင်း ပြန်လှန်လိုက်သလို ပြောင်းလဲခဲ့ချေပြီ။

သူ့ကို အင်္ဂလိပ်စစ်သားများက လက်ပြန်ကြိုးတုပ်၍ အလစ်မပေးဘဲ စောင့်ကျပ်လာကြ၏။

အင်္ဂလိပ်စစ်သားများသည် တရုတ်ကြီး၏ ကုန်စုံဆိုင်တွင် ခေတ္တစခန်းချနေခြင်းဖြစ်၏။





သူတို့တပ်စု၏ ခေါင်းဆောင်လက်ဖတင်နင် ဂျိုနသန်သည် နောက်လိုက်အချို့နှင့် ခရီးလွန်နေသည်ဟု သိရ၏။

ထိုခရီးမှာလည်း သူတို့၏ရည်ရွယ်ချက်ဖြစ်သော စပိုင်ကို ရှာဖွေထောက်လှမ်းရန်ဖြစ်၏။

တာတေကြီးကို ကုန်စုံဆိုင်နှင့်ကပ်လျက် ဂိုဒေါင်တွင် ချုပ်နှောင်ထားကြ၏။ ဆာဂျင်ကမူ တာတေကြီးအား လက်ဖတင်နင် ဂျိုနသန်နှင့်တွေ့လျှင် အမှန်ကို ဝန်ခံလာရမည်ဟု ကြိမ်းဝါး၍ ထား၏။

ဂျိုနသန်တွင် စပိုင်တစ်ယောက်ကို အကြမ်းနည်းနှင့် စစ်ဆေးမေးမြန်းရန် နည်းလမ်းပေါင်းစုံရှိနေသည်မဟုတ်ပါလား။

ထိုအခိုက် ဆာဂျင်ကို တရုတ်ကြီးနှင့်ဦးအုန်းသီးတို့က စားကောင်းသောက်ဖွယ်တို့နှင့် ပြုစုထား၏။ ဦးအုန်းသီးက ဆာဂျင်အား မျက်နှာချိုသွေးပြီး

*"ဒီမှာဆာဂျင်ကြီး၊ အဲဒီစပိုင်ကို မှတ်လောက်သားလောက်ဖြစ်အောင် ဆုံးမစမ်းပါ၊ ဒီကောင့်ပုံစံက ဆာဂျင်ကြီးတို့ အင်္ဂလိပ်စစ်သားတွေကို မထီလေးစားနဲ့ ပမာမခန့်လုပ်တယ်မဟုတ်လား"*

ဟုမြှောက်ပင့်ပေးလေ၏။

ဆာဂျင်မှာ ယစ်ရွှေရည်တန်ခိုးဖြင့် အနည်းငယ် မူးယစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ချေပြီ။ ထို့ကြောင့် သူတို့တပ်စု၏ခေါင်းဆောင် ပြန်လည်မရောက်ရှိခင် စပိုင်ကို ဖော်ထုတ်ထားနိုင်လျှင် မျက်နှာကောင်းရနိုင်သည်ဟု တွေးမိ၏။

ထို့ကြောင့် သူ၏အစွမ်းကိုပြရန် တာတေကြီးထံရောက်ရှိလာ၏။ ဦးအုန်းသီးက ကုန်စုံဆိုင်မိုင်ရှင် တရုတ်ကြီးကို

*"အင်္ဂလိပ်စစ်သားတွေနဲ့ ဆက်သွယ်ပေးတဲ့ ကျေးဇူးကို မမေ့ပါဘူး၊ ကျုပ်ရဲ့လောင်းကစားဝိုင်းတွေ ပြန်ဖွင့်ဖြစ်ရင် ခင်ဗျားကို ရာခိုင်နှုန်းနဲ့ အချိုးကျခွဲဝေပေးပါ့မယ်၊ တာတေကြီးဆိုတဲ့ကောင်ကို ကျုပ်မှတ်လောက်သားလောက်အောင် ဆုံးမချင်လို့ပါ၊ သူ့ကို တမလွန်အထိ ပို့နိုင်ရင်တော့ အကောင်းဆုံးပဲ"*

ဟု စည်းရုံးထားလေ၏။ ဆာဂျင်သည် တာတေကြီးကို ချုပ်နှောင်ထားရာ နေရာသို့ရောက်လျှင်

*"ဘယ်လိုလဲကိုယ့်လူ၊ မင်းဟာ စပိုင်တစ်ယောက်ဆိုတာ ဝန်ခံတော့မယ်မဟုတ်လား၊ ဒါမှမဟုတ်ရင်တော့ မင်းကို ထုတ်တန်းမှာ ဇောက်ထိုးဆွဲမယ်၊ ရေနဲ့လောင်းမယ်၊ ရော်ဘာတုတ်နဲ့ရိုက်မယ်၊ တစ်ကိုယ်လုံး နေရာလပ်မကျန်အောင် ဆေးလိပ်မီးနဲ့ထိုးမယ်၊ အစား*





*တော် ရေတော်ထားမယ်"*

ဟုပြောလေ၏။

တာတေကြီးက ခေါင်းယမ်းပြီး

*"စပိုင်တစ်ယောက်ဟာ အဲဒီလိုနည်းလမ်းမျိုးကို မဖြုံဘူး၊ ဒါပေမဲ့ ကျုပ်က စပိုင်မဟုတ်တဲ့အတွက် ခင်ဗျားတို့ ဘယ်လောက်ပဲ ညှဉ်းပန်းနှိပ်စက်ပါစေ၊ ခင်ဗျားတို့လိုချင်တဲ့အဖြေကို ရမှာမဟုတ်ဘူး၊ အင်း… ဒီလိုချုပ်နှောင်ပြီး နှိပ်စက်တတ်တာ ယေ့ကျားမပီသတဲ့ လူတွေရဲ့ အောက်တန်းကျတဲ့အပြုအမူပဲဗျ၊ သွေးရဲတယ်ဆိုရင်တော့ သူတစ်ပြန်ကိုယ်တစ်ပြန် တိုက်ခိုက်ပြီး တစ်ပွဲတစ်လမ်းလောက် နွှဲလိုက်ချင်တယ်"*

ဟု စိန်ခေါ်လေ၏။

ဆာဂျင်သည် တာတေကြီး၏စကားကြောင့် လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး

*"တပ်တွင်းမှာ ဘောက်ဆင်အထိုးကောင်းတဲ့ ငါ့ရဲ့လက်သီးကို မြည်းကြည့်ချင်ပြီထင်တယ်၊ ကောင်းပြီလေ၊ ငါတို့ရဲ့လက်ဖဝါးတင်နင် မရောက်ခင်*



www.burmeseclassic.com

www.burmeseclassic.com



*မင်းနဲ့ တစ်ချီလောက်နွဲလိုက်ရသေးတာပေါ့၊ ငါ့ဘက်က သက်ညှာမှာမဟုတ်ဘဲ၊ အသေထိုးသတ်တတ်တယ်ဆိုတာတော့ ကြိုပြီးပြောထားမယ်၊ မင်း တစ်ခုခုဖြစ်သွားလည်း ကိစ္စမရှိပါဘူး၊ စပိုင်တစ်ယောက်အတွက် ဘယ်လိုသေနည်းနဲ့မဆို ထိုက်တန်နေတာပဲ"*

ဟုပြောကာ စိန်ခေါ်မှုကို လက်ခံလေ၏။

မကြာမီ တရုတ်ကြီး၏ ကုန်လှောင်ရုံ ဂိုဒေါင်မှာ လက်ဝှေ့ကြိုးဝိုင်းတစ်ခုဖြစ်သွား၏

ဆာဂျင်သည် သွားလေရာတွင် ခရီးဆောင်အိတ်အတွင်းထည့်ယူလာတတ်သော လက်ဝှေ့သားရေအိတ်ကို စွပ်ကာ သွေးပူလေ့ကျင့်ခန်း ပြုလုပ်နေလေ၏။ အင်္ဂလိပ်စစ်သားများမှာမူ တာတေကြီးကို မျက်ခြေမပြတ် စောင့်ကျပ်နေကြ၏။

ထိုအခါ ဦးအုန်းသီးက ဆာဂျင်ကို တီးတိုးကပ်၍

*"ဆာဂျင်ကြီး ခင်ဗျားသူ့ကို လျှော့မတွက်နဲ့နော်၊ ကျုပ်တပည့်တွေကို ဒီကောင်တခဏအတွင်းမှာ မရှုမလှခံရအောင် တိုက်ခိုက်တာ ကျုပ်မျက်မြင်ပဲ"*

ဟု သတိပေးလေရာ ဆာဂျင်က သူ၏ကြီးမားလှသော လက်သီးများကို လေထဲတွင် အားပါပါ နှစ်ချက်သုံးချက်မျှ ဝှေ့ယမ်းထိုးသတ်





ဟန်ပြပြီး

*"ကျုပ် သူ့ကို (၅)မိနစ်အတွင်း နောက်ကောက်ကျအောင် ထိုးသတ်ပြမယ်"*

ဟု ကြိမ်းဝါးလိုက်၏။

ပရိသတ်အဖြစ် အင်္ဂလိပ်စစ်သားများနှင့် ဦးအုန်းသီး၊ တရုတ်ကြီးတို့သာရှိ၏။

လက်ဝှေ့ပွဲစလျှင်ပင် ဆာဂျင်က သူ၏စကားအတိုင်း မုန်ယိုနေသော ဆင်တစ်ကောင်ကဲ့သို့ တာတေကြီးထံ တရကြမ်းဝင်ရောက်ကာ ထိုးသတ်၏။

တာတေကြီးက ဆာဂျင်ကို အလစ်မပေးဘဲ ရှောင်တိမ်းရင်းခံစစ်အနေအထားနှင့်ရှိနေ၏။ ဆာဂျင်က တုံ့ပြန်တိုက်ခိုက်မှုမရှိဘဲ သူ၏တိုက်ခိုက်မှုကို ပွတ်ကာသီကာ ရှောင်တိမ်းနေသော တာတေကြီးကို စိတ်မရှည်ဟန်ဖြင့်

*"လာလေကွာ၊ မင်းရဲ့တိုက်ခိုက်မှုဆိုတာ ဒီလို ရှောင်ပြေးနေတဲ့ တိုက်ကွက်တွေကို ခေါ်တာလား၊ သွေးရဲတယ်ဆိုရင် ရင်ဆိုင်တိုက်ခိုက်မှပေါ့"*

ဟု စိတ်ကိုမခံချင်အောင် နှိုးဆွလေ၏။

တာတေကြီးက ဘာမျှတုံ့ပြန်ပြောဆိုခြင်းမရှိဘဲ ဟက်ခနဲ ရယ်



www.burmeseclassic.com

www.burmeseclassic.com



ကာ တဆက်တည်းပင် ဝမ်းခေါင်းတွင်းမှလာသော အသံကြီးဖြင့် ကျားဟု မာန်သွင်းအော်ဟစ်ပြီး လေထဲသို့ ခုန်တက်လိုက်၏။

ဆာဂျင်က တာတေကြီး၏တိုက်ကွက်ကို ရိပ်မိနေသည့်အလား နောက်သို့ ခြေတစ်လှမ်းဆုတ်၍ ရှောင်တိမ်း၏။ တာတေကြီးသည် ဒူးဖြင့်တိုက်ရန် ပြင်ဆင်နေသည်မဟုတ်ပါလား။

သို့သော် လေထဲတွင်ပင် တာတေကြီး၏ ကွေးညွတ်နေသော ဒူးက တစ်ဖြောင့်ထဲဖြစ်သွား၏။

နောက်သို့ ခြေတစ်လှမ်းဆုတ်သည့် ဆာဂျင်သည် မထင်မှတ်ဘဲ ထပ်ဆင့်ထွက်ပေါ်လာသည့် တိုက်ကွက်ကြောင့် တာတေကြီး၏ ခြေဖမိုးနှင့်ဖြတ်၍ ကန်ခြင်းကို မျက်နှာတွင် ပြင်းပြသော နာကျင်မှုနှင့် အတူ သိရှိသွား၏။

ဆာဂျင်သည် နာကျင်မှုကြောင့် မသဲမကွဲ ညည်းညူသံနှင့်အတူ မြေပြင်သို့ ဒူးညွတ်၍ လဲပြိုဟန်ဖြစ်သွား၏။ ၎င်းသည် ဆတ်ခနဲ လက်ထောက်၍ ကျန်လက်ဖြင့် မျက်နှာကိုပွတ်သပ်ကာ ပါးစပ်တွင်းမှ ငံကျိကျိအရာများကို ထွီခနဲ ထွေးထုတ်လိုက်၏။

ထိုအရာများသည် သွေးစများဖြစ်၏။ သွေးစများနှင့်အတူ သူ၏ သွားနှစ်ချောင်း (သို့) သုံးချောင်းလည်း ကျိုးမွဲပါသွားပေပြီ။

ဆာဂျင်သည် ဒေါသက ငယ်ထိပ်သို့ရောက်ရှိလာ၏။ သူသည်





တိုက်နိုက်ပြီး၍ သက်သောင့်သက်သာဟန်ဖြင့်ရှိနေသော တာတေကြီး ထံ ဘယ်ညာလက်သီးတွဲများဖြင့် တရစပ်ဝင်၍ ထိုးနှက်လေတော့၏။

တာတေကြီးက အချို့လက်သီးချက်များကို ရှောင်၍ အချို့ကို လက်ဖြင့် ရိုက်ပုတ်ကာ ခုခံကာကွယ်၏။

ထို့ကြောင့် ဆာဂျင်၏တိုက်နိုက်မှုမှာ လေထဲတွင် ပျောက်ပျက် ကာ တာတေကြီးအား ဆံခြည်တစ်မျှင်စာမျှပင် ထိခိုက်အောင် မစွမ်း ဆောင်နိုင်သေးချေ။ ပွဲ၏အဆုံးအဖြတ်ကိုမူ တာတေကြီးက ပေးလေ၏။

တာတေကြီးက ရှောင်တိမ်းရင်းနှင့် ခြေကန်ချက်တစ်ချက် အယောင်ပြကာ ဆာဂျင်၏ဝမ်းဗိုက်ကို လက်သီးတစ်လုံး ပစ်သွင်း လိုက်၏။

ဆာဂျင်သည် လွင့်စင်ပြီး ကြက်သွန်ပုံကြီးပေါ်သို့ ခွေလဲ ကျသွား၏။ လျှော့တွက်ထားခဲ့သော ဆာဂျင်၏အဖြစ်ကြောင့် ဖော်လိပ် စစ်သားများထံမှ ဆူညံစွာ အော်ဟစ်အားပေးရင်း ကြိတ်၍ ရယ်မော သံများထွက်ပေါ်လာ၏။

ဆာဂျင်သည် ဒေါသ၊ နာကျင်မှုနှင့်အတူ ရှက်ရွံ့ပြီး လက်က ခါးဆီမှ သေနတ်သို့ရောက်သွား၏။ သူသည် ခြောက်လုံးပြူးကို လျှပ်တစ်ပြက်ဆွဲထုတ်ပြီး တာတေကြီးအားချိန်ရွယ်ကာ



www.burmeseclassic.com

www.burmeseclassic.com



"သေပေတော့"

ဟုအော်ဟစ်လိုက်လေ၏။ သူ၏စကားမဆုံးမီပင် အောင်မြင်ခန့်ညားသော အမိန့်သံထွက်ပေါ်လာ၏။

"ရပ်လိုက်စမ်း"

လူအားလုံး၏အကြည့်က ဂိုဒေါင်အပေါက်ဝသို့ရောက်ရှိသွား၏။ နှုတ်ခမ်းမွေးစစနှင့် ပြူးကျယ်သောမျက်လုံးအစုံရှိကာ ယူနီဖောင်းကို သေသပ်စွာဝတ်ဆင်ထားသည့် လက်ဖတင်နင် ဂျိုနသန်သည် နောက်လိုက်အချို့နှင့်အတူ အတွင်းသို့လှမ်းဝင်လာ၏။

ဆာဂျင်သည် လက်နက်ကိုသိမ်းပြီး သူ၏အထက်အရာရှိကို အလေးပြုလိုက်၏။

လက်ဖတင်နင် ဂျိုနသန်က ခြေလှမ်းကြဲကြီးဖြင့် ဆာဂျင်ထံလှမ်းကာ မျက်နှာခြင်းထိလုမတတ်ကပ်၍

"ဒါဟာ စစ်သားကောင်းတစ်ယောက်ရဲ့ အပြုအမူလား၊ မင်းရဲ့လုပ်ရပ်ကြောင့် ဂုဏ်သတင်းကျော်စောတဲ့ ဗြိတိသျှစစ်တပ်ကို လူတွေ ဘယ်လောက်အထင်သေးသွားမယ်လို့ထင်သလဲ၊ နောင် ဒီလိုအပြုအမူမျိုးကို ဝေးဝေးကရှောင်ပါ"

ဟု မာန်မဲလေ၏။ ထိုအချိန်၌ ဆာဂျင်သည် ခေါင်းငိုက်စိုက်နှင့်





သိုးငယ်တစ်ကောင်လို ရှိနေ၏။

ထို့နောက် လက်ဖတင်နင် ဂျိုနသန်၏ မျက်နှာက တာတေကြီးဘက်သို့လှည့်လာ၏။ ထိုအခါ ဆာဂျင်က

"သူဟာ စပိုင်တစ်ယောက်လို့ သတင်းရထားတယ်၊ ဒါကြောင့် စစ်ဆေးရအောင် ဖမ်းဆီးထားတာပါ"

ဟု သတင်းပို့လေ၏။ လက်ဖတင်နင်ဂျိုနသန်က မျက်မှောင်ကြုတ်ပြီး

"ဘယ်ကလာ စပိုင်လဲ၊ တိကျတဲ့ အထောက်အထားရှိသလား၊ ကျုပ်အားလုံးသိပြီးပြီ၊ လူတစ်စုရဲ့ ချောက်တွန်းမှုကြောင့် အစွပ်စွဲခံရတာပဲ၊ သူ့ကို လွှတ်ပေးလိုက်ပါ၊ ပြီးတော့ သူဟာ စပိုင်မဟုတ်ကြောင်း ဒီထက်နိုင်လုံတဲ့အကြောင်းရှိတယ်"

ဟု ပြောလိုက်၏။

လက်ဖတင်နင်၏အမိန့်ကြောင့် ဦးအုန်းသီးသည် မှန်းချက်မကိုက်တဲ့ မျက်နှာကြီးရှုံ့မဲ့သွား၏။ ထိုအခါ တရုတ်ကြီးကဝင်၍ လက်ဖတင်နင် ဂျိုနသန်ကို

"ဗိုလ်လေး၊ ဒီတာတေကြီးဟာ ဟောဒီက



www.burmeseclassic.com

www.burmeseclassic.com



ဦးအုန်းသီးဆိုတဲ့ လူကုံထံဆီက ငွေတွေ အိမ်တွေကို မတရားသိမ်းယူပြီး တော်လှန်ရေး သမားတွေနဲ့ လျှို့ဝှက်ဆက်သွယ်မှဲ စခန်းအဖြစ်အသုံးပြုဖို့ ကြံစည်နေတာပါ”

ဟု ပြောပြန်၏။

လက်ဖတင်နင်ဂျိုနသန်က လက်ထောင်ကာ ဟန့်တားပြီး တာတေကြီးထံသို့ လှမ်းလေ၏။

တာတေကြီး၏ မျက်နှာမှာ တည်ငြိမ်လှ၏။ သူသည် အနီးသို့ ရောက်လာသော လက်ဖတင်နင် ဂျိုနသန်ကို စူးစိုက်ကြည့်ပြီး နှုတ်ခမ်းကလေး လှုပ်သည်ဆိုယုံမျှသာ လေသံထွက်ပေါ် လာ၏။

“အမြဲတမ်း အိပ်ငိုက်နေတတ်တဲ့ ‘ပူး’ကလေး”

လက်ဖတင်နင်ဂျိုနသန်ကမူ မျက်နှာမှ မာထန်တင်းမာမှုများ ရုတ်ခြည်းပျောက်ကွယ်၍

“တစ်ခုခုကို အမြဲတမ်း အလစ်မပေးဘဲ ချောင်းမြောင်းနေတတ်တဲ့ လင်းယုန်၊ မင်းနဲ့ငါ မြန်တွေ့ကြပြီ”

ဟု အော်ဟစ်လိုက်လေ၏။

အင်္ဂလိပ်စစ်သားများအပါအဝင် လူအားလုံးသည် တာတေကြီး





နှင့် လက်ဖတင်နင်ဂျိုနသန်တို့၏ မထင်မှတ်သော ဆက်ဆံရေးကြောင့် ပါးစပ်အဟောင်းသားဖြစ်သွားကြ၏။

လက်ဖတင်နင် ဂျိုနသန်က တာတေကြီး၏ ပခုံးကို သူ၏လက်ဖဝါးကြီးနှစ်ဘက်နှင့် ဆုပ်ကိုင်ကာ

“လွန်ခဲ့တဲ့သုံးနှစ်ကျော်က မင်းနဲ့ငါ အီဂျစ် တောင်ပိုင်း နိုင်းမြစ်ဖျားက ဆူဒန်သဲကန္တာရထဲမှာ အတူလက်တွဲပြီး တိုက်ပွဲဝင်ခဲ့တာကို ငါ့အနေနဲ့ ဘယ်တော့မှမေ့ပျောက်သွားမှာမဟုတ်ဘူး၊ အဲဒီတိုက်ပွဲ မပြီးဆုံးခင်ဘဲ သူ့ရဲကောင်းတံဆိပ်အပ်နှင်းတာကို မင်းလက်မခံဘဲ ဗြိတိသျှတပ်ထဲက ထွက်သွားခဲ့တာ ငါဘယ်လိုမှ နားမလည်ဘူး”

ဟုပြောလေရာ တာတေကြီးက တည်ငြိမ်စွာနှင့်

“ငါ့အတွက် နယ်ချဲ့စနစ်ဆိုတာဘာလဲလို့ ကောင်းကောင်းသဘောပေါက်ခဲ့လို့ ဗြိတိသျှစစ်တပ်ထဲက ထွက်ခဲ့တာပါ”

ဟုဆိုလေ၏။ လက်ဖတင်နင်ဂျိုနသန်က ခေါင်းညိတ်ပြီး

“မင်းရဲ့ခံယူချက်ကို ငါအငြင်းမပွားလိုပါဘူး၊ မြန်မာလူမျိုးတစ်ယောက်ဖြစ်တဲ့ မင်းအပေါ် ငါ



www.burmeseclassic.com

www.burmeseclassic.com



နားလည်ပါတယ်၊ မင်းကို မထင်မှတ်ဘဲ တွေ့ဆုံလိုက်ရတာ ဝမ်းသာပါတယ်"

ဟုပြောကာ အခြားသူများဘက်သို့လှည့်၍

"ကဲ... အားလုံးပဲ ဟောဒီက တာတေကြီးဟာ ကျုပ်တို့ဗြိတိသျှ အမှတ် (၂၁)လန်ဆာမြင်းတပ်က အနားယူလာတဲ့ လက်ဖတင်နင် တစ်ယောက်ပဲ၊ သူ့ကို ကျုပ်က ဖျတ်ဖျတ်လတ်လတ်နဲ့ လှုပ်ရှားတတ်တဲ့အတွက် လင်းယုန်လို့ အမည်ပြောင်ခေါ်ခဲ့တယ်"

ဟုဆိုလိုက်လေတော့၏။

ထိုအခါ ပါးစပ်ကိုလက်ဖြင့်အုပ်ထားသော ဆာဂျင်က ရှေ့သို့ထွက်လာကာ တာတေကြီးခေါ် စစ်ပြန်လင်းယုန်အား အလေးပြု၍

"ကျုပ်ကိုခွင့်လွှတ်ပါ လင်းယုန်၊ ဒါပေမဲ့ ဟောဒီ ပါးစပ်ထဲက ကျွတ်ထွက်သွားတဲ့ သွားတွေအတွက်တော့ ဘယ်တော့မှ မမေ့နိုင်စရာပဲ"

ဟုပြောလေတော့၏။





တာတေကြီးသည် အိမ်သို့ပြန်လည်ရောက်ရှိလာ၏။ အိမ်ကြီးတွင် သူ့ကို စိုးရိမ်ပူပန်မှုအပြည့်နှင့် စောင့်မျှော်နေသော ဦးပေါ်ထွန်းနှင့် ရွာသားအချို့ရှိနေ၏။

တာတေကြီးက ခရီးရောက်မဆိုက်ပင် ဦးပေါ်ထွန်းလက်ထဲသို့ ငွေအိတ်ကိုအပ်နှံကာ

"ဒါတွေက အင်္ဂလိပ်စစ်သားတွေ သိမ်းဆည်းသွားတဲ့ ငွေတွေပဲ၊ ဒီငွေတွေကို ရွာသားတွေကို ခွဲဝေပေးလိုက်ပါဗျာ၊ ကျုပ်နောက် တစ်နေ့မှာပဲ အရေးကြီးတဲ့ကိစ္စတစ်ခုနဲ့ခရီးထွက်ရမယ်"

ဟုပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးပေါ်ထွန်းက တာတေကြီး ပြန်လည်လွတ်မြောက်လာ၍ ဝမ်းသာနေသော်လည်း ထိုကဲ့သို့ လွတ်မြောက်လာခြင်းကပင် သူ့အတွက်· ထူးဆန်းအံ့ဩဖွယ်ရာလည်းဖြစ်နေ၏။

ညသို့ရောက်လျှင် တာတေကြီးသည် ယမန်နေ့က မပြောဖြစ်လိုက်သည့် သူ၏အကြောင်းကို ဦးပေါ်ထွန်းအားပြောပြလေ၏။

သူသည် မထင်မှတ်ဘဲ စော်ဘွားကြီး၏ အဖိုးတန်ဓားကို ရရှိခဲ့ပုံ၊ စော်ဘွားကြီး၏ တူမတော်စပ်သူ ဒေါ်နန်းမြိုင်က ဓားနှင့်ဆက်နွှယ်ပြီး မိမိအပေါ် ဂရုဏာသက်ကာ ဆင်းရဲဒုက္ခတွင်းထဲမှ ကယ်တင်သွားခဲ့ပုံ၊ ထို့နောက် ဒေါ်နန်းမြိုင်က သူ့ကို မြန်မာပြည်တွင် မထားဘဲ သူ၏မိတ်ဆွေအချို့ရှိရာ အင်္ဂလိပ်နိုင်ငံသို့စေလွှတ်ပြီး ပညာကို ကြိုးစားသင်ယူစေပုံ၊ ထို့နောက် ဘွဲ့တစ်ခုရလျှင် ဗြိတိသျှစစ်တပ်တွင် (၅)နှစ်တာမျှ စစ်မှုထမ်းခဲ့ပုံတို့အား အတိုချုံး၍ ပြောလေ၏။

ဦးပေါ်ထွန်းကဲ ပါးစပ်အဟောင်းသားနှင့် နားထောင်ပြီးနောက်

*"ကောင်လေး… မင်းရဲ့အဖြစ်က မယုံနိုင်စရာပါလား၊ မင်းက ဒီအရပ်ဒေသက ပျောက်ကွယ်သွားပြီး ဘိလပ်ကိုရောက်သွားတာကိုး"*

ဟု ရေရွတ်လေ၏။





ထို့နောက် တာတေကြီးကမူ သူ့အား ဖမ်းဆီးသွားသည့် အင်္ဂလိပ်စစ်သားများလက်မှ လွတ်မြောက်လာခဲ့ပုံကိုလည်း ဆက်၍ ပြောပြလေ၏။

ထိုအခါ ဦးပေါ်ထွန်းက ခေါင်းတဆတ်ဆတ်ညိတ်ပြီး

*"အင်္ဂလိပ်စစ်ဗိုလ်က မင်းရဲ့မိတ်ဆွေဆိုတော့ မင်းဟာ စပိုင်တစ်ယောက်မဟုတ်မှန်း အထူးတလည် ရှင်းပြစရာမလိုတော့ဘူးပေါ့၊ ကောင်းတယ်ဟော့၊ အုန်းသီးနဲ့တရုတ်ကြီးကတော့ သူတို့ဆင်တဲ့အကွက် ပျက်သွားလို့ မခံချိမခံ့သာဖြစ်နေပြီပေါ့"*

ဟု ဆိုလေ၏။ တာတေကြီးက

*"ဦးအုန်းသီးကို ကျုပ် ဒီနယ်မှာ လုံးဝမမြင်ချင်တော့ဘူးလို့ ပြောလိုက်တယ်၊ နောက်တစ်ခါ မကောင်းမှုတစ်ခုခုတစ်ရာနဲ့ ပတ်သက်ပြီး ကျုပ်နဲ့ ဆုံတွေ့ခဲ့ရင် သူ့ကို လူ့လောကကြီးထဲကထုတ်ပစ်ဖို့ ကျုပ် ဆုံးဖြတ်ထားတယ်၊ အဲဒီအတိုင်းလည်း သူ့ကိုမှာလိုက်တယ်၊ တရုတ်ကြီးကိုတော့ ငွေမျက်နှာတစ်ခုတည်းကြည့်ပြီး မကောင်းမှုတွေကို အားပေးအားမြှောက်လုပ်ရင် သူ့ဆိုင်ကို မြေလှန်ပြီး မီးရှို့ပစ်*



www.burmeseclassic.com

www.burmeseclassic.com



မယ်လို့ ကျိန်းဝါးခဲ့တယ်၊ ကျုပ်ရဲ့မိတ်ဆွေ လက်မတင်နင် ဂျိုနသန်နဲ့ သူ့တပ်စုကတော့ စပိုင်ကို ရှာဖွေဖို့ ခရီးဆက်သွားပြီ”

ဟု ပြောလေ၏။ ထိုအခါ ဦးပေါ်ထွန်းက

“အဲဒီစပိုင်ဟာ သူတို့အတွက် တော်တော် အရေးကြီးပုံရတယ်”

ဟု ဆိုလေရာ တာတေကြီးက

“သိပ်ဟုတ်တာပေါ့၊ အဲဒီစပိုင်က သူတို့ကို မြန်မာ့မြေပေါ်က မောင်းထုတ်ဖို့ကြိုးစားနေတဲ့ မျိုးချစ် တော်လှန်ရေးသမားတွေကို ပြင်သစ်နဲ့ဆက်သွယ်ပြီး လိုအပ်တဲ့လက်နက်ခဲယမ်းတွေ ထောက်ပံ့ဖို့ အရေး ကြီးတဲ့ လူတစ်ယောက်ပဲ”

ဟု ပြောလိုက်၏။ ဦးပေါ်ထွန်းက တစ်စုံတစ်ရာကို တွေးမိဟန်ဖြင့်

“ဒါဆိုရင် အုန်းသီးတို့ပြောတဲ့စပိုင်ကိစ္စက အမှန်ပဲပေါ့”

ဟု မေးမြန်းလေရာ တာတေကြီးက ခေါင်းညိတ်၍

“အမှန်ပေါ့၊ ဒီနယ်မှာ အဲဒီစပိုင်ရဲ့သတင်းက ဟိုးလေးတကြော်ကြော် ဖြစ်နေတာကို ဦးအုန်းသီးတို့





သိပြီးလို့ ကျုပ်ကို အဲဒါနဲ့ရောပြီး ချောက်ချလိုက်တာပါ”

ဟု အဖြေပေးလေတော့၏။

နောက်တစ်နေ့သို့ရောက်လျှင် တာတေကြီးသည်ခရီးထွက်ရန် ပြင်ပြီး ဦးပေါ်ထွန်းကို

“ဦးကြီးပေါ်ထွန်း၊ ဒီရက်ပိုင်းမှာ ဒီအိမ်ကြီးကို မူလအတိုင်းပြန်ပြီးဆောက်မဲ့ လက်သမားဆရာကြီးနဲ့ အဖွဲ့တစ်ဖွဲ့ရောက်လာလိမ့်မယ်၊ သူတို့ကို ဦးကြီးကပဲ စီစဉ်ပြီး အိမ်ဆောက်ဖို့ ကြီးကြပ်ပေးပါ၊ ကျုပ် ငွေကြေးအလုံလောက်ပေးခဲ့ပါ့မယ်၊ ဘယ်လိုဆောက်ရမယ်ဆိုတာလည်း လက်သမားဆရာနဲ့ကျုပ် အသေးစိတ် ညှိနှိုင်းပြီး ကျုပ် လိုချင်တဲ့ပုံစံကို ပြောပြီးပါပြီ”

ဟု မှာကြားလေ၏။ ဦးပေါ်ထွန်းက

“မင်းမှာ ဘာအရေးတကြီးကိစ္စပေါ်လာသလဲ၊ ငါတတ်နိုင်တာဆိုရင် လုပ်ပေးမယ်”

ဟု ပြောလေရာ တာတေကြီးက

“ဒီအိမ်ကြီးတည်ဆောက်ပြီးရင် ကျုပ်ကိုကူညီတာနဲ့ အတူတူပါပဲ”



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုလေ၏။

တာတေကြီးထွက်ခွာသွား၍ (၃) ရက်မျှကြာလျှင် လူဆယ်ဦးခန့် ပါဝင်သော လက်သမားအဖွဲ့ကို တစ်ခေါင်းလုံး ဆံပင်ဖြူတို့ဖြင့် ဖုံးလွှမ်းနေသော ဆရာကြီးတစ်ယောက်က ဦးဆောင်ကာ ရောက်ရှိလာလေ၏။

ထိုသူများသည် ရောက်လျှင်ရောက်ချင်းပင် အိမ်ကြီးကို တစ်စစီဖြစ်အောင် တက်ညီလက်ညီဖြင့် ဖြိုဖျက်ကြ၏။

မြေကွက်အလွတ်တစ်နေရာတွင်မူ အိမ်ဟောင်းမှရရှိသည့် သစ်သားများနှင့် ယာယီတန်းလျားကြီးတစ်ခုပြုလုပ်ကာ ဦးပေါ်ထွန်း အပါအဝင် လက်သမားများနေထိုင်ကြ၏။

လက်သမားဆရာကြီးက ဦးပေါ်ထွန်းထံတွင် ငွေကြေးများ ထုတ်ယူကာ အိမ်ကြီးတည်ဆောက်ရာတွင် လိုအပ်သည့် ဆောက်လုပ်ရေးပစ္စည်းများဝယ်ယူရန် စီစဉ်လေ၏။

ထိုအခါ လက်သမားခေါင်းတစ်ယောက်နှင့် လူသုံးဦးက ပစ္စည်းဝယ်ရန် တာဝန်ယူစဉ် ကျန်လူများက အိမ်ကြီးတည်ရှိခဲ့ရာနေရာတွင် မြေဖို့၍ အသားသေစေရန် ပြုလုပ်ကြ၏။

ထို့နောက် မြေနေရာကို တိုင်းထွာ၍ ပန္နက်ရိုက်ပြီးသောအခါ လက်သမားဆရာကြီးက ဦးပေါ်ထွန်းကို





"နောင်ကြီး၊ အခုအချိန်ကစပြီး ကျုပ်တို့ အလုပ်စတော့မယ်၊ အိမ်ကြီးတည်ဆောက်မဲ့နေရာကို ကျုပ်ကြိုးနဲ့တားပြီး စည်းဝိုင်းလုပ် ရလိမ့်မယ်၊ အဲဒီစည်းဝိုင်းထဲကို ဒီကရွာသားတွေနဲ့ နောင်ကြီးအပါအဝင် ဘယ်သူမှမဝင်ဖို့ မေတ္တာရပ်ခံပါတယ်၊ ကျုပ်တို့တည်ဆောက်မဲ့ လက်သမားဆရာတွေကလွဲပြီး ဘယ်သူမှဝင်ခွင့်မရှိတော့ပါဘူး၊ ဒီအိမ်ကြီး တည်ဆောက်ပြီးမှ နောင်ကြီးလက်ထဲကို အပ်ပါ့မယ်၊ အဲဒီစည်းကမ်းဟာလည်း တာတေကြီးရဲ့ဆန္ဒအရပါပဲ"

ဟု ပြောလေ၏။ ဦးပေါ်ထွန်းက ခေါင်းကိုကုတ်၍

"ကျုပ်တော့ ဘာမှနားမလည်တော့ဘူးဗျာ၊ တာတေကြီးဟာ ဘာပဲလုပ်လုပ် သိသိဂုက်ဂုက်လုပ်တတ်တာတော့ ကျုပ်သိပါတယ်၊ အခုဆိုရင် သူဘာကြောင့် အရေးတကြီးခရီးထွက်သွားသလဲဆိုတာတောင် ကျုပ်မသိရဘူး၊ ပြီးတော့ ဒီအိမ်ကြီးတည်ဆောက်တဲ့နေရာကို ဘယ်သူမှအဝင်မခံတာကိုလည်း ဘာကြောင့်မှန်း တွေးလို့ ဉာဏ်မမီတော့ဘူးဗျာ"

ဟု ရေရွတ်လေ၏။ ထိုအခါ လက်သမားဆရာကြီး



www.burmeseclassic.com

www.burmeseclassic.com



"ဒီလို နားမလည်နိုင်တဲ့ကိစ္စမျိုး၊ ထူးဆန်းအံ့ဩဖွယ်ရာကောင်း တယ်ဆိုတဲ့ကိစ္စမျိုးဟာ အဖြေကိုမသိခင်မှာသာ ဖြစ်ပေါ်နေတာဗျာ၊ အချိန်တန်ရင် နောင်ကြီး သိလာမှာပါ"

ဟု ပြောလေ၏။ ဦးပေါ်ထွန်းက ခေါင်းညိတ်၍

"ကျုပ် နားလည်ပါတယ်၊ တာတေကြီးလုပ်တဲ့ကိစ္စဟာ 'အဓိပ္ပါယ်တစ်ခုခုတော့ 'ရှိနေတတ်တာချည်းပါပဲ"

ဟု ဆိုလိုက်လေတော့၏။

ပန်းအိစ် ကွန်ပျူတာ
အမှတ်(၇) မျက်နှာစာတန်း ကျိုက္ကဆံလမ်း ကျောက်မြောင်းဈေး တာမွေ





တစ်နေ့သ၌ ငါးရက်တစ်ဈေးမြို့ကလေး၏ တောင်ဘက်ရှူးရှူးရှိ မိုင်နှစ်ဆယ်မျှဝေးကွာသည့် မြို့ပိုင်မင်းရုံးစိုက်ရာ တောင်ပေါ်မြို့ကလေးတစ်မြို့သို့ ခရီးသွားဖြစ်ဟန်တူသော လူရွယ်တစ်ဦးသည် ရောက်ရှိလာ၏။

ထိုသူသည် တာတေကြီးသာဖြစ်၏။ တာတေကြီးသည် မြို့ကလေးသို့ ရောက်ရှိလျှင် မြို့စွန်ရှိ ရှမ်းဘုန်းကြီးကျောင်းသို့သွားကာ လူတစ်ယောက်နှင့် တွေ့ဆုံလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကပ္ပိယကြီးသည် အင်္ဂိယဝါသနာကြီးလှသော ဆရာတော်ကြီး၏ ခိုင်းစေမှုနှင့် ကျောင်းအောက်ရှိ ဖိုရုံကြီးထဲတွင် ဖားဖိုကြီးကို တရှူးရှူး ဆွဲလျက်ရှိ၏။

ထိုအခိုက် တာတေကြီးရောက်ရှိလာပြီး

*"ကပ္ပိယကြီး ဦးသူတော်၊ ကျုပ်က တာတေကြီး ပါ"*

ဟု သူ့ကိုယ်သူ မိတ်ဆက်လေ၏။ ကပ္ပိယကြီးက ဖားဖိုကြီးကို အဆက်မပြတ်ဆွဲထားရင်းမှ တာတေကြီးကို စောင်းငဲ့ကြည့်၍

*"ဘာကိစ္စလဲ မောင်ရင်၊ ကျုပ်က ဆရာတော်ကြီး အမိန့်နဲ့ ချော်ခဲတွေကို လုံထထည့်ပြီး သန့်စင်အောင် မီးပြင်းတိုက်နေရတယ်၊ အကြောင်းကိစ္စ အရေးကြီးရင် ကျောင်းပေါ်တက်ပြီး ဆရာတော်ကြီးဆီမှာ လျှောက် တင်ပေတော့၊ ဒီမှာ မောင့်ရင့်ကို ညည်းခံစကားပြော နိုင်လောက်အောင် အချိန်မပေးနိုင်ဘူး"*

ဟု ပြောလေ၏။ ထိုအခါ တာတေကြီးက ကုတ်အင်္ကျီအတွင်းမှ ပယင်းပုတီးကလေးတစ်ကုံးကို ထုတ်ယူပြီး

*"ကျုပ်ကိစ္စက ကပ္ပိယကြီးနဲ့တွေ့ဖို့ပါ၊ ဟောဒီက ပစ္စည်းကလေးကို လှူကြုံပေးနိုင်းလိုက်လို့ ရောက်လာ*





*တာပါ"*

ဟု ဆိုလေရာ ကပ္ပိယကြီးသည် ပယင်းပုတီးကိုကြည့်ပြီး ထိုင်ရာ မှ ဆတ်ခနဲထ၍ လှမ်းယူလေ၏။ ကပ္ပိယကြီးအတွက် ဖားဖိုကြီးမှ တရှူးရှူးမြည်သံ ရပ်တန့်သွားသည်ကိုပင် သတိပြုမိဟန်မတူဘဲ ပယင်းပုတီးကို ပွတ်သပ်ကာ

*"ဒီပယင်းပုတီးကလေးဟာ သက်မဲ့ပစ္စည်း ဖြစ်ပေမဲ့ ကျုပ်အတွက်တော့ အဓိပ္ပါယ်ပြည့်ဝတဲ့ စကားတွေရှိနေတယ်၊ မကြာခင်က ကျုပ်အတွက် ဆရာတော်ကြီးခိုင်းစေထားတဲ့ကိစ္စဟာ အရေးကြီး ဆုံးပါပဲ၊ ဒီပယင်းပုတီးကိုတွေ့တဲ့အချိန်ကစပြီး ကျုပ် ဘဝမှာ ဒီထက်ပိုပြီး အရေးကြီးတာ မရှိတော့ပါဘူး၊ ကုန်ကုန်ပြောရရင် ဒီအရာကလေးဟာ ကျုပ်ရဲ့အသက် ထက်တောင် အရေးကြီးနေပါသေးတယ်"*

ဟု ပြောလေ၏။ တာတေကြီးက

*"ဒါဆိုရင်ကျုပ် လာရင်းကိစ္စကို ပြောလို့ရ ပြီပေါ့"*

ဟု မေးမြန်းလေရာ ကပ္ပိယကြီး ဦးသူတော်က ဖားဖိုကြီးသို့ တစ်ချက်လှမ်းကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



*"ပယင်းပုတီးနဲ့အတူရောက်လာတဲ့ မောင်ရင့်ကိစ္စဟာ အရေးကြီးနေမယ်ဆိုတာ သဘောပေါက်ပါတယ်၊ ဒီလိုကိစ္စမျိုးကို ဒီနေရာမှာ ပြောလို့မကောင်းဘူး၊ ကဲပါလေ... ကျုပ်နဲ့လိုက်ခဲ့ပါ"*

ဟု ပြောလေ၏။

ထို့နောက် ကပ္ပိယကြီးက မီးပြင်းတိုက်နေသည်ဟု ပြောသည့် 'လုံ' ကလေးကို မီးဖိုတွင်းမှ သံညှပ်နှင့်ဆယ်ယူပြီး စဉ့်အင်တုံတစ်ခု အတွင်းထည့်၍ သိမ်းဆည်းလေ၏။

ပြီးလျှင် ၎င်းသည် အရောင်အဆင်းမပေါ်တော့သည့် ချည်ကြမ်း တိုက်ပုံအင်္ကျီကြီးကိုဝတ်ဆင်ကာ ရှေ့မှဦးဆောင်ထွက်ခွာသွားတော့၏။

တာတေကြီးသည် ကပ္ပိယကြီးကိုကြည့်ပြီး မူလကလိုမဟုတ်တော့ဘဲ လူငယ်လေးတစ်ယောက်လို ဖျတ်လတ်သွက်လက်နေသည်ကို သတိပြုမိ၏။

သူတို့သည် မြို့ပြင်ရှိ အကွေ့အကောက်များလှသော တောလမ်း ကလေးအတိုင်း သွားလာပြီးနောက် နာရီဝက်ခန့်ကြာလျှင် ကြခတ်ဝါး များကို ခြံစည်းရိုးသဖွယ် စိုက်၍ထားသော စည်းရိုးမြင့်ကြီးတစ်ခုရှေ့သို့ ရောက်သာကြ၏။

စည်းရိုးတွင် ဂါးဖြင့်ခိုင်ခန့်စွာပြုလုပ်ထားသော ဝင်ပေါက်တံခါး





တစ်ခုကိုလည်း တွေ့ရ၏။ ကပ္ပိယကြီးက စည်းရိုးရှေ့တွင် ရပ်တန့်ပြီး

*"သူတော်လာတယ်ဟေ့"*

ဟု အော်ဟစ်အကြောင်းကြားလိုက်၏။ မကြာမီ စည်းရိုး တစ်နေရာရှိ ချောင်းကြည့်ကလေးမှ မျက်လုံးအစုံက သူတို့ကို ကြည့်ကာ

*"ဦးသူတော်... ဘာကြောင့် လူစိမ်းတွေကို ခေါ်လာရတာလဲ၊ ချက်ချင်းပဲ ဒီနေရာက လှည့်ပြန်သွားပါ"*

ဟူသော လူတစ်ယောက်၏ ပြန်လှန်ပြောဆိုသံက စည်းရိုးအတွင်း မှ ထွက်ပေါ်လာ၏။ ထိုအခါ ဦးသူတော်က

*"ပယင်းပုတီးနဲ့ရောက်လာတဲ့သူက ဘယ်လိုလုပ် လူစိမ်းဖြစ်နိုင်မှာလဲ"*

ဟု ဆိုလိုက်၏။ အတွင်းမှ ခေတ္တမျှငြိမ်သက်ကာ အသံရှင်က

*"ဝင်ခဲ့ပါ"*

ဟု အခွင့်ပေးလိုက်လျှင်ပင် တံခါးသည် တကျွီကျွီအသံပေးလျက် လူတစ်ကိုယ်စာဝင်သာရုံမျှ ပွင့်ဟသွားလေ၏။

ဦးသူတော်က လှမ်းဝင်သွားလျှင် တာတေကြီးလည်း နောက်မှ လိုက်ပါလာ၏။ အတွင်း၌ သစ်သားတန်းလျားရှည်ကဲ့သို့ အဆောက် အဦးတစ်ခုနှင့် မြင်းလေးငါးကောင်မျှထားရှိသော မြင်းစောင်းတစ်ခုကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရ၏။

အဆောက်အဦများ၏ မျက်နှာစာမှမြေကွက်လပ်ကျယ်တွင်မူ လူသုံးယောက်သည် တည်ငြိမ်စွာထိုင်လျက် မတုန်မလှုပ်ရှိနေကြ၏။

ထိုသူများ၏ မျက်လုံးအစုံက မှိတ်၍ထားကာ အားလုံးပင် အပေါ် ပိုင်း ဗလာကျင်းပြီး ရှမ်းဘောင်းဘီပွကြီးများ ဝတ်ဆင်ထား၏။

အသားညိုညိုနှင့် မျက်နှာလေးထောင့်ရှိသောလူကမူ တံခါးအနီး တွင် ရှိသေး၏။ ၄င်းသည် ကပ္ပိယကြီးကို လှမ်း၍ စစ်ဆေးမေးမြန်း သူ ဖြစ်နိုင်၏။

ထိုသူ၏မျက်လုံးအစုံကမူ တာတေကြီးထံမှမခွာဘဲ ရှိလေ၏။ ထိုအခိုက် ကပ္ပိယကြီးက ပယင်းပုတီးကို အသားညိုညိုနှင့်လူ၏ လက်တွင်းသို့အပ်ကာ

*"ညိုမောင်၊ ဒီဟာကလေးကို စစ်ဆေးကြည့် ပါဦး"*

ဟု ပြောလိုက်၏။ ကိုညိုမောင်က ပယင်းပုတီးကို မြင်ရုံမျှပင် ခေါင်းညိတ်ကာ

*"ဟုတ်ပါတယ်၊ ပစ္စည်းကတော့ စစ်မှန်ပါ တယ်"*

ဟု ဆိုကာ အကြည့်က တာတေကြီးထံရောက်လာပြန်၏။





ထိုအခိုက်တွင်ပင် မလှုပ်မယှက်ရှိနေသော လူသုံးယောက်၏ မျက်လုံးက ဖျတ်ခနဲပွင့်လာကြ၏။

သူတို့၏ အသွင်အပြင်က ယခုမှ အိပ်ရာနိုးထလာဟန်နှင့် အားအင်ပြည့်ဝနေဟန်ရှိ၏။ ထိုလူသုံးယောက်က တစ်ဦးကိုတစ်ဦး အဓိပ္ပါယ်ပါပါ ကြည့်ရှုကာ ထလိုက်ကြ၏။

တစ်ဆက်တည်းပင် ထိုသူများသည် တာတေကြီးကို စက်ဝိုင်း သဏ္ဍာန် ပတ်လည်ဝိုင်းပတ်မိသွားကြ၏။

ကိုညိုမောင်၏နှုတ်ဖျားမှ

*"တိုက်"*

ဟု အော်ဟစ်အမိန့်ပေးသံ ထွက်ပေါ်လာလျှင် လူသုံးယောက်က တစ်ပြိုင်နက် တာတေကြီးထံ ခုန်လွှားဝင်ရောက်လာကြတော့၏။

ကပ္ပိယကြီးကမူ သက်သောင့်သက်သာ လက်ပိုက်၍ ရပ်တန့် နေရာမှ တာတေကြီးကြားအောင်

*"ဘယ်နေရာမှာမဆို စမ်းသပ်စစ်ဆေးမှုဆိုတာ ရှိတယ်"*

ဟု အော်ဟစ်ပြောဆိုလေ၏။

တာတေကြီးကမူ တိုက်ခိုက်ရန် ပြေးဝင်လာသူသုံးယောက်မှ သတ်ပုတ်မှုတွင် ကောင်းစွာလေ့ကျင့်ထားသူများဖြစ်ကြောင်း ချက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ပင် သဘောပေါက်လိုက်၏။

ထို့ကြောင့်ပင် သူသည် ပေါ့ဆ၍မနေဘဲ စွမ်းအားအပြည့်နှင့် ပြန်လည်တိုက်ခိုက်လေ၏။ တာတေကြီးက မျက်နှာချင်းဆိုင်မှ ဝင်လာသူထံ တရကြမ်းတိုက်ခိုက်၍ စက်ဝိုင်းအတွင်းမှ ဖောက်ထွက်လိုက်၏။

ထိုသူများက သူ့ကို ပြန်လည်၍ ဝိုင်းဝန်းမိရန် ကြိုးစားအားထုတ်ကြ၏။ တာတေကြီးအတွက် ရေရှည်တွင် မလွယ်ကူနိုင်မှန်းသိလေရာ ဉာဏ်ကူရတော့၏။

တာတေကြီးသည် စက်ဝိုင်းအပြင်သို့ရောက်လျှင်ပင် အဆောက်အဦဘက်သို့ ပြေးလွှားလေ၏။

ကွင်းပြင်မြေပြောင်ပြောင်မှာ သူ့အတွက် အုပ်စုနှင့် ဝိုင်းဝန်းတိုက်ခိုက်ခံရမည့် သတ်ကွင်းတစ်ခုသာဖြစ်၏။ ထိုလူအုပ်စုကို ခွဲခြားပစ်၍ အားအင်လျော့ပါးစေရန် ပြုလုပ်ရပေမည်။

မကြာမီ တာတေကြီးသည် မြင်းစောင်းကို ကာရံထားသည့် သစ်သားတန်းကို လက်ဖြင့်ထောက်၍ အတွင်းသို့ လွှားခနဲ ခုန်ဝင်သွား၏။

နောက်မှ လူထွားကြီးသုံးယောက်ကလည်း ညာသံပေးကာ ထက်ကြပ်မကွာ လိုက်ပါလာကြ၏။ သူတို့၏ ပြေးလွှားလှုပ်ရှားမှုများကြောင့် မြင်းများလည်း ဂနာမငြိမ်ဘဲ ရှိ၏။





တာတေကြီး၏ တွေးထင်ချက်အတိုင်းပင် လူသုံးယောက်သည် မြင်းဇောင်းအတွင်းသို့ နေရာအသီးသီးမှ လူခွဲ၍ ဝင်ရောက်လာကြ၏။

ထိုအချိန်၌ တာတေကြီးသည် မြင်းတစ်ကောင်၏ဇက်ကြိုးကို ကိုင်မှဖြုတ်၍ သူ့ထံပြေးဝင်လာသူတစ်ယောက်ထံ ဦးတည်ပြီး မောင်းထုတ်လိုက်၏။

ဟစ်ဆက်တည်းပင် နံရံတွင်ထောင်ထားသော ဂေါ်ပြားရှည်အား ခြေဖြင့်ခတ်ထုတ်လိုက်ပြန်၏။ ဂေါ်ပြားသည် မြားတစ်စင်းလို အခြားသူတစ်ဦးထံ ဝိုးခနဲပြေးဝင်သွား၏။

ထို့နောက် တိုင်တွင်ချိတ်ဆွဲထားသော ကြိုးခွေက တာတေကြီး၏ လက်ထဲပါလာပြန်၏။ မြင်းဇောင်းမှမြင်းများ ရုတ်တရက် လွတ်မြောက် ထွက်ပြေးလျှင် ပြန်လည်ဖမ်းဆီးရန် ကွင်းလျောပြုလုပ်ထားသော ကြိုးခွေက ကျန်လူတစ်ယောက်၏လည်ပင်းကို စွပ်ရန် လွင့်ပျံသွားပြန်၏။

ပထမလူသည် မြင်းနက်ကြီးနှင့် ထိခိုက်မည့်ဘေးမှ ရှောင်တိမ်းရင်း မြင်းဇောင်းအပြင်သို့ ပြန်လည်ရောက်ရှိသွား၏။

ဒုတိယလူသည်ဂေါ်ပြားကို ရှောင်တိမ်းရန် မြင်းစာခွက်ပေါ်သို့ လွှားခနဲ ခုန်တက်လိုက်၏။ တတိယလူမှာမူ ဇေ့ယမ်း၍ဝင်လာသော ကြိုးကွင်းအား လျှပ်တစ်ပျက်ပင် ပြန်လည်ဖမ်းဆုပ်ထားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ကြိုးသည် လေထဲတွင် တန်းခနဲဖြစ်သွား၏။ တာတေကြီးသည် ကြိုးစကို တင်းတင်းဆုပ်ကိုင်၍ တစ်ဖက်လူ ဟန်ချက်ပျက်စေရန် အားစိုက်ဆွဲလိုက်စဉ် မြင်းစာခွက်ပေါ်မှလူက သူ့ထံ ရိပ်ခနဲခုန်ဝင်လာသည်ကို တွေ့ရ၏။

သူသည် ချက်ချင်းပင် ကြိုးကိုလျှော့၍ ကိုယ်ကို တစ်ပတ်လှည့်ကာ ဝင်လာသူကို ရှောင်တိမ်းရင်း လက်တစ်ဖက်ကို လှုပ်ရှားလိုက်၏။

ထိုသူသည် လေထဲ၌ပင် ခြေထောက်အား ကြိုးဖြင့်ရစ်ပတ်မိကာ ဒလိမ့်ခေါက်ကွေး ပြုတ်ကျလာ၏။

ထိုအခါ တာတေကြီးသည် ကြိုးစကိုလွှတ်ပြီး မြင်းတစ်ကောင်၏ ကျောပေါ်မှတဆင့် ခြေဖြင့်ထောက်၍ ခုန်လွှားကာ မျက်နှာကျက် ထုတ်တန်းကို ခိုတွယ်လိုက်ရ၏။

မြင်းဇောင်းအပြင်မှလူက ပြေးဝင်လာပြီး မြင်းစာကောက်ရိုးထုံးများအား ထိုးဆွသည့်ဝါးချွန်ဖြင့် ပစ်စိုက်လိုက်သောကြောင့်ဖြစ်၏။

တာတေကြီးက ဝါးချွန်ကိုလွတ်အောင် ရှောင်တိမ်းပြီးနောက် ထုတ်တန်းမှမြင်းတစ်ကောင်၏ ကျောထက်သို့ အလိုက်သင့် ခွလျက်သား ခုန်ချလိုက်၏။

မြင်း၏ဇက်ကြိုးမှာ တိုင်ဖြင့်ချည်နှောင်ထားလေရာ မြင်းသည် ကျောထက်မှ တာတေကြီးအား လက်မခံဘဲ မတ်တတ်ရပ်ကာ





ကျယ်လောင်စွာ ဟီလေ၏။

ထို့အပြင် ရုတ်တရက် တိုးကပ်လာသောလူတစ်ယောက်၏ ရင်ဝကို လန့်၍ နောက်ခြေဖြင့်ကန်ကျောက်မိ၏။

ထိုသူမှာ ဆယ်ပေါင်တူနှင့် ထုနှက်ခံလိုက်ရသလို လွင့်စင်သွား၏။ ထိုအခိုက် ဝါးချွန်ကို ပစ်လွှတ်လိုက်သူက မြင်း၏ကျောထက်တွင် ကိုးယိုးကားယားဖြစ်နေသော တာတေကြီး ပိုး၍ဒုက္ခများစေရန် ဇက်ကြိုးကို ဖြည်၍လွှတ်လေ၏။

မြင်းမှာ လွတ်လပ်သွားပြီဖြစ်သောကြောင့် ခုန်ပေါက်၍ကာရံထားသည့် သစ်သားတန်းအား ဖြောင်းခနဲမြည်အောင် တိုက်၍ချိုးကာ အပြင်သို့ ပြေးထွက်လေ၏။

ထိုမြင်းသည် သခင်မှလွဲ၍ မည်သူ့ကိုမှ အကပ်မခံသော မြင်းဆိုး တစ်ကောင်ဖြစ်၏။ ထို့ကြောင့်ပင် ကွင်းပြင်ထဲ၌ လှည့်ပတ်ပြေးလွှားရင်း ကျောထက်မှ တာတေကြီးအား လှုပ်ခါချရန် ကြိုးစားနေလေ၏။

တာတေကြီးသည် မြင်းထက်မှ ခုန်ချ၍ လွတ်မြောက်အောင် ပြုလုပ်နိုင်၏။ သို့သော် သူသည် ကုန်းနှီးမပါသော မြင်း၏လည်ပင်းကိုဖက်ကာ ဇက်ကြိုးထိန်းသိမ်းရန် ကြိုးစားလေ၏။

မြင်းနှင့် လူတို့၏ အားပြိုင်ပွဲ စတင်ချေပြီ။ မြင်းသည် အဆောက်အဦများအနီး ပြေးလွှားကာ ခန္ဓာကိုယ်နှင့်ပွတ်တိုက်၍



www.burmeseclassic.com

www.burmeseclassic.com



တာတေကြီးကို ထိနိုက်လွင့်စင်အောင် ပြုလုပ်၏။

မတ်တတ်ရပ်၏။ နောက်ခြေနှစ်ချောင်းကို ရုတ်တရက် ကွေးညွှတ်၏။

မည်သို့ပင် ကြမ်းတမ်းစွာ ခုန်ပေါက်ပြေးလွှားနေသော်လည်း တာတေကြီးမှာ မြင်းနှင့်အတူ တစ်သားတည်းကပ်ပါနေလေ၏။

နောက်ဆုံးတွင် မြင်းမှာ ကျောထက်ရှိ သခင်အသစ်ကို လက်ခံလိုက်ပြီဖြစ်၏။

ထိုအခါမှပင် တာတေကြီးက မြင်းကို အသားကျစီးနင်း ရင်းပွဲကြည့်ပရိသတ်များပမာရှိနေသည့် လူထွားကြီးသုံးယောက်၊ ကိုညိုမောင်နှင့် ကပ္ပိယကြီးတို့ထံ ရောက်ရှိလာ၏။

ထိုအခါ၊ ကိုညိုမောင်က

*"ပယင်းပုတီးကလေးနဲ့အတူရောက်လာတဲ့ မောင်ရင့်အစွမ်းကို ကျုပ်တို့ ယုံကြည်ပါပြီ၊ မောင်ရင်ဟာလည်း ပယင်းပုတီးလိုပဲ ကျုပ်တို့ အပေါ် လွှမ်းမိုးအမိန့်ပေးနိုင်ပါပြီ"*

ဟု ပြောလိုက်လေတော့၏။





လက်သမားဆရာကြီးနှင့် တပည့်များသည် အိမ်ကြီးကို တစ်လခွဲအတွင်းပြီးစီးရန် နေ့မနား၊ ညမနား၊ အင်တိုက်အားတိုက် ဆောက်လုပ်ကြလေ၏။

အိမ်ဆောက်ပစ္စည်းများကို မြို့သို့တက်၍ ဝယ်ယူရန် စေလွှတ်လိုက်သူများလည်း သုံးရက်ခန့်ကြာလျှင် ပြန်လည်ရောက်ရှိလာ၏။

သူတို့သည် အိမ်ဆောက်ပစ္စည်းများဖြစ်သော သစ်၊ သွပ်၊ သံစသည်တို့နှင့် အိမ်ကြီးအတွင်းပြင်ဆင်ထားရှိရန် ပရိဘောဂအသစ်စက် စက်များကိုပါ ဝယ်ယူလာကြခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



လှေတစ်တန်၊ လှည်းတစ်တန်ဖြင့် ခရီးအဆင့်ဆင့် သယ်ဆောင်လာရသော ထိုပစ္စည်းများအား လက်သမားဆရာကြီးက အိမ်ကြီးတည်ဆောက်မည့် ခြံဝိုင်းအတွင်း၌ပင် စနစ်တကျ ထားရှိစေ၏၊

ထို့အတွက် လိုအပ်သည့်ငွေကြေးများကို ဦးပေါ်ထွန်းထံမှ ထုတ်ယူ လေရာ လက်သမားဆရာကြီးက ဝယ်ယူလာသမျှ စာရင်းဇယား အတိအကျနှင့် ပြန်လည်အပ်နှံ၏။

ဦးပေါ်ထွန်းမှာမူ တန်းလျားတွင် နေထိုင်ရင်းမည်သည့်အလုပ်မျှ မယ်မယ်ရရမရှိသောကြောင့် လက်သမားဆရာကြီးနှင့်အဖွဲ့ စားသောက်ရန် ချက်ပြုတ်ရေးတာဝန်ကို ယူလေ၏။

သူသည် ရွာတွင်းမှ မိန်းမကြီးတစ်ယောက်နှင့် လူငယ်တစ်ယောက်ကို အခကြေးငွေပေးကာ ကူညီလုပ်ကိုင်ရန် ခေါ်ထားလေ၏။

အိမ်ကြီးမှာ တစ်စထက်တစ်စ ရုပ်လုံးပေါ်လာပြီဖြစ်၏။ အိမ်ကြီး၏ အခင်းနှင့်အကာများ အကြမ်းပြီးစီးလျှင် ဝယ်ယူလာသော ကနုတ်ပန်းထွန်း၊ ကျွန်းသားဗီရိုကြီးများ၊ ကော်ဇောလိပ်များ၊ ဆိုဖာဆက်တီများ၊ အခြားအိမ်တွင်းအလှဆင် တရုတ်ပြည်လုပ်မီးပန်းဆိုင်းကြီးများ ထည့်ထားသည်ဟု သိရသည့် ထင်းရှူးသေတ္တာကြီးများ၊ စသည်တို့ကို အိမ်တွင်းသို့သယ်ယူပြောင်းရွှေ့ထားလေ၏။

သရဖီလိုင်စာပေ



ဦးပေါ်ထွန်းမှာ လက်သမားများ၏ လုပ်ပုံကိုင်ပုံကို တစေ့တစောင်းကြည့်၍ အကဲခတ်ကာ

*"အင်း... ဒီလူတွေ အလုပ်လုပ်ပုံကတော့ ချီးမွမ်းစရာပဲ၊ နေ့လယ်ဘက်ဆိုရင်လည်း ထမင်းစားချိန်လောက်ပဲနားတယ်၊ ညဘက်ဆိုရင်လည်း အောက်လင်းမီးအိမ်ကြီးတွေထွန်းပြီး ညဉ့်နက်တဲ့အထိ အလုပ်လုပ်ကြတယ်၊ အိမ်ကြီးကိုလည်း မူလအိမ်ကြီးနဲ့ တစ်သဝေမတိမ်းတူနေအောင် စေ့စေ့ကိုက် တည်ဆောက်နေကြတယ်"*

ဟု စိတ်တွင်းမှ ကျိတ်၍ သဘောကျနေလေ၏။

လက်သမားဆရာကြီးသည် သူ၏စကားအတိုင်းပင် တစ်လခွဲပြည့်သောနေ့တွင် အိမ်ကြီးတစ်ခုလုံးကို အချောသတ်တည်ဆောက်ပြီးစီးသည့်အပြင် အိမ်ရှေ့တွင် ရေကန်ငယ်တစ်ခုနှင့် ပန်းခြံကိုပါ ပြုလုပ်ပြီး ဖြစ်၏။

ထိုအခါမှပင် ဦးပေါ်ထွန်းလည်း အိမ်ကြီးအတွင်း ဝင်ခွင့်ရသွားလေတော့၏။ လက်သမားဆရာကြီးနှင့် အဖွဲ့မှာမူ နောက်တစ်နေ့တွင်ပင် ထွက်ခွာမည့်ဟန်နှင့် သူတို့၏ လက်သမားကိရိယာများ၊ အသုံး အဆောင်များကို ထုပ်ပိုးပြင်ဆင်နေလေ၏။

သရဖီလိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဦးပေါ်ထွန်းက

"လက်သမားဆရာကြီးတို့က တာတေကြီးကို တောင် မစောင့်ကြတော့ဘူးလား"

ဟု မေးမြန်းလေရာ လက်သမားဆရာကြီးက

"ဒီနေ့မှာ အိမ်ကြီးပြီးမယ်လို့ သူ့ကို ကတိပေးခဲ့တာပဲ၊ သူလည်း ဒီနေ့ အရောက်ပြန်လာမယ်လို့ ပြောသွားပါတယ်"

ဟု ဆိုလေ၏။

ထိုအခါ ဦးပေါ်ထွန်းလည်း တာတေကြီးကို စောင့်မျှော်ရလေ၏။

တစ်နေကုန်၍ ညမိုးချုပ်သည်အထိ တာတေကြီး၏အရိပ်အယောင်မျှပင် မမြင်ရချေ။ ညဥ့်နက်မှပင် တာတေကြီးသည် ခရီးဝေးနှင်လာရဟန်ဖြင့် မြင်းတစ်ကောင်ကိုစီးနင်းကာ ပြန်လည်ရောက်ရှိလာ၏။

အိမ်သို့ရောက်လျှင် မြင်းပေါ်မှဆင်းသက်လာသော တာတေကြီး၏ ခြေလှမ်းတို့မှာ နွဲ့ကွေးလေးလံပြီး ကောင်းစွာလှမ်းရှားနိုင်ခြင်းမရှိချေ။

သူ၏မျက်နှာမှာလည်း သွေးဆုတ်သလို ဖြူရော်ကာ အားအင်ချည့်နဲ့နေဟန်ရှိ၏၊ အကောင်းပကတိဟူ၍ စူးရဲတောက်ပနေသော





မျက်လုံးအစုံသာရှိ၏။

ဦးပေါ်ထွန်းက စိုးရိမ်ကာ

"တာတေကြီး၊ မင်း ခရီးပန်းလာပြီထင်တယ်၊ ဆေးဆရာသွားပင့်ဖို့ လိုအပ်သလား"

ဟု မေးမြန်းလေရာ တာတေကြီးက ခေါင်းယမ်းပြီး

"ဆေးဆရာပင့်ဖို့တော့မလိုပါဘူး၊ ဒါပေမဲ့ ဆေးကုသဖို့တော့ လိုအပ်တယ်၊ ကျုပ်ရဲ့မြင်းကုန်းနှီးမှာ ဆေးအိတ်တစ်အိတ်ပါတယ်၊ အဲဒါကိုယူပြီး ကျုပ်နေမဲ့အခန်းကို လိုက်ခဲ့ပါဗျာ"

ဟု ပြောလေ၏။

ထို့နောက် တာတေကြီးက လက်သမားဆရာကြီးနှင့်အဖွဲ့ကို ခေတ္တနှုတ်ဆက်ကာ အခန်းတွင်းသို့ ဝင်ရောက်လာ၏။

နောက်မှ ဆေးအိတ်နှင့်အတူဝင်ရောက်လာသော ဦးပေါ်ထွန်းက ခုတင်ထက်တွင် မျက်လုံးကိုမှေး၍ အနားယူနေသော တာတေကြီးကို

"ကောင်လေး... မင်းမှာ ဒဏ်ရာတစ်ခုခုရလာသလား"

ဟု မေးမြန်းလေရာ တာတေကြီးက ခေါင်းညိတ်ပြီး ကုတ်အင်္ကျီနှင့် အောက်ခံအဝတ်ကိုချွတ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဦးပေါ်ထွန်းက တာတေကြီးကိုကြည့်၍ မျက်လုံးပြူးကျယ်ကာ

"မင်းရင်ဘတ်မှာ အဝတ်စနဲ့စည်းထားပေမဲ့ ဒဏ်ရာက သွေးတွေ စိမ့်ထွက်နေပါလား"

ဟု ဆိုလိုက်၏။ တာတေကြီးက ဒဏ်ရာမှ အဝတ်စကိုဖြေရင်း

"သေနတ်မှန်သွားတာဗျ၊ ကံကောင်းချင်တော့ ကျည်ဆန်က နံရိုကိုဖောက်ပြီးထွက်လာလို့ အားမပြင်းတော့ဘူး၊ ဒါကြောင့် အတွင်းက ကလီစာတွေ အထိမရောက်ဘဲ ရင်အုံမှာတင် ကျည်ဆန်ထိပ်ဖူး မြုပ်ဝင်နေပုံရတယ်၊ သူ့ကို ခွဲစိတ်ပြီးထုတ်ရမယ်"

ဟု ပြောလေ၏။

တာတေကြီးသည် သူ၏ဒဏ်ရာကို သူကိုယ်တိုင်ပင်ကုသရန် စီစဉ်လေ၏။

အင်္ဂလိပ်စစ်တပ်တွင် တိုက်ပွဲအကြိမ်ကြိမ်နွှဲခဲ့၍ စစ်သားကောင်းတစ်ယောက်ဖြစ်ခဲ့သော တာတေကြီးအတွက် ထိုဒဏ်ရာမျိုးမှာ ပြောပလောက်စရာမရှိချေ။

မကြာမီ ဘာတေကြီးသည် ရင်ဘတ်တွင်းမှ ကျည်ဆန်ကို ခွဲစိတ်ထုတ်ယူကာ ဆေးထည့်၍ ပတ်တီးတစ်ခုကို စည်းနှောင်ပြီးဖြစ်၏။





ထိုအခါ ဦးပေါ်ထွန်းက

"ကျည်ဆန်ဟာ နောက်ထပ်တစ်လက်မလောက် မင်းရဲ့အသားထဲ ဆက်ဝင်သွားရင် သေဖို့ရာနှုန်း တော်တော်များသွားပြီ၊ မင်းကို ဘယ်သူတွေက တိုက်ခိုက်လွှတ်လိုက်သလဲ၊ ပြီးတော့ မင်းဟာ တစ်လခွဲ အတွင်းမှာ ခရီးကြမ်းကိုနှင်နေပုံရတယ်၊ ကောင်လေး၊ မင်း ဘာတွေလုပ်နေသလဲ၊ အသက်အန္တရာယ်နဲ့ နီးစပ်တဲ့ အလုပ်တွေများ လုပ်နေသလားကွာ"

ဟု ကရုဏာသက်စွာ မေးမြန်းလိုက်၏။ တာတေကြီးက ထိုင်ရာမှ ဖြည်းညှင်းစွာထပြီး

"အသက်အန္တရာယ်နဲ့နီးတာတော့ အမှန်ပဲ ဦးကြီးပေါ်ထွန်း၊ ဒါပေမဲ့ ကျုပ် အသက်စွန့်ရရင်လည်း ထိုက်တန်တဲ့အသက်စွန့်မှုပဲ ဖြစ်မှာပါ၊ ကဲပါလေ… ဒီကိစ္စတွေကို ဦးကြီးပေါ်ထွန်းအနေနဲ့ ပဟေဠိတွေ ဖြစ်နေလိမ့်မယ်၊ ကျုပ်ကို လက်သမားဆရာကြီး စောင့်နေတယ်၊ ကျုပ်တို့ သူတည်ဆောက်ထားတဲ့ အိမ်ကြီးကို လှည့်ပြီး စစ်ဆေးကြည့်ရအောင်၊ အဲဒီအခါမှ ဦးကြီးပေါ်ထွန်းအတွက် အဖြေပေါ်လာ



www.burmeseclassic.com

www.burmeseclassic.com



*မှာပါ"*

ဟု ပြောလေ၏။

တာတေကြီးနှင့် ဦးပေါ်ထွန်းတို့အား လက်သမားဆရာက ဧည့်ခန်း တွင် အသင့်စောင့်နေလေ၏။

ထို့နောက် လက်သမားဆရာကြီးက ဦးဆောင်ပြီး အိမ်ကြီး၏ အတွင်းခန်းများကို ဖြတ်ကျော်ကာ စာကြည့်ခန်းအဖြစ် (သို့) အနားယူ အပန်းဖြေရန် ပြုလုပ်ထားဟန်ရှိသော အခန်းတစ်ခုအတွင်း ရောက်ရှိ လာကြ၏။

ထိုအခန်း၏ ပြတင်းပေါက်ကျယ်ကြီးများကို ပိုးခန်းဆီးအပြာ ရောင်များနှင့် ကာရံထား၏။

လက်သမားဆရာကြီးသည် အလင်းရောင်ကောင်းစွာရရှိရ လက်ဆွဲမီးအိမ်နှင့် ပျားဖယောင်းတိုင်များကို ပွန်းညှိကာ အခန်း ထောင့်တစ်နေရာတွင် အလှထားသည့် ကြွေပန်းအိုးကြီးကို အသာ အယာမ၍ ရွှေလေ၏။

ကြွေပန်းအိုးကြီး၏အခြေတွင် လက်တစ်ဝါးသာသာခန့် အပေါက် ဝိုင်းကလေးတစ်ခုရှိ၏။

ဦးပေါ်ထွန်းမှာ လက်သမားဆရာကြီး၏ အပြုအမူကို မျက်တောင်မခတ်တမ်းကြည့်ရှုနေ၏။



လက်သမားဆရာကြီးက အပေါက်ဝိုင်းအတွင်း လက်နိုက်ကာ တစ်စုံတစ်ရာကို ဆွဲယူလေ၏။

ထိုအခါ ဦးပေါ်ထွန်း၏နောက်ဘက်နံရံသည် အသံစိုးစဉ်းမျှ ထွက်ပေါ်ခြင်းမရှိဘဲ လူတစ်ကိုယ်စာဝင်သာရုံမျှ အပေါက်တစ်ပေါက် ဖြစ်ပေါ်သွားတော့၏။

တာတေကြီးက ထိုအပေါက်မှနေ၍ လက်ဆွဲမီးအိမ်ကိုဆွဲကာ ဝင်ရောက်သွားမှပင် ဦးပေါ်ထွန်းလည်း ထိုအပေါက်ပွင့်သွားမှန်း သတိ ပြုမိတော့၏။

၎င်းသည် လျှို့ဝှက်ပေါက်သာဖြစ်၏။ ကြွေပန်းအိုးကြီး၏အခြေ တွင် လျှို့ဝှက်ပေါက်ကိုဖွင့်လှစ်သော ခလုတ်ကဲ့သို့ တစ်စုံတစ်ရာရှိရ ပေမည်။

လျှို့ဝှက်ပေါက်ရှိရာအခန်းသည် အလုံပိတ်အခန်းတစ်ခုသာဖြစ်၍ နံရံနှင့်ကပ်လျှက် သစ်သားစင်များရှိလေ၏။ ဦးပေါ်ထွန်းက သစ်သား စင်များပေါ်တွင် အစီအရီတင်ထားသော အရာများကိုကြည့်ရှုပြီး မျက်လုံးပြူးကျယ်၍

*"လက်နက်တွေပါလား"*

ဟု တအံ့တသြရေရွတ်မိ၏။

တာတေကြီးက လက်ဆွဲမီးအိမ်ကို တစ်နေရာတွင် ချိတ်ဆွဲကာ

www.burmeseclassic.com

www.burmeseclassic.com



စင်ပေါ်မှ ရှိင်ဖယ်သေနတ်တစ်လက်ကို ဆွဲယူပြီး မောင်းတံုးကိုတင်၍ ကျည်မပါဘဲ ချောက်ခနဲပစ်ခတ်ကာ ဦးပေါ်ထွန်းကို

"ဒါတွေဟာ ဒီနယ်က မျိုးချစ်တော်လှန်ရေး သမားတွေအတွက် နယ်ချဲ့ဗြိတိသျှတွေကို မြန်မာ့မြေပေါ်က မောင်းထုတ်ဖို့ လက်နက်ခဲယမ်းတွေပါပဲ၊ အဲဒါတွေကို သူတို့လက်ထဲအရောက်ထည့်ဖို့ ကျုပ်က တာဝန်ယူထားရတယ်"

ဟု ပြောလေ၏။ ဦးပေါ်ထွန်းက အဖြစ်အပျက်တစ်ခုကို ဆက်စပ်တွေးမိကာ

"ဒါဆိုရင် မင်းက တကယ်ပဲ စပိုင်တစ်ယောက် ဖြစ်နေပြီပေါ့"

ဟု တာတေကြီးအား ပြောလိုက်၏။

တာတေကြီးက ခေါင်းညိတ်ပြစဉ် လက်သမားဆရာကြီးကဝင်၍

"ဟုတ်ပါတယ်၊ ကျုပ်တို့ဟာ တော်လှန်ရေး အတွက် ကျရာတာဝန် ထမ်းဆောင်နေတဲ့သူတွေပါ၊ ဒီအိမ်ကြီးကိုတည်ဆောက်ရခြင်း ရည်ရွယ်ချက်ကလည်း တော်လှန်ရေးသမားတွေနဲ့ တိတ်တဆိတ် ဆက်သွယ်ပြီး လိုအပ်တဲ့ငွေကြေးနဲ့ လက်နက်ခဲယမ်း





တွေ ထောက်ပံ့ဖို့ပါပဲ၊ လက်နက်ခဲယမ်းတွေကတော့ ဒီအိမ်ကြီးအတွက် ဆောက်လုပ်ရေးပစ္စည်းတွေ သယ်ယူကတည်းက ရောက်ရှိနေခဲ့တာပါ၊ တချို့ကို ထင်းရှူးသေတ္တာကြီးတွေထဲမှာ လျှို့ဝှက်သယ်ဆောင်ပြီး တချို့ကို အိမ်ဆောက်ပစ္စည်းတွေကြားမှာ ဖုံးဖိ သယ်ဆောင်လာခဲ့တယ်၊ ဒါမှလည်း တခြားသူတွေ မရိပ်မိမှာကိုး၊ ဒီထက်ပိုပြီး စပိုင်ကို နောက်ယောင်ခံလိုက်နေတဲ့ အင်္ဂလိပ်စစ်တပ်ကို မျက်စိလှည့်ဖို့က ပိုအရေးကြီးတယ်လေ၊ အိမ်ဆောက်ပစ္စည်းတွေနဲ့အတူ လက်နက်ခဲယမ်းတွေကို ဘယ်သူမှမရိပ်မိစေဘဲ သယ်ယူလာခဲ့ပြီး အိမ်ကြီးတည်ဆောက်နေစဉ် အတွင်းမှာလည်း ဒီလျှို့ဝှက်ခန်းရဲ့သတင်းကို မပေါက်ကြားအောင် လူစိမ်းတွေ အဝင်မခံခဲ့တာပေါ့"

ဟု ရှင်းပြလေ၏။ တာတေကြီးကမူ

"ကျုပ်ဟာ အင်္ဂလိပ်စစ်တပ်က ထွက်ပြီးကတည်းက ကျုပ်ကို စောင့်ရှောက်ခဲ့တဲ့ အမျိုးသမီးကြီးရဲ့ စီစဉ်မှုနဲ့ ပြင်သစ်တွေနဲ့ဆက်သွယ်ပြီး လိုအပ်တဲ့ အကူအညီတွေရအောင် ပြုလုပ်ခဲ့တာပါ၊ ဒီအလုပ်ဟာ



www.burmeseclassic.com

www.burmeseclassic.com



သတင်းတစ်စွန်းတစ်စ ပေါက်ကြားလို့ မဖြစ်နိုင်တဲ့အတွက် ဦးကြီးပေါ်ထွန်းကိုတောင် ကြိုတင်ပြီး အသိမပေးခဲ့တာပါ၊ ကျုပ်ကို နားလည်ပေးပါ၊ အခုဆိုရင် နေရာအသီးသီးမှာခိုလှုံနေကြတဲ့ တော်လှန်ရေးသမားတွေနဲ့ ကျုပ် ဆက်သွယ်မှုစည်းမိပါပြီ၊ အချိန်ကျလာရင် သူတို့ ဒီကို တိတ်တဆိတ် လာရောက်ဆက်သွယ်ကြလိမ့်မယ်၊ ဒီအိမ်ကြီးဟာ တော်လှန်ရေးအတွက် အထောက်အပံ့တစ်ခုပေးနိုင်တဲ့ ယာယီစခန်းအဖြစ် ရှိနေမှာပါ”

ဟု ပြောလေ၏။

ဦးပေါ်ထွန်းက ခေါင်းညိတ်ပြီး

“ကောင်လေး၊ မင်းရဲ့စိတ်ဓာတ်နဲ့ ရဲဝံ့စွန့်စားမှုကို လေးစားပါတယ်၊ မင်းရင်ဘတ်က ဒဏ်ရာဟာလည်း တော်လှန်ရေးအတွက် ရင်းနှီးပေးဆပ်ခဲ့ရတဲ့ အရင်းအနှီး မဟုတ်လား”

ဟု ဆိုလေရာ တာတေကြီးက

“ဟုတ်ပါတယ်၊ ကျုပ်က ရိုးမအစွန်က တော်လှန်ရေးသမားတစ်စုနဲ့ သွားရောက်ဆက်သွယ်ရင်း



စိတ်ဓာတ်ခြစားပြီး နယ်ချဲ့ရဲ့ လက်ကိုင်တုတ်လုပ် နေတဲ့ လူတစ်စုနဲ့ရင်ဆိုင်ခဲ့ရတယ်၊ တကယ်တော့ ကျုပ် ဒီကိုရောက်လာမယ်လို့ အင်္ဂလိပ်အစိုးရက ကြိုပြီး သတင်းရခဲ့တာ သူတို့ကြောင့်ပါပဲ၊သူတို့ဟာ ကျုပ်ကို အတိအကျမသိရပေမဲ့ နည်းနည်းတော့ ရိပ်မိနေကြပုံပါပဲ၊ ဘာကြောင့်လဲဆိုရင် ကျုပ်တို့ရဲ့ တော်လှန်ရေးသမားတွေထဲမှာကိုက သစ္စာဖောက်တစ်ယောက် ရှိနေလို့ပဲ၊ ကျုပ် အဲဒီသစ္စာဖောက်ကို အရင်ဆုံးရှာဖွေဖော်ထုတ်ရဦးမယ်၊ သူ့ကို ဆက်ပြီးရှင်သန်ခွင့်ပေးထားရင် တော်လှန်ရေးအတွက် အနှောင့်အယှက်တွေ့နိုင်တယ်”

ဟု ပြောလိုက်လေ၏။

ထိုအချိန်၌ တာတေကြီးသည် ကိုညိုမောင်တို့လူစုကို ဖျတ်ခနဲ သတိရလိုက်၏။

သူသည် ထိုလူစုအား သစ္စာဖောက်ကို ရှာဖွေစုံစမ်း ခိုင်းထားသည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



တာတေကြီးသည် သေနတ်ဒဏ်ရာပျောက်ကင်းလျှင် ကိုညီမောင်တို့နှင့် သွားရောက်ဆက်သွယ်လေ၏။ ထိုအခါ ကိုညီမောင်က

"တာတေကြီး၊ ကျုပ်တို့စုံစမ်းနေတဲ့ သစ္စာဖောက်ဟာ ဒီမြို့ကလေးက အရေးပိုင်မင်းနဲ့ အဆက်အသွယ်ရှိတယ်၊ သူဟာ လွန်ခဲ့တဲ့တစ်နှစ်လောက်ကတည်းက အင်္ဂလိပ်အစိုးရက အလိုရှိနေတဲ့ မျိုးချစ်တော်လှန်ရေးသမားကြီးတစ်ယောက်ကို မြို့ပိုင်မင်းနဲ့ပေါင်းပြီး ဖမ်းဆီးပေးခဲ့ဖူးတယ်၊ ဒါတွေကို အခုမှသိရတာပါ၊ အဲဒီသစ္စာဖောက်ကို ကျုပ်တို့ကိုယ်တိုင် အရင်ကလေးစားယုံကြည်ခဲ့ဖူးတယ်၊ သူကလည်း တော်လှန်ရေးသမားတွေနဲ့ပေါင်းပြီး အရေခြုံနေခဲ့တာကိုး၊ မောင်ရင် ကျုပ်တို့ဆီကို စပိုင်အဖြစ် ရောက်လာမယ်ဆိုတာကို အတွင်းလူတွေဖြစ်တဲ့အတွက် သူလည်းသိရှိနေခဲ့တာပဲ၊ ဒါကြောင့် စပိုင်သတင်းဟာ ဒီနယ်မှာ ဟိုးလေးတကြော်ကြော်ဖြစ်အောင် ပေါက်ကြားသွားခဲ့တာပေါ့"

ဟု ပြောလေ၏။

ကိုညီမောင်နှင့် တော်လှန်ရေးသမားတစ်စုသည် မူလကတည်းက တာတေကြီး၏ ကျေးဇူးရှင် အမျိုးသမီး ဒေါ်နန်းမြိုင်နှင့် အဆက်အသွယ်ရှိခဲ့၏။

ထို့ကြောင့်ပင် ဒေါ်နန်းမြိုင်က သူ၏အထိမ်းအမှတ် ပယင်းပုတီးဖြင့် ကိုညီမောင်တို့ကို ဆက်သွယ်နိုင်ခဲ့ခြင်းဖြစ်၏။

ယခုတော့ ဒေါ်နန်းမြိုင်သည် မြန်မာပြည်အနှံ့သို့ လှည့်လည်ကာ တော်လှန်ရေးသမားများကို ကူညီထောက်ပံ့ရန် ဘဝကို မြှုပ်နှံထားလေ၏။

တာတေကြီးသည် သစ္စာဖောက်၏သတင်းအစအနကို ရရှိသောကြောင့် စိတ်ဝင်တစားနှင့် ကိုညီမောင်ကို





www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလူက ဘယ်သူလဲ"

ဟု မေးမြန်းလိုက်၏။

ကိုညိုမောင်က လက်သီးကိုဆုပ်၍

"ဒီနယ်မှာတော့ ထင်ရှားတဲ့ သူဌေးတစ်ဦးပါပဲ၊ လိမ္မော်ခြံတွေလည်း ပိုင်တယ်၊ သူဟာ အင်္ဂလိပ်အစိုးရရဲ့ လက်ကိုင်တုတ်ဖြစ်ခဲ့ဖူးတဲ့ မြို့ပိုင်ဟောင်းတစ်ယောက်ပဲ၊ ဦးချမ်းသာလို့ခေါ်တယ်၊ သူ့ကို အပြတ်ရှင်းရမယ်"

ဟု သတင်းပေးလေတော့၏။

ကိုညိုမောင်၏စကားကြောင့် တာတေကြီး၏ရင်ထဲတွင် အခံရခက်သော ဝေဒနာတစ်ရပ်ဖြစ်ပေါ်သွား၏။ သူ၏လက်ကလည်း အလိုအလျောက်ပင် အင်္ကျီအတွင်းအိတ်ကို စမ်းသပ်မိ၏။

ထိုအထဲတွင် သူ့ဘဝအတွက် အားမာန်တစ်စိတ်တစ်ပိုင်းဖြစ်စေခဲ့သော ပစ်တိုင်းထောင်ရုပ်ကလေးရှိနေ၏။

အရုပ်ကလေးက နှစ်ပေါင်းများစွာကြာမြင့်ခဲ့၍ ဟောင်းနွမ်းခဲ့သော်လည်း အရုပ်ကလေးနှင့် ပတ်သက်ဆက်နွယ်မှုမှန်သမျှတို့သည် တာတေကြီးအတွက် မနေ့တနေ့ကလိုပင် လတ်ဆတ်နေ၏။

ထိုအခိုက် ကိုညိုမောင်က



"မောင်ရင်က ဦးချမ်းသာကို သိနေလို့လား"

ထိုအခိုက် ကိုညိုမောင်က

ဟု မေးမြန်းလေရာ တာတေကြီးသည် သက်ပြင်းချလိုက်ပြီး

"ကျုပ် သူ့ကို ကောင်းကောင်းသိပါတယ်၊ ကျုပ်နဲ့သူ့ကြားမှာ ဆက်နွယ်ပတ်သက်မှုတစ်ခု ရှိနေတယ်၊ အဲဒါကလည်း ကျုပ်ရဲ့ စိတ်ကူးယဉ်အိပ်မက်ကြောင့်ပါပဲ၊ အခုတော့ ကျုပ်ရဲ့စိတ်ကူးယဉ်အိပ်မက်ကို ကျုပ်ကိုယ်တိုင်ဖျက်ဆီးရတော့မယ်၊ ဘာကြောင့်လဲဆိုရင် ဦးချမ်းသာဆိုတာ တစ်ချိန်က ကျုပ်သံယောဇဉ်ရှိခဲ့တဲ့ မြကြာညိုဆိုတဲ့ မိန်းကလေးရဲ့ ဖခင်တစ်ယောက်ပါပဲ"

ဟု ပြောလိုက်ရာ ကိုညိုမောင်က မျက်ခုံးနှစ်ဖက်မြင့်တက်ကာ စိတ်ဝင်တစားဖြင့် ဆက်လက်နားစွင့်နေလေ၏။

တာတေကြီးက ဆက်လက်၍

"ကျုပ်ဟာ မြန်မာပြည်ကိုရောက်စကတည်းက တော်လှန်ရေးလုပ်ငန်းတွေကို ဒေါနန်းမြိုင်နဲ့တွဲပြီး လုပ်ရှားခဲ့တယ်၊ တာဝန်ကြောင့် မအားမလပ်ဖြစ်နေတဲ့ကြားကပဲ ကျုပ်သံယောဇဉ်ဖြစ်ခဲ့တဲ့ မိန်းကလေးရဲ့

www.burmeseclassic.com

www.burmeseclassic.com



*သတင်းကို မပြတ်စုံစမ်းခဲ့ပါတယ်၊ မိန်းကလေးရဲ့ သတင်းတွေကို သိရပေမဲ့ လူချင်းတော့ တစ်ခါမှ မတွေ့ခဲ့ရသေးပါဘူး"*

ဟု ဆိုကာ သူနှင့် မြကြာညိုတို့ မထင်မှတ်ဘဲ တွေ့ဆုံခဲ့ပုံကို ပြောပြလေ၏။

ကိုညိုမောင်သည် တစ်ချိန်က မြကြာညိုအား သေတ္တာကြီး တစ်လုံးဖြင့် လူတစ်စုက ဖမ်းဆီးက အဆင့်ဆင့် လက်ပြောင်းလက်လွှဲ ခဲ့ပုံများ၊ ကြားမှနေ၍ တာတေကြီးက ကယ်တင်ကာ စောင့်ရှောက်ခဲ့ပုံများ၊ ထို့နောက် မိန်းကလေးအား ထိုလူစုက ပြန်လည်ဖမ်းဆီးကာ တာတေကြီးလည်း ဒဏ်ရာအနာတရများနှင့် ကျန်ရစ်ခဲ့ပုံများကို စိတ်ဝင်တစား နားထောင်ကာ

*"မိန်းကလေးကို ဘာကြောင့် အဲဒီလူတွေက ဖမ်းဆီးလာရတာလဲ"*

ဟု မေးမြန်းလေ၏။ ထိုအခါ တာတေကြီးက

*"အဖြစ်အပျက်တွေကို ကျုပ်စုံစမ်းရင်း သိပြီးပါပြီ၊ ထူးထူးဆန်းဆန်းပဲ၊ မြကြာညိုကို သူ့ရဲ့ဖခင်ကိုယ်တိုင် ဖမ်းဆီးနိုင်ခဲ့တာပါ၊ ဦးချမ်းသာဟာ အဲဒီအချိန်က မြို့ပိုင်မင်းလုပ်နေခဲ့တာပေါ့၊ တကယ်*





*တော့ မြကြာညိုရဲ့အဘိုးဟာ ဦးချမ်းသာ မြကြာညိုရဲ့ မိခင် သေဆုံးသွားခဲ့ချိန်မှာ နောက်မိန်းမတစ်ယောက် ထပ်ပြီးယူခဲ့တဲ့အတွက် မြကြာညိုကို မိထွေးလက်ထဲ မထားနိုင်ဘူးဆိုပြီး ခေါ်ယူစောင့်ရှောက်ထားခဲ့တာဗျ၊ အဘိုးကြီးက ချမ်းသာတော့ အဲဒီအတွက် ဦးချမ်းသာကို ကျေနပ်လောက်အောင် ငွေတွေပုံပေးခဲ့တယ်လို့ ဆိုတယ်၊ ဦးချမ်းသာကလည်း သမီးကို ငွေနဲ့လဲလှယ်ခဲ့တယ်လို့ ပြောရမှာပေါ့၊ သူတို့ကတိစကားထားခဲ့တဲ့အတိုင်း မြကြာညိုကို ဦးချမ်းသာက ဆက်သွယ်ခွင့် မရှိခဲ့ဘူးဗျ၊ ဒါပေမဲ့ ဦးချမ်းသာဟာလည်း မြကြာညိုရဲ့ ဖခင်ရင်းတစ်ယောက်ပဲဆိုတော့ သမီးကိုတွေ့ဆုံဖို့ နည်းအမျိုးမျိုး ကြိုးစားခဲ့တာပေါ့၊ ဒါပေမဲ့ အဘိုးကြီး က အလစ်မပေးဘဲ ထိန်းသိမ်းစောင့်ရှောက်ခဲ့တဲ့ အတွက် ဘယ်လိုမှတွေ့ဆုံဖို့ အခွင့်မသာခဲ့ဘူး၊ အဲဒီ အဘိုးကြီးရဲ့ အပြစ်တော့လည်း မဟုတ်ဘူးဗျ၊ ဦးချမ်းသာရဲ့စရိုက်ကိုက တော်တော်လေး ရှုပ်ထွေးခဲ့ တဲ့အတွက် အဘိုးကြီးက မြကြာညိုကို ဖခင်ရဲ့လက်ထဲ မထည့်ဘဲ ထားခဲ့တာပါ၊ အဲဒီနောက် မြကြာညိုရဲ့*



www.burmeseclassic.com

www.burmeseclassic.com



မိထွေးလည်း သေဆုံးသွားခဲ့တယ်၊ ဦးချမ်းသာဟာ အဲဒီအချိန်မှာ သူ့သမီးကို ခေါ်ယူစောင့်ရှောက်ဖို့စိတ်က ပိုပြီးပြင်းပြလာပုံရတယ်၊ ဒါကြောင့် လူဆိုးလူမိုက်တွေကို ငွေကောင်းကောင်းပေးပြီး သူ့သမီးကို ခိုးယူဖို့ ကြံစည်ခဲ့တာပဲ၊ အဲဒီမှာ ကျုပ်က ဘာမသိ၊ ညာမသိ၊ ကြားကနေ မြကြာညိုကို ဝင်ပြီးကယ်တင်ခဲ့တော့ သူတို့အတွက် နည်းနည်း ကသိကအောက်ဖြစ်သွားတာပေါ့"

ဟု ပြောလေ၏။ ထိုအခါ ကိုညိုမောင်

"အခု ကျုပ်သိရသလောက်ကတော့ ဦးချမ်းသာက တစ်ကိုယ်တည်း တပည့်တပန်းတွေနဲ့နေထိုင်ပြီး သူ့သမီးဖြစ်တဲ့ မြကြာညိုအကြောင်းတော့ ဘာမှ မသိရဘူး"

ဟု ဆိုလေရာ တာတေကြီးက

"မြကြာညိုဟာ သူ့ဖခင်က ဖမ်းဆီးတာကိုခံခဲ့ရပြီး ဖခင်ဂေဟာကိုရောက်သွားခဲ့တယ်၊ နောက်ပိုင်းမှာ ဦးချမ်းသာက ဂရုတစိုက်နဲ့ ကြင်ကြင်နာနာ ဆက်ဆံခဲ့တော့ ဖခင်ကို အတော်ကြီး သံယောဇဉ်ရှိခဲ့





တယ်၊ ဒါပေမဲ့ တစ်ဖက်မှာလည်း သူ့ရဲ့အဘိုးကရှိနေပြန်တော့ ဦးချမ်းသာဆီမှာခွင့်တောင်းပြီး သူ့အဘိုးနဲ့ အတူနေထိုင်ခဲ့တယ်၊ အဘိုးကြီးကလည်း တစ်ထစ်လျှော့ပြီး တစ်လကိုတစ်ကြိမ် သူ့သမီးနဲ့တွေ့ဆုံဖို့ ဦးချမ်းသာကို ခွင့်ပေးခဲ့တယ်၊ ဒါကြောင့် ဦးချမ်းသာမှာ သမီးရှိမှန်း လူတော်တော်များများက မသိကြဘူး"

ဟု ပြောလေ၏။ ထိုအခါ ကိုညိုမောင်က

"မောင်ရင် သံယောဇဉ်ရှိခဲ့တဲ့ မိန်းကလေးရဲ့ဖခင်ဟာ ကျုပ်တို့ရဲ့ သစ္စာဖောက်တစ်ယောက်ဖြစ်နေတာကတော့ ကံကြမ္မာရဲ့ မကောင်းတဲ့ ကျီစယ်မှုပါပဲ"

ဟု ရေရွတ်လေရာ တာတေကြီးက

"ဘယ်လိုအရာမျိုးကမှ ကျုပ်ရဲ့တာဝန်ကို အနှောင့်အယှက် မပေးနိုင်ပါဘူးဗျာ"

ဟု ပြောလိုက်၏။ ကိုညိုမောင်က လိုရင်းကိုဆက်၍

"ဦးချမ်းသာ မကြာခင်မှာ အရေးကြီးတဲ့ကိစ္စတစ်ခုနဲ့ ခရီးထွက်မယ်လို့ သတင်းကြားရတယ်၊ ဘယ်လိုလုပ်မလဲ"

ဟု မေးမြန်းလေရာ တာတေကြီးက



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ သူ ဘာတွေဆက်လုပ်သလဲဆိုတာ သိရအောင် နောက်ယောင်ခံလိုက်ရုံပဲရှိတော့တာပေါ့"

ဟု ပြောလိုက်တော့၏။

သရဖီလှိုင်စာပေ
အမှတ် (၇)၊ အသောကလမ်း၊ ကျောက်မြောင်း။





တာတေကြီးသည် ကိုညိုမောင်နှင့်အတူ မောင်ကြီး၊ မောင်လတ်၊ မောင်ငယ်ဟူသော လူထွားကြီးသုံးယောက်တို့နှင့် မြင်းကိုယ်စီစီးကာ ခရီးနှင်လာလေ၏။

သူတို့သည် တစ်ရက်နှင့်တစ်ညမျှ ခရီးနှင်ပြီးလျှင် အောင်ပန်းနှင့် ကလောကြားရှိ အဝေးပြေးလမ်းမထက်သို့ ရောက်ရှိလာကြ၏။

ဦးချမ်းသာမှာ သူတို့ထက် တစ်ရက်စော၍ ခရီးထွက်သွားပြီဖြစ်၏။ တာတေကြီးတို့အတွက် နေရာတိုင်းတွင် သတင်းပေး မျိုးချစ်တော်လှန်ရေးရဲဘော်များရှိနေလေရာ ဦးချမ်းသာ၏ခရီးကို ခြေရာကောက်၍ လိုက်ပါရန် မခက်ခဲချေ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ထိုသို့လိုက်ပါရင်း ဦးချမ်းသာ၏ဦးတည်ရာကို သိရှိလေရာ ကိုညိုမောင်က တာတေကြီးကို

"ဦးချမ်းသာက သူ့သမီး မြကြာညိုဆီ သွားတာ"

ဟု ပြောလေ၏။

ကိုညိုမောင်၏စကားသည် မှန်ကန်၏။ မြကြာညိုနှင့် သူမ၏ အဘိုးနှင့်အတူ အဝေးပြေးလမ်း၏ အနောက်ဘက်စူးစူးရှိ တောင်ခြေရွာကလေးတွင် နေထိုင်ခြင်းဖြစ်၏။

တာတေကြီးတို့သည် အဝေးပြေးလမ်းမထက်မှ ဦးချမ်းသာ၏ ခရီးစဉ်အတိုင်း တောလမ်းမှလိုက်ပါလေရာ သစ်ခုတ်စခန်းတစ်ခုသို့ ရောက်ရှိလာကြ၏။

သူတို့၏သတင်းပေးကမူ

"သစ်ခုတ်စခန်းဟာ ယန်းလောင်မြစ်ကနေခွဲပြီး စီးဆင်းလာတဲ့ ချောင်းရှိတယ်၊ အဲဒီစခန်းမှာလည်း သစ်တောဘက်က အရာရှိကြီးတွေလာရင် တည်းခိုဖို့ ဘိုတဲတစ်ခုလည်းရှိတယ်၊ သစ်ခုတ်စခန်းကနေ နှစ်နာရီလောက် ခရီးဆက်ရင် အဲဒီရွာကိုရောက်ပြီ"

ဟု သတင်းအတိအကျပေးကာ လမ်းညွှန်ခဲ့၏။





တာတေကြီးတို့သည် သစ်ခုတ်စခန်းအနီးသို့ ချည်းကပ်မိလျှင်ပင် ထူးခြားမှုကို သတိပြုမိကြ၏။ သူတို့လာရာလမ်းခရီးတွင် လူသူကင်းမဲ့ကာ သစ်ခုတ်စခန်း၏အလုပ်လုပ်ကိုင်နေသော လက္ခဏာကို မတွေ့ရချေ။

သူတို့သည် မကြာမီ ထိုအဖြေကို သိရှိရ၏။ စခန်းအနီးသို့ ချည်းကပ်မိလျှင်ပင် တော၏တစ်နေရာမှ ဝိုင်းဝန်းပစ်ခတ်လိုက်သည့် သေနတ်သံများကို ကြားရလေတော့၏။

ရှေ့ဆုံးမှ ခရီးနှင်သူ မောင်ငယ်၏မြင်းမှာ သေနတ်ဒဏ်ရာဖြင့် တုန်းခနဲလဲပြိုသွား၏။ မောင်ငယ်မှာ သတိရှိသူဖြစ်သောကြောင့် မြင်းထက်မှ သေနတ်ကိုဆွဲ၍ ကျည်ကွယ်ရာသို့ ရှောင်တိမ်းလိုက်နိုင်၏။

သူတို့လူစုထံသို့ အဆက်မပြတ်ပေါ်ထွက်လာသော သေနတ်သံများနှင့်အတူ ကျည်ဆန်များက မိုးသီးမိုးပေါက်များလို ကျရောက်လာ၏။

သူတို့လည်း လက်နက်ကိုယ်စီဆွဲ၍ မြင်းများထက်မှဆင်းကာ အကာအကွယ်ယူလိုက်ကြရ၏။ တာတေကြီးက လဲပြိုနေသော သစ်ပင်ကြီးတစ်ပင်နောက်သို့ ကိုညိုမောင်နှင့်အတူ ခုန်လွှား၍ ဝင်ရောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ကိုညိုမောင်၊ သေနတ်သမားတွေဟာ ကောင်းကောင်းကြီး လေ့ကျင့်ထားတဲ့သူတွေပဲ၊ အင်အားလည်း များပုံရတယ်၊ ကျုပ်တို့ လူစုခွဲပြီး တိုက်ကြမယ်"

ဟု ဆိုကာ သစ်ပင်များကို အကာအကွယ်ယူ၍ ရှေ့သို့တက်လေ၏။ ထိုအခါ ညာဘက်မှ သွားလာနေသော မောင်ကြီးက ရိုင်ဖယ်ကို မှန်မှန်ပစ်ခတ်ပြီး တစ်စုံတစ်ရာကို မြင်တွေ့ကာ

"အင်္ဂလိပ်စစ်သားတွေပဲဟေ့"

ဟု သူ့လူများကို အော်ဟစ်အကြောင်းကြားလေ၏။

တာတေကြီးက မျက်မှောင်ကြုတ်ပြီး တောင်ကမူတစ်ခုပေါ်သို့ ဝမ်းလျားမှောက်၍ မိကျောင်းတွားသွားကာ တက်ပြီးကြည့်ရှုလေ၏။

သူ၏မြင်ကွင်းထဲတွင် သစ်ခုတ်စခန်း၏ပုံထားသော သစ်လုံးပုံကြီးများကို ဘန်ပါသဖွယ် အကျအန နေရာယူကာ ပစ်ခတ်နေသော အင်္ဂလိပ်ယူနီဖောင်းဝတ် စစ်သားများကို တွေ့လိုက်ရ၏။

"ဂျိုနသန်တို့တပ်စုပါလား၊ သူတို့နဲ့ရင်ဆိုင်ရတာ ဟာ သွေးရိုးသားရိုးတော့ မဖြစ်နိုင်ဘူး၊ ထောင်ချောက်တစ်ခုဖြစ်လိမ့်မယ် ထင်တယ်"

ဟု တွေးမိ၏။ ထိုအချိန်၌ ကိုညိုမောင်က အနီးသို့ ရောက်လာပြီး





"အင်္ဂလိပ်စစ်သားတွေ ဘိုတဲမှာစခန်းချတာ အကြောင်းမဲ့မဟုတ်နိုင်ဘူး၊ သူတို့ဟာ ကျုပ်တို့ကို စပြီးတွေ့တွေ့ချင်း တိုက်နိုက်တယ်ဆိုတာလည်း ရန်သူ မှန်း အသေအချာသိနေလို့ပဲ၊ ကျုပ်အထင်တော့ ဦးချမ်းသာဟာ ကျုပ်တို့ နောက်ယောင်ခံလိုက်မှာသိလို့ ဒီကိုမျှားခေါ်လာတာဖြစ်မယ်"

ဟု ပြောလေရာ တာတေကြီးက ခေါင်းညိတ်ပြီး

"ဟုတ်တယ်၊ ကျုပ်လည်း အဲဒီလို တွေးမိတယ်"

ဟု ထောက်ခံလိုက်၏။

ထိုထက်ပို၍ တာတေကြီးသည် အင်္ဂလိပ်စစ်သားများကို တွေ့မြင်သည်နှင့် ထိုသူများက စပိုင်မှန်းသိရှိသွားပြီလို သဘောပေါက်မိ၏။

အဘယ်ကြောင့်ဆိုသော် ထိုစစ်သားများမှာ စပိုင်ကို အသေအသန် လိုက်လံရှာဖွေဖမ်းဆီးရန် အထူးတာဝန်ပေးခြင်းခံထားရသော ဂျိုနသန်တို့တပ်စုပင် မဟုတ်ပါလား။

ထိုအခါ တာတေကြီး၏စိတ်အတွင်းမှ

"ဂျိုနသန်… မင်းနေရာမှာ ငါသာဆိုရင် ဒီလို မလုပ်ဘူး၊ ရန်သူကို ကြိုးသွင်းပြီး ဖမ်းဆီးချင်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် ပိုင်အောင်လုပ်ရမှာပေါ့၊ အခုတော့ မင်း စိတ်လောကြီးပြီး စတိုက်ခဲ့တယ်၊ အဲဒါ မင်းရဲ့အမှားပဲ၊ ဒါဟာ ရန်သူကို ခြောက်လှန့်ရုံလောက်ပဲဖြစ်မှာပေါ့"

ဟု ရေရွတ်မိ၏။

ထိုအခိုက် သစ်လုံးပုံကြီးနောက်မှ ဂျိုနသန်က သေနတ်ဖြင့် ပစ်ခတ်ရင်း အော်ဟစ်ကာ

"လင်းယုန်… လက်နက်ချပါ၊ မင်းဟာ ဗြိတိသျှစစ်တပ်မှာ အမှုထမ်းခဲ့တာကိုမမေ့တော်ကဲ့ဘဲ စပိုင်တစ်ယောက်ဖြစ်နေတယ်ဆိုတာ ငါသိရပြီ"

ဟု ပြောဆိုလေ၏။ တာတေကြီးက ပြန်၍

"ကိုယ့်လူမျိုးလွတ်မြောက်ရေးအတွက် ဘယ်သူ့မျက်နှာကိုမှမထောက်နိုင်ဘူး ဂျိုနသန်၊ မင်းနဲ့ငါဟာ ရန်သူတွေမဟုတ်ပါဘူး၊ ရပ်တည်နေတဲ့ဘက်က ကွာနေတာပါ၊ ဒါကြောင့် မင်းတပ်စုကို နောက် ပြန်ဆုတ်သွားမယ်ဆိုရင် အားလုံးအတွက် အဆင်ပြေလိမ့်မယ်"

ဟု ပြောလိုက်၏။ ဂျိုနသန်က

"စစ်သားကောင်းတစ်ယောက်အတွက် တာဝန်ဟာ သူ့ အသက်ထက် ပိုပြီးအရေးကြီးတယ်"



ဟု ပြောလေရာ အခြေအနေကိုသဘောပေါက်သွားသော အခြားစစ်သားတစ်ယောက်ကဝင်၍

"လင်းယုန်၊ ကျုပ်တို့တွေ့ကြပြီပေါ့၊ အခုခင်များကို ရာဇဝင်ကြွေးပြန်ဆပ်ဖို့ ကျုပ်ဆုံးဖြတ်ထားတယ်"

ဟု ပြောလေ၏။

ထိုသူမှာ တာတေကြီးလက်ချက်ဖြင့် တရုတ်ကြီး၏ကုန်စုံဆိုင်ဂိုထောင်ထဲတွင် သွားများကျွတ်ခဲ့သော ဆာကျင်ဖြစ်၏။

ဆာကျင်အတွက် တာတေကြီးအား လက်စားချေရန် အခွင့်ကောင်း ရပြီဖြစ်ရာ သေနတ်ဖြင့် အဆက်မပြတ်ပစ်ခတ်ရင်း ဖိ၍တိုက်လာ၏။

တာတေကြီးတို့လူအင်အားမှာ အင်္ဂလိပ်စစ်သားများထက်နည်းပါးရသည့်အထဲ လက်နက်များကလည်း ကွာခြားလာ၏။

ထို့ကြောင့် ကိုညိုမောင်က တာတေကြီးကို

"ကျုပ်တို့ ပြန်ဆုတ်သင့်ပြီ၊ ကြာရင် ကျုပ်တို့ဘက်က အရေးနိမ့်လာနိုင်တယ်၊ ရှေ့ကကာပစ်နေတဲ့ မောင်ကြီးနဲ့မောင်လတ်တို့လည်း ဒဏ်ရာရနေကြပြီ"

ဟု ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်တွင် တစ်ဖက်တောစပ်ဆီမှ သေနတ်သံများ ထွက်ပေါ်လာ၏။ အင်္ဂလိပ်စစ်တပ်သည် မထင်မှတ်ဘဲ နံဘေးမှဝင်၍ အတိုက်ခံရချေပြီ။

မောင်ငယ်က သေနတ်သံများကြားမှ ဝမ်းသာအားရ အော်ဟစ်ပြီး

*"ကျုပ်တို့ရဲ့မိတ်ဆွေတွေ ရောက်လာပြီ၊ စိုင်းလုံ ဦးစီးတဲ့ မျိုးချစ်တော်လှန်ရေးတပ်သားတွေပဲ"*

ဟု ပြောဆိုလေ၏။

ထိုအခါမှပင် ဟိုက်ပွဲက မြိုင်မြိုင်ဆိုင်ဆိုင်ဖြစ်သွား၏။ သစ်ခုတ်စခန်းတွင်းမှ သစ်ခုတ်လုပ်သားများမှာ အင်္ဂလိပ်စစ်တပ်နှင့် တိုက်ပွဲ မဖြစ်ပွားမီကတည်းက ကြိုတင်တိမ်းရှောင်နေကြဟန်တူ၏။

ထို့ကြောင့် တစ်ဖက်မှပတ်၍ဝင်လာသော စိုင်းလုံတို့အဖွဲ့သည် သစ်ခုတ်စခန်း၏တစ်ဝက်ကိုပင် စီးမိပြီးဖြစ်၏။ တာတေကြီးတို့ဘက်မှလည်း တရစပ်ပစ်ခတ်ရင်း ရှေ့သို့တိုး၍တက်လာကြ၏။

ထိုအခါ ဆာဂျင်သည် သစ်ခုတ်စခန်းတွင်း၌ ခြေကုတ်ယူရန် ခက်ခဲလာလေရာ လူအင်အားနည်းပါးသော တာတေကြီးတို့ဘက်မှ ဖောက်ထွက်ရန် စီစဉ်လေ၏။

ထိုအခါ ကျောက်တုံးကြီးတစ်တုံးနောက်မှ ပတ်၍ထွက်လာ





သော ဆာဂျင်နှင့် တစ်ဖက်မှ တာတေကြီးတို့ ထိပ်တိုက်ရင်ဆိုင်မိ၏။ နှစ်ဦးစလုံး အတွေ့အကြုံရှိသူပီပီ တစ်ယောက်နှင့်တစ်ယောက် သေနတ်ဖြင့် လျှင်မြန်စွာပစ်ခတ်လိုက်၏။

ထိုအခါ ကံအကြောင်းတရား၏လှည့်စားမှုကြောင့် သေနတ်နှစ်လက်စလုံးမှ မောင်းသံတစ်ချောက်ချောက်သာ ထွက်ပေါ်လာ၏။

တိုက်ဆိုင်စွာပင် နှစ်ဦးစလုံးပစ်ခတ်ရင်း သေနတ်များတွင် ကျည်ကုန်နေချေပြီ။

ဆာဂျင်သည် တွေဝေမနေဘဲ သေနတ်ကိုစွန့်ပစ်ကာ ခါးမှ "ဘက်နက်" ဓါးမြှောင်ကိုဆွဲ၍ တာတေကြီးထံ ပြေးဝင်လာ၏။

တာတေကြီးသည် ဒူးထောက်၍ ထိုင်ချလိုက်၏။ မကြာမီ သူ၏ခြေထောက်တွင် သားရေပြားနှင့် စည်းနှောင်ထားသော သေနတ်ဆီသို့ လက်ကရောက်ကာ ဆာဂျင်အား လမ်းခုလတ်တွင်ပင် တုန့်ခနဲ လဲကျသွားအောင် ပစ်ခတ်လိုက်၏။

ထို့နောက် တာတေကြီးက ဆာဂျင်၏ အသက်မဲ့သော ခန္ဓာကိုယ်ကြီးအနီးသို့ရောက်ရှိလာကာ

*"ခင်ဗျားက ဓါးမြှောင်ကလေးတစ်ချောင်းနဲ့ ပြေးဝင်လာတာကို သေနတ်နဲ့ပစ်လိုက်ရတာ စိတ် မကောင်းပါဘူး၊ ဒါပေမဲ့ စစ်ပွဲတစ်ပွဲမှာ တရား*



www.burmeseclassic.com

www.burmeseclassic.com



မျှတမှုကို မျက်နှာလွှဲပြီး အနိုင်အရှုံးကိုပဲကြည့်ရမယ်လို့ စစ်သင်တန်းက နည်းပြဆရာတွေ မှာထားတာ ကျုပ် မမေ့သေးဘူးဗျ"

ဟု ပြောကာ ပြေးထွက်ခဲ့လေ၏။

တာတေကြီးသည် ပြေးလွှားရင်း သစ်လုံးပုံကြီးအနီးသို့ရောက်လျှင် ဂျိုနသန်သည် ကျည်သင့်၍ နောက်သို့လန်ကျသွားသည်ကို စိတ်မကောင်းဖွယ်ရာ မြင်တွေ့လိုက်ရ၏။

ကိုညိုမောင်က ဂျိုနသန်အား ပစ်ခတ်လိုက်ခြင်းဖြစ်၏။ မကြာမီ တိုက်ပွဲက ပြီးဆုံးသွား၏။ အင်္ဂလိပ်စစ်တပ်မှ လက်မဟောင်နင် ဂျိုနသန် ဦးဆောင်သောတပ်စုသည် တစ်ယောက်မကျန် ချေမှုန်းခံလိုက်ရ၏။

တာတေကြီးတို့လူစုသည် စိုင်းလုံဦးဆောင်လာသော တပ်သားများနှင့် တွေ့ဆုံလျှင် ကိုညိုမောင်က

"စိုင်းလုံ၊ ခင်ဗျားတို့ရောက်လာတာ အချိန်မီပါပဲ၊ ကျုပ်တို့အတိုင်းသာဆိုရင် ဒီကောင်တွေကိုရင်ဆိုင်ဖို့ မလွယ်ဘူး"

ဟု ကျေးဇူးစကားဆိုလေ၏။ ထိုအခါ စိုင်းလုံက

"ကျုပ်တို့အဖွဲ့ကလည်း ဒီမှာ အင်္ဂလိပ်စစ်တပ် စခန်းချနေတာသိသိချင်း လူစုပြီး ရဲဘော်လက်နက်တွေနဲ့ လာတိုက်တာဗျ၊ ဒီမှာ ခင်ဗျားတို့က တိုက်ပွဲတောင် စနေပြီ၊ ဒါဟာ ဒီကောင်တွေအတွက် ကံဆိုးဖို့ဖြစ်လာတာပေါ့ဗျာ"

ဟု အင်္ဂလိပ်စစ်သားများအား ရည်ရွယ်၍ ပြောလေ၏။ ထိုအခိုက် တာတေကြီးက ကိုညိုမောင်ကို

"ဦးချမ်းသာကို တိုက်ပွဲစကတည်းက မမြင်ရဘူး၊ ကျုပ်အထင်တော့ သူ့သမီးဆီကို ရှောင်တိမ်းပြေးပြီ ထင်တယ်၊ ဒီကိစ္စကို ကျုပ် တာဝန်ထားပေတော့"

ဟု ပြောကာ မြင်းပေါ်သို့ လွှားခနဲခုန်တက်ကာ အပြင်းနှင် လေတော့၏။

ပန်းဘီစ် ကွန်ပျူတာ







www.burmeseclassic.com

www.burmeseclassic.com



တာတေကြီးသည် ထိုနေရာသို့ရောက်ရှိခြင်း ထိုနေရာ၏ သာယာလှပပုံကို ဦးစွာ သတိပြုမိ၏။

သူ၏မြင်ကွင်းထဲတွင် ဂငယ်ပုံသဏ္ဍာန်ရစ်ခွေစီးဆင်းနေသော စမ်းချောင်းကလေး၏အတွင်းမှ ကျွန်းတစ်ကျွန်းလိုရှိနေသော မြေတွင် တည်ဆောက်ထားသော အမိုးချွန်တစ်လုံးနှင့် နဘေးတွင် အပြိုင်းအရိုင်း ဖူးပွင့်နေသည့် နှင်းဆီရိုင်းပင်များကို မြင်တွေ့နေရ၏။

စမ်းချောင်းကလေး၏နဘေးတွင်လည်း အပြိုင်းအရိုင်းဖူးပွင့်နေသည့် နှင်းဆီးရိုင်းပင်များကို မြင်တွေ့နေရ၏။





စမ်းချောင်းကလေး၏နံဘေးတွင်လည်း ကျောက်ဖြူတုံးများကို စီ၍ လူသွားလမ်းအဖြစ် ပြုလုပ်ထား၏။ ထို့အပြင် စမ်းချောင်းမှဖြတ်၍ အိမ်သို့ရောက်ရှိရန် ဆေးဖြူသုတ် သစ်သားတံတားကလေးတစ်ခုလည်းရှိ၏။

တာတေကြီးသည် သစ်သားတံတားဖြူထက်သို့ ခြေချမိလျှင်ပင် နောက်ဘက်မှ

*“မင်းရှေ့ကို ခြေတစ်လှမ်းမှလှမ်းဖို့စိတ်မကူးနဲ့၊*
*မင်းဟာ အင်္ဂလိပ်စစ်တပ်လက်က လွတ်ထွက်လာနိုင်*
*ပေမဲ့ ငါ့လက်က မလွတ်တော့ဘူး”*

ဟု ပြောဆိုသံထွက်ပေါ်လာ၏။

တာတေကြီးသည် နောက်သို့ဖြည်းညှင်းစွာလှည့်လာ၏။ သူ့ကို လူကြီးတစ်ယောက်က သေနတ်ဖြင့် တည့်မတ်စွာချိန်ရွယ်ထား၏။

ထိုလူကြီးသည် အဝတ်အစားကို သေသပ်စွာဝတ်ဆင်ကာ တည်ကြည်ခန့်ညားဟန်ပေါက်နေသော်လည်း စိတ်ဓါတ်အရာ၌မူ တိုင်းပြည်ကိုပင် ရောင်းစားဝံ့အောင် အောက်တန်းကျလှသူဖြစ်၏။

တာတေကြီးကမူ ထိုလူကြီးအား စူးစိုက်ကြည့်ပြီး

*“ဦးချမ်းသာ၊ ခင်ဗျားဟာ အသားထဲကလောက်*
*ပဲ၊ ဒီမြေကြီးပေါ်မှာနေပြီး ဒီမြေအပေါ် သစ္စာမစောင့်ပဲ*



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားရဲ့ကိုယ်ကျိုးတစ်ခုကိုပဲ ကြည့်တယ်၊ ဒီမြေပေါ်မှာ ခင်ဗျားကို ရပ်တည်ခွင့်မပေးတော့ဘူး"

ဟု လေသံအေးအေးဖြင့် ပြောလိုက်၏။

ဦးချမ်းသာက တုန်လှုပ်ဟန်မရှိဘဲ

"အေး… မင်းကိုသုတ်သင်လိုက်ရင်လည်း ဗြိတိသျှအစိုးရဆီက ငါ့အတွက် အခွင့်အရေးတွေ အများကြီးရလာဦးမယ်ကွ"

ဟု ဆိုလေ၏။

တာတေကြီးသည် ဦးချမ်းသာထံ ခြေလှမ်းကာ

"ခင်ဗျားဟာ တမလွန်အထိ မိုက်ပြစ်အတွက် နောင်တရမှာမဟုတ်ဘူး"

ဟု ပြောလေရာ ဦးချမ်းသာက မျက်နှာတင်းမာစွာဖြင့်

"မင်း… ရပ်လိုက်စမ်း"

ဟု ဟန့်တားလေ၏။ တာတေကြီးကမူ တွန့်ဆုတ်ခြင်းမရှိဘဲ ခြေလှမ်းရင်း

"ပစ်လိုက်စမ်းပါဗျာ၊ ကျုပ် သေဝံ့ပါတယ်၊ ခင်ဗျားက သတ်ဝံ့မလားဘဲ ကြည့်ရအောင်"

ဟု မိုက်မိုက်ကန်းကန်း စိန်ခေါ်လေ၏။ တာတေကြီး၏





အကြည့်ကမူ ဦးချမ်းသာ၏မျက်လုံးအစုံမှ မခွာဘဲရှိလေ၏။

သူ၏စိတ်တွင်းမှလည်း

"သေနတ်ပစ်ခတ်သူရဲ့ ပစ်မှတ်အပေါ် ထိရောက်မှုဟာ စိတ်နဲ့ တိုက်ရိုက်သက်ဆိုင်တယ်၊ ဦးချမ်းသာတို့ စိတ်လှုပ်ရှားအောင် နှိုးဆွပြီးပြီ၊ သူ တကယ်ပစ်ခတ်တော့မယ်၊ သူ့အတွက် ရွေးချယ်စရာ ဒီလမ်းပဲရှိတော့တာကိုး၊ သေနတ်သမားတိုင်း ပစ်ခတ်ချိန်မတိုင်မီ ကလေးမှာ ခန္ဓာကိုယ်က တုံ့ပြန်မှုတစ်ခုခု မလွဲမသွေ ဖြစ်ပေါ်တယ်၊ ဦးချမ်းသာရဲ့သေနတ်ကိုင်လက်က ဆတ်ခနဲတုန်သွားပြီး မျက်တောင်ခတ်လိုက်ပြီ"

ဟု တရားရှုမှတ်သူလို သတိမပြတ်ကားရင်း ဦးချမ်းသာ၏ ကိုယ်ခန္ဓာမှ ပစ်ခတ်ရန်စတင်ပြီဖြစ်ကြောင်း တုံ့ပြန်အချက်ပြမှုကို မြင်တွေ့လိုက်ရသည်နှင့်တပြိုင်နက်တည်း တာတေကြီးသည် နံဘေးသို့ ခုန်၍ရှောင်တိမ်းလိုက်၏။

ထိုအခိုက် ကျယ်လောင်သော သေနတ်သံက ဒိုင်းခနဲထွက်ပေါ်လာ၏။ ဦးချမ်းသာသည် ပစ်မှတ်ကို လွဲချော်သွားပေပြီ။

တာတေကြီးသည် လေထဲတွင် တစ်ပတ်လည်ရင်း ခါးကြားမှ သေနတ်ကိုထုတ်ယူပြီးဖြစ်၏။ မြေသို့ခြေအကျတွင်ပင် ပစ်မှတ်ကို



www.burmeseclassic.com

www.burmeseclassic.com



ပစ်ခတ်ပြီးဖြစ်၏။

နောက်ထပ်ထွက်ပေါ်လာသော သေနတ်သံနှင့်အတူ ဦးချမ်းသာသည် အံ့ဩမှုမပြေသေးသော မျက်နှာကြီးနှင့် ရင်ဘတ်ကို လက်ဖြင့် ဖိကာ ခွေလဲကျသွားတော့၏။

တာတေကြီး၏လျှပ်တစ်ပျက်လှုပ်ရှားပစ်ခတ်မှုကို ဦးချမ်းသာမှာ အသက်နှင့်ရင်း၍ သိရှိသွားချေပြီ။

တာတေကြီးသည် ဦးချမ်းသာ၏ရုပ်အလောင်းကို တွေတွေကြီးစိုက်ကြည့်နေစဉ် နှင်းဆီရိုင်းပင်များကြားမှဖြတ်၍ ပြေးထွက်လာသော အရိပ်တစ်ရိပ်ကို မျက်လုံးထောင့်စွန်းမှ ဖျတ်ခနဲမြင်တွေ့လိုက်ရ၏။

မိန်းမပျိုကလေးတစ်ယောက်သည် ရှည်လျားနက်မှောင်သော ဆံပင်တို့ကို လေတွင်ဝှေ့ဝဲရင်းပြေးလွှားလာနေ၏။

သူမ၏အနက်ရောင်သားမျှော့ဝတ်စုံကလည်း ကျစ်လစ်သွယ်လျသောကိုယ်ခန္ဓာတွင်း တဖျပ်ဖျပ်လှုပ်ခါနေ၏။ မိန်းမပျိုသည် တာတေကြီးနှင့် ဦးချမ်းသာတို့၏ အဖြစ်အပျက်ကို မြင်တွေ့လိုက်ရဟန်တူ၏။

သူမသည် တံတားဖြူဆီသို့မရောက်မီပင် ကြေကွဲဆို့နင့်နေဟန်ရှိသောအသံနှင့်

*"ဖေဖေ... ဘယ်လိုဖြစ်ကြတာလဲ"*





ဟု အော်ဟစ်လိုက်၏။

သွေးအိုင်ထဲတွင် အသက်ပျောက်နေသော ဦးချမ်းသာသည် မည်သို့မျှပြန်လည်ပြောဆိုနိုင်မည် မဟုတ်တော့ပေ။ မိန်းမပျိုက ဦးချမ်းသာ၏ရုပ်အလောင်းနဘေးတွင် ဒူးထောက်ကာ ရှိုက်ငိုပြီး ဆတ်ခနဲပင် တာတေကြီးထံသို့ အကြည့်ရောက်လာ၏။

တာတေကြီးသည် သေနတ်ကိုင်လက်ကို တွဲလွဲချကာ ခေါင်းငိုက်စိုက်နှင့်ရှိနေ၏။ သူ့အတွက် သံယောဇဉ်ရှိခဲ့ဖူးသော မိန်းကလေး၏ အကြည့်ကို မခံယူရဲသလိုရှိ၏။

မိန်းမပျိုသည် မျက်ဝန်းမှ မျက်ရည်များလိမ့်ဆင်းရင်း

*"ရှင် ကျွန်မအဖေကို သတ်လိုက်တာပေါ့၊ ဘယ်လိုရန်ငြိုးတွေကြောင့် ဒီလိုရက်ရက်စက်စက် လုပ်လိုက်ရတာလဲ၊ အခု ရှင့်ကြောင့် ကျွန်မရဲ့ မျှော်လင့်ချက်တွေ အားလုံးပျက်စီးကုန်ပြီ ကျွန်မရဲ့ အဘိုးဟာ မကြာခင်ရက်ပိုင်းက သေဆုံးသွားပြီ၊ အဘိုး မရှိတော့ ဟောဒီက ကျွန်မတို့သားအဖ အတူနေထိုင်ရတော့မယ်လို့ ရည်ရွယ်ခဲ့တာ၊ အားလုံးပျက်စီးကုန်ပြီ၊ ဒါဟာ ကျွန်မရဲ့ဘဝကို ဖျက်ဆီးလိုက်တာပဲ၊ ရှင့်ကို ကျွန်မသိပ်မုန်းတယ်"*



www.burmeseclassic.com

www.burmeseclassic.com



ဟု အော်ဟစ်ပြောဆိုလေ၏။

မိန်းမပျို၏စကားအဆုံးတွင် တာတေကြီး၏ဦးခေါင်းက ဆတ်ခနဲ မော့လာ၏။ ထိုအခါ မိန်းမပျိုနှင့် မျက်လုံးချင်းဆုံလေ၏။ တာတေကြီးသည် မြကြာညိုအား စူးစိုက်ကြည့်၍ စိတ်တွင်းမှ

*"အို. . . . မင်းရဲ့မျက်ရည်တွေ ပြည့်လျှံနေတဲ့ ကဝန်းတွေထဲမှာ ငါ့အပေါ်မုန်းတီးနေတဲ့ အမုန်းကြောင့် မီးတောက်လုမတတ် ဖြစ်နေပါလား၊ မင်းဟာ ဦးချမ်းသာရဲ့လုပ်ရပ်တွေကို ဘာမှသိဟန်မတူဘူး၊ ဖခင်ရဲ့နွေးထွေးတဲ့ မေတ္တာကိုပဲ ဝတ်မွတ်နေတာပါလား"*

ဟုတွေးမိကာ- သူ၏ခြေလှမ်းကိုပြင်လေ၏။ မြကြာညိုသည် ဦးချမ်းသာ၏ အသက်ကင်းမဲ့ခန္ဓာနံဘေးတွင်ငိုရှိုက်ရင်း နှုတ်ဖျားမှ

*"ရှင့်ကို မုန်းတယ်၊ ရှင့်ကို မုန်းတယ်"*

ဟူ၍ ရေရွတ်နေပေတော့သည်။

ကျောခိုင်း၍ တရွေ့ရွေ့ဝေးကွာသွားသော တာတေကြီး၏ ရင်ထဲသို့လည်း ထိုအသံများက မြားအစင်း ပေါင်းများစွာ ထိုးစိုက်နေသလို အခံရခက်သောဝေဒနာဖြင့် တွယ်ငြိပါလာဆဲသာဖြစ်၏။





"ငါ့အပေါ်ထားတဲ့ အမုန်းမီးတွေကို
အများကြီးတော့ကျေကျေလောင်အောင် လုပ်ပေးပါ၊
ပြီးရင်နင့်အပေါ်မှာတွက် လက်စားချေပါ၊
ငါ့မှာရှိတော့ရင်သာ အချစ်မီးတွေကြောင့်သာလိုက်ပါ
မြကြာညို"



www.burmeseclassic.com

## ဇာတ်သိမ်း

ကျော်ခေါင်သည် မုဆိုးကြီးအား ပြောပြလိုက်သည့် တာတေကြီး၏ဘဝဇာတ်ကြောင်းပြီးဆုံးလျှင် ခရီးဝေးမှ ပြေးလွှားလာရသူလို မောပှိုက်မှုအပြည့်နှင့် သက်ပြင်းချလိုက်၏။

မုဆိုးကြီးသည် စိတ်ဝင်တစားနားထောင်ကာ ဝါးဆေးတံကို မီးညှိဖွာရှိုက်ပြီး

"မင်းနဲ့ တာတေကြီးဟာ တစ်ယောက်ထဲပေါ့၊ မြကြည်ညိုဆိုတဲ့ မိန်းကလေးနဲ့ မင်းရဲ့အဖြစ်ကလည်း ဇာတ်သိမ်းမလှခဲ့ပါလား၊ မိန်းကလေးက မင်းကို





ငယ်စဉ်ကတွေ့ခဲ့တဲ့ ကျော်ခေါင်ဆိုတဲ့ ကောင်လေးမှန်း မသိဘူးပေါ့၊ မင်းတို့ရဲ့တော်လှန်ရေးအခြေအနေက ဘယ်လိုလဲ၊ မင်းက စပိုင်တစ်ယောက်မဟုတ်လား၊ ဘာကြောင့် ဒီမှာလာပြီး အိမ်ကလေးတစ်လုံးဆောက်ပြီး တစ်ကိုယ်တည်းနေထိုင်ခဲ့တာလဲ"

ဟု မေးခွန်းများကို အဆက်မပြတ်မေးမြန်းလေ၏။ ထိုအခါ ကျော်ခေါင်က

"တော်လှန်ရေးက မပြီးဆုံးသေးဘူး၊ ကျုပ်ဟာ စပိုင်တစ်ယောက်အနေနဲ့ ကျရာတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ခဲ့ပြီးပါပြီ၊ ကျုပ်ရဲ့ စပိုင်ဇာတ်လမ်းဟာလည်း ပြီးဆုံးသွားပါပြီ၊ ဒါပေမဲ့ ကျုပ်နေထိုင်တဲ့ အိမ်ကြီးကတော့ တော်လှန်ရေးတပ်သားတွေအတွက် လျှို့ဝှက်စခန်းတစ်ခုအဖြစ် ရှိနေတုန်းပါပဲ၊ ဒါပေမဲ့ ကျုပ်ဟာ တစ်စုံတစ်ယောက်အပေါ်မှာ တာဝန်မကျေဘူးလို့ စိတ်ထဲမှာအမြဲစွဲပြီး အပြစ်ရှိသလို ခံစားခဲ့ရတယ်၊ အဲဒါက မြကြည်ညိုရဲ့ အမုန်းတရားကို ချေဖျက်ပေးဖို့ပါပဲ၊ အဲဒီအမုန်းတရားကို ချေဖျက်ဖို့ဆိုတာကလည်း ကျုပ် လူ့လောကကြီးက ထွက်ခွာပေးမှ ဖြစ်မယ်၊ မိန်းကလေးရဲ့အငြိုးအမျက်ဟာ ကျုပ်သေတာ



www.burmeseclassic.com

www.burmeseclassic.com



တောင် ပျောက်ပျက်ချင်မှ ပျောက်ပျက်မှာပါ၊ ဒါပေမဲ့ ကျုပ်အတွက် အဆုံးစွန်လုပ်ပေးနိုင်တာ အသက်စွန့်ဖို့ကလွဲပြီး ရွေးချယ်စရာမရှိတော့ပါဘူး၊ ကျုပ်နောက်ဆုံး စဉ်းစားမိတာကတော့ ကျုပ်အတွက် ရှင်သန်နေရတဲ့ တစ်ရက်တိုင်းဟာ မြကြာညိုအတွက် နာကြည်းမှန်းတီးမှု တစ်ထစ်ပိုတိုးလာဖို့ပဲရှိတယ်၊ ဒါကြောင့် ကျုပ်ကို ရှုးမိုက်သူလို့ပဲပြောပြော၊ တိုင်းပြည်အပေါ် တာဝန်မကျေသူလို့ပဲဆိုဆို၊ တော်လှန်ရေးကို ကျောခိုင်းခဲ့တယ်၊ ပြီးတော့ ဒီနေရာကလေးမှာ ကျုပ်ရဲ့စိတ်ကူးယဉ်အိပ်မက်ကို အကောင်အထည်ဖော်ဖို့ ကြံစည်တယ်၊ ကျုပ် ယခု ပြုပြင်တည်ဆောက်ထားခဲ့တဲ့ အိမ်ကလေးနဲ့ ပတ်ဝန်းကျင်ဟာ မြကြာညို ပျော်ရွှင်ချမ်းမြေ့မှုအပြည့်နဲ့ ကလေးဘဝကတည်းကနေထိုင်ခဲ့တဲ့ နေရာနဲ့တူညီအောင် ပြုလုပ်ထားတာပဲ၊ အဲဒီနေရာမှာ မြကြာညိုရဲ့ ဘဝကို ပျက်စီးအောင် ပြုလုပ်ခဲ့တဲ့အတွက် အဲဒီလိုနေရာမျိုးမှာ သူကိုယ်တိုင် ကျုပ်ရဲ့အသက်ကို ချွေယူနိုင်ဖို့ သူ့ရဲ့ စိတ်ကျေနပ်မှုရအောင် လုပ်ထားတာပါ၊ ကျုပ် မြကြာညိုဆီကို မကြာခင်က အကြောင်းကြားထား





တယ်၊ သူ့အနေနဲ့ အမြန်ရောက်လာတော့မှာပါ၊ အဲဒီအခါမှာ ကျုပ်ဟာလောကကြီးထဲက ပျော်ပျော်ကြီး ထွက်ခွာသွားတော့မယ်"

ဟု ပြောလေ၏။

မုဆိုးကြီးက ကျော်ခေါင်ကို နားမလည်ဟန်ဖြင့်ကြည့်၍

"မင်းရဲ့လုပ်ရပ်တွေဟာ ရူးသွပ်နေတဲ့သူတွေရဲ့ လုပ်ရပ်မျိုးပဲ၊ အဓိပ္ပာယ်မရှိဘူးလို့ ငါထင်တယ်၊ ဘာကြောင့် မင်းအဲဒီလိုအတွေးမျိုးတွေ တွေးရတာလဲ"

ဟု ဆိုလိုက်ရာ ကျော်ခေါင်က ဟက်ခနဲရယ်၍

"ဘာကြောင့်လဲဆိုတော့ ကျုပ်က သူ့ကိုချစ်မိလို့ဗျ၊ ကျုပ်ကို သူ ပြန်ပြီးမချစ်နိုင်ရင်နေပါစေ၊ သူ့ရဲ့ အမုန်းကိုတော့ မခံချင်ဘူး၊ ဒါကြောင့် သူ့ရဲ့အမုန်းတွေ တတ်နိုင်သလောက် ပြေပျောက်အောင်လုပ်ဖို့ ကြိုးစားတာပဲ"

ဟု ပြောလေတော့၏။ မုဆိုးကြီးသည် ကျော်ခေါင်အား မည်သို့မျှ နားချ၍ မရနိုင် မှန်းသိ၏။

ထို့ကြောင့်ပင် စိတ်မကောင်းခြင်းကြီးစွာနှင့် ပြန်သွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကျော်ခေါင်မျှော်လင့်သည့်နေ့ရက်သို့ ရောက်ရှိလာ၏။ ကျော်ခေါင်သည် ထိုရက်မတိုင်မီနေ့စဉ်တိုင်းပင် တံတားဖြူထက်၌ အချိန်ပြည့်ရှိနေတတ်၏။ တံတားဖြူတွင် ကြေးဝါပြား၌

*"မရောက်နိုင်တော့တဲ့ လမ်းအတွက် ဒီတံတားဖြူကလေးရဲ့ တစ်ဝက်တစ်ပျက်ပုံသဏ္ဌာန်က အဓိပ္ပါယ်ပြည့်ဝတဲ့ သင်္ကေတတစ်ခုပါပဲ"*

ဟူ၍ ရေးထိုးထား၏။ ကျော်ခေါင်က ထိုစာပိုဒ်အား မကြာခဏ ဖတ်ရှုပြီး

*"ငါ့အတွက် လိုအပ်တဲ့အချစ်ဆိုတဲ့အရာလည်း ဘယ်တော့မှဖြစ်ပေါ်လာတော့မှာမဟုတ်ဘူး၊ ငါ့ရဲ့*





*အချစ်ခရီးလမ်းဟာလည်း တစ်ဝက်တစ်ပျက်မှာတင် ပြီးဆုံးခဲ့ပြီးပဲ"*

ဟု ရေရွတ်နေတတ်၏။

ထိုနေ့က ကောင်းကင်ပြင်တွင် တိမ်မည်းညိုတို့ကအုပ်ဆိုင်းနေလေ၏။

အနက်ရောင် ပိုးသားပျော့ဝတ်စုံကို ဝတ်ဆင်ထားသော မြကြာညိုသည်လည်း နှင်းဆီရိုင်းပင်များနှင့်အမိုးချွန်အိမ်ကလေး နံဘေးမှ တံတားဖြူသို့ ဦးတည်လာနေ၏။

တံတားဖြူထက်မှ ကျော်ခေါင်သည် မြကြာညိုအား ရုတ်တရက် ပျောက်ကွယ်သွားမည်ကို စိုးသည့်ဟန်နှင့် စူးစိုက်ကြည့်ရှုနေ၏။

မြကြာညိုသည် ကျော်ခေါင်နှင့်မျက်နှာချင်းဆိုင်လိုက်၏။ သူတို့နှစ်ဦးမည်သည့်စကားမျှမဆိုဘဲ အတန်ကြာမျှ ငြိမ်သက်နေကြ၏။

ထို့နောက် ကျော်ခေါင်က အသင့်ရှိနေသော လက်တွင်းမှ အရာကို မြကြာညိုအားလှမ်းပေးကာ

*"ဟောဒီမှာ ကျည်အသင့်ဖြည့်ပြီးသားသေနတ်၊ မောင်းကိုလည်း တင်ထားတယ်၊ ကျုပ်ရဲ့နဖူးတည့်တည့်မှာ ပြောင်းဝကိုထားပါ၊ မင်းရဲ့ လှပနူးညံ့တဲ့ လက်ချောင်းကလေးကို ခလုတ်ပေါ်တင်ပြီး နည်းနည်းကလေးအားစိုက်ဆွဲလိုက်တာနဲ့ မင်းအမုန်းဆုံး လူ*



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဟာ ဒီကမ္ဘာကြီးထဲက စပ္ပာန့်ပိုင်းအတွင်း ပျောက်ကွယ်သွားလိမ့်မယ်၊ ကျုပ်မသေခင်တစ်ခုတော့ တောင်းဆိုချင်တယ် 'မြကြာညို'၊ အဲဒါက ကျုပ်ဆီမှာ အနှစ်နှစ်အလလက သိမ်းဆည်းထားခဲ့တဲ့ မြကြာညိုရဲ့ အမြစ်နီးဆုံးပန္နည်းကလေးတစ်ခုကို ကျုပ်ပေးခဲ့ပါရစေ၊ မင်းလက်ခံလိမ့်မယ်လို့ ထင်ပါတယ်''

ဟု ပြောလေ၏။

မြကြာညိုသည် အမုန်းတရားအပြည့်ရှိနေသော မျက်ဝန်းအစုံနှင့် ကျော်ခေါင်အားကြည့်ရှုကာ နှုတ်ခမ်းကိုကိုက်၍ သေနတ်ကို ဆတ်ခနဲ ဆွဲယူလေ၏။

ထိုအခိုက် ကျော်ခေါင်၏ ကျန်လက်တစ်ဖက်မှ အရာတစ်ခုထံ မြကြာညို၏အကြည့်တွေက ရွေ့လျားသွား၏။ မြကြာညို၏မျက်ဝန်းမှ အမုန်းတို့ကချက်ချင်းပင်လွင့်ပြယ်ကာအံ့သြတွေဝေမှုတို့ဖြစ်ပေါ်သွား၏။

သေနတ်မောင်းခလုတ်ကို ဆွဲ၍ကျွေးညွှတ်တော့မည့် လက်ညှိုးကလည်း ရပ်တန့်သွား၏။ သူမသည် ရုတ်ခြည်းပင် ဖြစ်ပေါ်လာသော အတွေးပဟေဠိတို့ကြောင့် နှုတ်မှ

''ဒါ... ဒါ... ပစ်တိုင်းထောင်ရုပ်ကလေးပဲ ဒီပစ်တိုင်းထောင်ရုပ်ဟာ...''

ဟု တီးတိုးရေရွတ်လေရာ ကျော်ခေါင်က လက်ကာပြ၍ မှိန်းညို့





သောကောင်းကင်ကို အဓိပ္ပါယ်မဲ့ စူးစိုက်ကြည့်ပြီး

''ခင်ဗျားကိုယ်တိုင် ကျုပ်ကို တစ်ချိန်ကပေးခဲ့တာပဲ''

ဟု ဆိုလေ၏။

မြကြာညိုသည် ပါးစပ်ကလေးအဟောင်းသားနှင့် ကျော်ခေါင်အားစူးစိုက်ကြည့်ပြီး

''နင်... ကျော်ခေါင်ပေါ့၊ ကျော်ခေါင်က ငါ့အဖေကိုသတ်တဲ့ တာတေကြီးပေါ့''

ဟု ပြောကာ ခေါင်းကဆတ်ခနဲ ငုံ့သွား၏။

ကျော်ခေါင်သည် မြကြာညို၏ မျက်နှာကိုမမြင်ရသော်လည်း မျက်ရည်ပေါက်များကျဆင်းသွားသည်ကိုမူကောင်းစွာတွေ့လိုက်ရ၏။

သူမ၏လက်အတွင်း၌ သေနတ်ကို ဆုပ်ကိုင်ထားသည်ရှိ၏။

ကျော်ခေါင်က မြကြာညို၏အနီးသို့ တိုးကပ်၍

''ငါ့ကို သေဆုံးအောင်လုပ်ဖို့ နင့်အတွက် အပန်းမကြီးပါဘူး၊ ငါ့အပေါ်ထားတဲ့ အမုန်းမီးတွေကို အများကြီးတောက်လောင်အောင် လုပ်စမ်းပါ၊ ပြီးရင် နင့်အဖေအတွက် လက်စားချေပါ၊ ငါမရှိတော့ရင်သာ အဲဒီမီးတွေကို ငြိမ်းသတ်လိုက်ပါ မြကြာညို''

ဟု ပြောလိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com



မြကြာညို၏ လက်တွင်းမှ သေနတ်က မြေပေါ်သို့ကျသွား၏။

သူမအတွက် တစ်ဘက်စီ လွန်ဆွဲနေသည့် တွေဝေမှုတို့ကြောင့် ရင်ထဲမှတင်းကျပ်မှုနှင့်အတူ ထိုနေရာမှာ တသိမ့်သိမ့်ငိုရှိုက်ရင်း ပြေးထွက်သွားတော့၏။

သို့သော် မြကြာညိုသည် နှင်းဆီရိုင်းပင်များအနီးသို့ရောက်လျှင် တစ်စုံတစ်ရာက ဆွဲယူလိုက်သလို တုန့်ခနဲရပ်တန့်သွား၏။

ကျော်ခေါင်သည် မြကြာညို၏လှုပ်ရှားမှုကို မျက်တောင် မခတ်တမ်း ကြည့်ရှုနေ၏။

အချိန်အတန်ကြာလျှင် သူမ၏မျက်နှာက ကျော်ခေါင့်ဘက်သို့ လှည့်လာ၏။

ပြီးလျှင် မျက်နှာမူရာသို့ ခြေလှမ်းပြင်၏။

ကျော်ခေါင်သည် ရင်ထဲတွင်လစ်ဟာသွားသော ခံစားမှုက ချက်ခြင်းပင် ပျောက်ကွယ်သွားကာ သူ့အတွက် တစ်စုံတစ်ရာသော အဖြေကို သိရှိနေသည့်အလား နှစ်နှစ်မြိုက်မြိုက်ပြုံးလိုက်လေတော့၏။

*ဘာမျှမရှိခြင်းဟာပြီးပြည့်စုံခြင်းပါပဲ*

*မင်းသွေးသစ္စာ*



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

